www.burmeseclassic.com

# ငါ...ဘယ်သူ့ချစ်မိလဲ အခုထိမသိပါ



www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို မိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# ဝဝ ဒနုင်းခ

# ငါဘယ်သူ့ချစ်မိလဲ အခုထိ မသိပါ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၆၆၁၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၃၇၉၁၂၁၁

အကြိမ် - ပထမအကြိမ်၊
၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
ဒီနိုင်းခ
ငါ ဘယ်သူ့ချစ်မိလဲ အခုထိ မသိပါ/ ဒီနိုင်းခ၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၁။
၂၄၀ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ငါ ဘယ်သူ့ချစ်မိလဲ အခုထိ မသိပါ




အချစ်က အဖြူ အပြာ အနီ အဝါ ကလိကမာ (ကုလီကမာ)
ကကျိုးကကြောင်နဲ့ ကိုဗိုးတော် ပြောသလိုပဲ ...
မပြောပြောသာမှာ သရိုလာမနေသလိုပဲတဲ့ ...။
ဖြင့်ရပေမယ့် အရင်သူတွေကလို ကြောက်လို့ကောင်းတုန်း။
အချစ်ကလည်း အဲလိုပါပဲ ...
ငါ ဘယ်သူ့ချစ်မိလဲ အခုထိ မသိပါ ...။

www.burmeseclassic.com

www.burmeseclassic.com



**အ**ချစ်ဆိုတဲ့ စကားလုံးက အံ့သြဖို့ကောင်းတယ်။ ဆန်းကြယ်တယ်။ စွမ်းအားရှိတယ်လို့ ကျွန်တော် ထင်တယ်။ ဘယ်သူက ဘယ်လိုထွင်လိုက်မှန်းမသိတဲ့ 'အချစ်' ဆိုတဲ့ စကားက လူတစ်ယောက်ကို အုတ်ကြားမြက်ပေါက်ဘဝဖြစ်အောင်လည်း စွမ်းဆောင်နိုင်တယ်။

နှာခေါင်းထဲ နဖားကြိုးထိုးပြီး 'ဝမ်းဘဲ' လို့ အော်ချင်အောင်လည်း လုပ်နိုင်ပါတယ်။ တစ်ခါက လမ်းပေါ်မှာ မုတ်ဆိတ်ဖြူ အဘိုးအိုတစ်ယောက်နဲ့ ဆုံခဲ့ရဖူးသည်။

ဘယ်ရယ် ညာရယ် .. အဲ .. ဘာရယ်ညာရယ် မဟုတ်ပါဘူး။ နေပူလို့ အရိပ်ခိုရင်း အဘိုးအိုကလည်း သူ့လို အရိပ်ခိုနေပုံရတယ်။ (မှတ်ချက် .. အရိပ်ဆိုတာကြီးကို ခိုစီးနေတာ မဟုတ်ပါ၊ အရိပ်ဆိုတာကို နေစာလှုံသလို လှုံတဲ့သဘောပေါ့။)





ပုံပြင်ထဲကလို အဘိုးအိုလက်ထဲမှာ တယောတစ်လက် မရှိပါ။ ဒါပေမယ့် မုတ်ဆိတ်ဖြူအဘိုးအိုကြီးရဲ့လက်ထဲမှာ ဂစ်တာတစ်လက်က ထူးထူးဆန်းဆန်း ရှိနေပါတယ်။

နောက် မေးကြည့်တော့မှ အဘိုးအိုကြီးက သူ့မြေးအတွက် ဂစ်တာဝယ်လာတာပါတဲ့။ ထူးတော့ မထူးဆန်းပေမယ့် အဘိုးအို ပြောတဲ့စကားက ထူးဆန်းတယ်။

ဘာတဲ့ သြော် .. သဲတစ်ဆုပ်ကိုင်နိုင်ရုံနဲ့ လူဟာ (ဟိုစိတ်) ရှိတယ်တဲ့။ တစ်မျိုးတော့မထင်ပါနဲ့ဗျာ .. အချစ်စိတ်ကို ပြောတာပါ။

လက်ရေးမလှလို့ လက်ရေးလှအောင် သင်လို့ရမယ်။ မချစ်တတ်သူကို ချစ်တတ်အောင် သင်လို့ရမယ် ထင်လား ..၊ အဲဒါတော့ ကျွန်တော်လည်း မသိပါဘူး။

မိုးရွာအောင် လွှန်ဆွဲကြတယ်။ အချစ် ရင်ထဲဝင်လာအောင် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်ပြီး လွှန်ဆွဲသလိုဆွဲရင်လည်း လျှာထွက်ပြီး သေတာတောင် 'ကြည့်ပါလား၊ အချစ်ကို သေတာတောင် လှောင်ပြုံးလေးနဲ့' လို့ ပြောကြမှာလေ။ (လူဆိုတာ ဝေဖန်ရေးသမားပဲလေ) အမှန်တော့ အတင်း။

ဝေဖန်ကဲ့ရဲ့မှုအစုစုနဲ့ အချစ်ခမျာ သနားစရာပါ။ အဓိကလေတော့ ဝတ္ထုရေးသူတွေ၊ သီချင်းရေးသမားတွေ၊ ဟိုဇာတ်ညွှန်းသမားတွေဆို အဆိုးဆုံးပဲ။

www.burmeseclassic.com

www.burmeseclassic.com



နုတ်လိုက်၊ လှီးလိုက်၊ ဖြတ်လိုက်၊ ပိုထည့်လိုက်နဲ့။ ဇာတ်လမ်းကို ပြောတာပါ။

ကဲ ... ကျွန်တော်နဲ့ အချစ်အကြောင်းကို ရင်ထုပြီး နာရအောင်၊ အခုလို ပြောကြားခြင်းဖြင့် ...၊ ကျေးဇူးတင်ထိုက်သူများကို ကျေးဇူးတင်ရင်းဖြင့် ...

စမူဆာများ .. အဲလေ ... စပွန်ဆာများဖြစ်ကြတဲ့ ကျွန်တော့်ရဲ့ အချစ်လေ့ကျင့်ဖော်များနဲ့အတူ ကျွန်တော့်ရဲ့ မိဘနှစ်ပါးကို ဒီနေရာက လက်အုပ်ချီပြီး ကန်တော့ရင်း ပြောကြားလိုပါတယ်။

လိုအပ်ရင် လက်ခုပ်တီးပေးကြပါ ...။





"ကဲ .. မင်း ဘာလုပ်မှာလဲ မင်းဆက် .."

ဦးလင်းထွန်းက ကုမ္ပဏီသွားခါနီး အိတ်ကို စားပွဲပေါ် ချရင်း ပြောတော့ ကျွန်တော်က ဒီအပတ် ပွဲကြီးပွဲကောင်းတွေကို ရွေးဖတ်နေရာမှ ...

"မန်ယူပဲ ကျိန်းသေတယ် ဒယ်ဒယ် .."

"ဟောကောင် .. ခွီးမှပဲ၊ မင်းကို အဲဒါမေးတာ မဟုတ်ဘူး"

ဖေဖေ့ဒေါသကြောင့် ကျွန်တော် စပ်ဖြဲဖြဲနဲ့ အားကစားဂျာနယ်ကို ပိတ်ပြီး ...

"စတာပါ ဖေဖေ ဒယ်ဒယ့်ကလဲ ...၊ ဘာလုပ်မှာလဲ .. အောင်စာရင်းထွက်ရင် ဖေဖေ့ကုမ္ပဏီမှာ ဖေဖေ့အထက်အရာရှိ ဝင်လုပ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင် .. မင်းကိုပဲ အရကတည်းက လေးလေးစားစား ဆက်ဆံရမှာလား"

ကျွန်တော်က တဟဲဟဲ..။

"ဒီသားအဖတွေ ဘာဖြစ်နေတာလဲ"

မေမေက ထမင်းဘူးထည့်ထားတဲ့ခြင်းကို ဘာတွေလိုအပ်သေးလဲ ကြည့်နေတော့ ...

"မေမေက ကျောင်းမှာ စာသင်မှာလား၊ ရိုက်ကွင်းသွားမှာလား"

မေမေက အထက်တန်းပြဆရာမ၊ ဖေဖေက မေမေ့ကို ကျောင်းလိုက်ပို့ပြီး သူ့ကုမ္ပဏီကို သွားနေကျ။ မေမေ့ရဲ့ ဖယ်ရီဒရိုင်ဘာဆိုလည်း မမှားပါဘူး။

"ဟဲ့ .. ကျုပ်က ဘာဖြစ်နေလို့လဲ"

ကျွန်တော် မေမေ့ကို တမင်စ,ချင်နေတာကြောင့် ...

"ဪ .. ခြင်းထဲမှာ ထမင်းဘူး ရေဘူး နေ့လယ်စာ လက်ဖက်ထီး .. ဟိုလေ .. ဝတ္ထုစာအုပ်ဖြစ်ဖြစ်၊ အိမ်က အပေါ်စက် အောက်စက်ဖြစ်ဖြစ် မ,သွားပါလား။ လိုအပ်ရင် အိမ်က Skynet ပါ သားသယ်ပေးရမလား"

"ဒီခွေးလေးကတော့လေ .."

မေမေက ကျွန်တော် ဧ,မှန်းသိတော့ ရယ်နေပါသည်။ မရယ်သူက ဖေဖေ၊ ငိုနေတာတော့ မဟုတ်ပါ။





ရှုတင်းတင်းဆိုတဲ့ စကားအတိုင်းပေါ့။

"ဟော့ကောင် .. စကားရောဖောရော လုပ်မနေနဲ့ မင်း ငါ မေးတာ ဖြေဦး"

"ဟာ!... ဘာကိုလဲ ဖေဖေရာ .."

ကျွန်တော် ခတ်ပြာပြာဟောင်းကြီး လာတော့မှာကို ကြိုသိနေပါသည်။

"မင်း အိမ်ထောင်မပြုတော့ဘူးလားလို့ .."

"ဘာဖြစ်လို့လဲ ဖေဖေ၊ ဘာလဲ .. သားမပြုရင် အဖေ ထပ်ပြုမလို့လား"

ကျွန်တော့်စကားကြောင့် ဖေဖေ အထိတ်တလန့်နဲ့ မေမေ့ကို ကြည့်ရင်း ...

"ဟာ!... ဒီကောင်တော့ .. ငါ့ဘက် မြားဦးလှည့်နေပြန်ပါပြီ"

မေမေက ဖေဖေ့ကို မျက်စောင်းထိုးရင်း ...

"ရှင်ကလည်း ပြောမယ့်အရေးကို ကုမ္ပဏီအစည်းအဝေး ကျနေတာပဲ၊ အမှတ်စဉ်တွေ ရွတ်နေတယ်၊ ဒီမယ် သား .. မင်း အိမ်ထောင်ပြုဖို့ စဉ်းစားတော့၊ ဟိုတစ်ခါ မေမေနဲ့ပြောထားတဲ့ ကောင်မလေးကို သွားကြည့်လိုက် .."

ကျွန်တော်ကလည်း ခပ်တည်တည်ပါပဲ။

"သူတို့က ဈေး ဘယ်လောက်ခေါ်ထားလို့လဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း လှစ်ခနဲ ပြုံးသည်။

"ထောင့်ငါးရာဈေးတည့်ရင် မင်း သိမ်းပြီး အိမ်ကိုယူခဲ့ .."

မေမေက မခေထဲက အမျိုးအစားမျိုး ..၊

ကျွန်တော် စက်ပုပြီး ...

"တည့်မယ် မထင်ပါဘူး မေမေရာ .."

"တည့်ချင်ရင် ရန်မဖြစ်နဲ့လေ၊ ကဲ .. မင်းဆက် .. သွားမကြည့်ရသေးဘူး၊ ဘာဖြစ်တယ် ညာဖြစ်တယ် ပြောမနေနဲ့၊ သွားကြည့်လိုက်၊ မင်း ထောင့်ငါးရာနဲ့ဝယ်မှာ ကျိန်းသေတယ်"

"ဟာ .. ညွှန်းလှချည်လား မိန်းမရ၊ ဘယ်သူမို့လို့လဲ"

ဖေဖေက မျက်စုံးပင့်ပြီးပြောတော့ မေမေက သူ့ယောကျ်ားကို ကျောင်းက ကလေးတစ်ယောက်လို အပြုံးအေးအေးနဲ့ကြည့်ပြီး ..

"နုရီ သမီးလေ၊ ဟိုတစ်နေ့က ကျောင်းမှာ သူ့အမေလိုက်ပို့ရင်း ရှင်တွေ့ခဲ့တဲ့ ကလေးမလေ"

"ဟာ .. ဖေဖေ သဘောကျနေမှဖြင့် သားက ယူလို့ကောင်းပါ့မလား"

စကားစောင်မဆုံးလိုက်ရ..၊ ဖေဖေက ကျွန်တော့်စက်ပိုးကို အုပ်ရင်း ..

"ခွေးကောင် .. မင်းကို တစ်ကောင်တည်းမွေးထားလို့ပဲ၊ မင်းလို ကောင်မျိုး တစ်ရှည်းသာ မွေးထားလို့ကတော့ သွားပြီ"





"ကဲ .. ကိုလင်းထွန်း .. ရှင်ပြောမှပဲ ကျုပ်တို့အားလုံးလည်း အူရမလို၊ နဖားကြိုးထိုးခံရမလို ဖြစ်နေပြီ၊ ကဲ .. ကဲ .. ကျောင်း နောက်ကျတော့မယ်၊ ဟဲ့ .. ကောင်လေး .. သွားကြည့်နော်၊ သူ့ရဲ့လိပ်စာ မေမေ့စာအုပ်ထဲမှာ ရှိတယ်"

နားပူသက်သာအောင် သူ ခေါင်းညိတ်လိုက်တော့ မေမေနဲ့ ဖေဖေက မကြည်ကြည့်နဲ့ ကြည့်သွားကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ!... နာမည်ကြီးကလည်းကွာ .. ပေါက်ပေါက်ရှာရှာ မှည့်ရတယ်လို့ ဘယ်လို .. ရွှေပြည်သာ .."

"ဟာဗျာ .. ရွှေရွက်ဝါပါဗျ၊ ဘယ်က ရွှေပြည်သာရမှာလဲ"

ကျွန်တော့်စကားကြောင့် ကျွန်တော်နဲ့အတူ ပလက်ဖောင်းပေါ်မှာ ပစ္စည်းတွေကို နေရာချပေးနေတဲ့ ကိုဖိုးထောင်က ရယ်သည်။

ကိုဖိုးထောင်က လမ်းဘေးဈေးသည်၊ ဘွဲ့ရပြီးသားပေမယ့် အကြောင်းကြောင်းကြောင့် အခုလို ဈေးရောင်းနေတာပါ။

"ဒီတစ်ခေါက် လက်ကိုင်ပဝါ သီးသန့်ပါလား ကိုဖိုးထောင်"

"အေးကွ၊ ဒီကောင်တွေပေါ်တာနဲ့ မဆိုးဘူးဆိုပြီး ဒါတွေ မ,လာတာ၊ ဒါနဲ့ အောင်ကြီးနဲ့ ဇော်ညိမ်းရော ..."

ကိုဖိုးထောင်စကားကြောင့် ကျွန်တော် ရယ်မိသည်။

"ခင်ဗျားကလည်း .. အောင်ညိမ်းနဲ့ ဇော်ကြီးပါဗျ"





"အေးကွာ .. ဒီနှစ်ကောင်နာမည် ခဏခဏ မှားတယ်၊ ဘယ်ရောက်နေတာလဲ"

"ဘယ်ဈေးဆာကာလှည့်ပြီး နှာမွှန်နေလဲမှ မသိတာ၊ လာမှာပါ"

ဈေးဝယ်သူ ရောက်လာတာကြောင့် ကိုဖိုးထောင်က ဈေးစကားပြောသည်။

"ကြိုက်တာယူ .. သုံးရာတည်း ညီမလေး၊ အပျင်းပြေစားတဲ့ နေကြာစေ့တစ်ထုပ်စာပဲ ရှိတယ် ညီမ၊ နေကြာစေ့က စားပြီး အခွံကို လွှင့်ပစ်ရုံပဲ၊ အဲဒီအခွံတွေကြောင့် ကမ္ဘာကြီး ညစ်ပတ် ခဏခဏ ဆိုးနေတာ၊ ညီမလည်း အသိပဲ၊ လက်ကိုင်ပဝါကတော့ သုံးရာတည်းနဲ့ ချွေးခဏခဏ သုတ်လို့ရတယ်"

ကောင်မလေးက ပြုံးပြီး ...

"နှစ်ထည် ငါးရာ ထားလိုက်..၊ တစ်ရာပြန်အမ်းဖို့ မရှိလို့နော် အစ်ကို"

"ဒါဗျား ညီမရယ်၊ ညီမလေးမှာ အကြွေတစ်ရာမရှိဘူး၊ အစ်ကို့မှာ အကြွေတစ်ရာ ပိုနေတယ်၊ ဒီတော့ ငါ့ညီမက သုံးထည် ယူသွား၊ တစ်ထောင်ပေး၊ အစ်ကိုက တစ်ရာပြန်အမ်းမယ်"

ကောင်မလေးက သဘောကျစွာရယ်သည်။ တကယ်လည်း ယူသွားပါသည်။

"ဒါနဲ့ လှလား ကိုဆက် .."



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးထောင် စကားကြောင့် …

"လှတာပေါ့ဗျာ၊ ဒီနိုင်းဆန်းတယ်နော်"

"ဒါများကွာ .. မင်းက ကြွေး(ကိုး) များနေသေးတယ်"

ကိုဖိုးထောင် စကားကြောင့် ကျွန်တော် မျက်မှောင်ကြုတ်ရင်း…

"နေပါဦး .. ခင်ဗျားက ဘာကိုပြောတာလဲ"

"နေပါတယ်၊ မင်းကရော .. ဘာကိုပြောတာလဲ"

"လက်ကိုင်ပဝါကို မဟုတ်ဘူးလား"

ကိုဖိုးထောင်က သူ့နဖူး သူရိုက်ကာ ..

"မြင်ကိုက်လို့လား .."

"ဟာ!… ဘယ်ကလာ .. တလွဲစကားကြောင့်ဟ၊ ငါပြောတာက မင်းအမေပြောတဲ့ ရွှေမြည်သာ .."

"ရွှေရွက်ဝါ ပါဗျာ .."

"အေး .. ထားပါတော့ကွာ၊ ငါ မေးတာ အဲဒါကိုကွ"

ကျွန်တော်က ရယ်ရင်း ..

"မသိဘူးလေဗျာ၊ သွားမကြည့်ချင်ပါဘူးဗျာ"

"ဘာဖြစ်လို့ .."

"လှလည်း ကျွန်တော် ချစ်မယ် မထင်ပါဘူး"

"ဘာဖြစ်လို့လဲ၊ ပြောပါဦး"

"ကျွန်တော်မှ မချစ်တတ်တာ .."





ကိုဖိုးထောင်က အပြုံးနဲ့ ခေါင်းတညိတ်ညိတ် ..။

"စကားကို အကုန်မပြောရဆိုသလို တံခါးကိုလည်း အကုန်မဖွင့်ရဘူး ကိုဆက် .."

"အစားကို ပြောစမ်းပါဗျာ .."

ကိုဖိုးထောင်က ဆေးလိပ် မီးညှိလိုက်လေသည်။

"ငါ့အမိပွာယ်နဲ့ ငါပါကွာ၊ စကားအကုန်ပြောပြီးမှ စကားထဲက အတိုင်းမဟုတ်ရင် မင်း သောက်ပေါကြီး ဖြစ်သွားမှာပေါ့"

ကျွန်တော် မျက်နှာရှုံ့မဲ့မိသည်။

"အေး .. တံခါးကို အကုန်မဖွင့်ရဘူးဆိုတာက တံခါးအပြင်က လူက ဘာမှန်းမသိလို့ လှေလာရုံလောက် နည်းနည်းလေးဟပြီး ကြည့်ရတယ်ကွ"

"ဘာတွေ ဟ,နေတာလဲဗျ၊ လုံအောင်ဖုံးထားစေ"

နားစွန်နားဖျားကြားပြီး ပြောဝင်လာတဲ့ အောင်ညီမိး စကားကြောင့် ကိုဖိုးထောင်က …

"မင်းအစ်မ ဟ,နေလို့တဲ့"

"ဘာဗျ .."

"မေးဟာတယ် ပြောပါတယ်"

"တော်သေးတာပေါ့ဗျာ"

"ကဲ .. ဘယ်နေရာသွား၊ ဘယ်လို ကြောင်လာသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖော်ကြီးက အောင်ညီမိမ်းဘေးမှာ ဝင်ထိုင်ရင်း ...

"ပလာဇာမှာ ပလာတာ သွားစားတာပါဗျာ၊ ဒါပေမယ့် ဘာညာ ဘာညာလေးတွေက လှလို့ မျက်လုံးအားကောင်းအောင် ပါဝါတင် လာတာ .."

"နာဗူး .."

ကိုဖိုးထောင် စကားကြောင့် မှိုကောင်တွေ မျက်နှာရှုံ့မဲ့သွား ကြပါသည်။





ကျွန်တော်လည်း ဟိုလိုလို ဒီလိုလိုနဲ့ မေ့ချင်ယောင်ဆောင် ထား ရွှေရွက်ဝါကို သွားမတွေ့။ ဖေဖေနဲ့မေမေကလည်း ကျွန်တော်နဲ့ တွေ့ရှိနိုးနည်းတာကြောင့်တစ်ကြောင်း၊ မေ့နေတာလည်းဖြစ်မယ် ထင် ပါတယ်။ အကြောင်းကြောင်းတွေကြောင့် ရွှေရွက်ဝါအကြောင်း မပြော ခဲ့ကြပါ။

ကျွန်တော် အောင်ညီမိမ်းတို့နဲ့အတူ အရည်မရအဖတ်မရ ဖျင်းဖျင်း နဲ့ သမ်းထိပ်က ဆိုက်ကားဂိတ်မှာ စကားပြောဖြစ်ကြပါတယ်။

ဖော်ကြီးက ဆိုက်ကားဆရာ ကိုသိန်းဝင်းနဲ့ သစ်ပင်ရိပ်အောက် မှာ လက်ရည်တစ်ပြင်တည်း ကျားထိုးနေပါသည်။ ကျွန်တော်နဲ့ အောင် ညီမိမ်းက ဆိုက်ကားပေါ်မှာထိုင်ရင်း ဟိုပြောဒီပြောပေါ့။

"မင်း တက်ထိုင်နေတဲ့ဆိုက်ကားက ကိုသောင်းရွှေ ဆိုက်ကား ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး .."

"ကိုသောင်းရွှေလည်း မတွေ့ပါလား ကိုဆက် .."

ကျွန်တော်က မရှိမဲ့ရှိမဲ့ မုတ်ဆိတ်ငုတ်တိုကို ပွတ်ရင်း ...

"ဘယ်တွေ့မလဲ၊ မွေးတော့မယ်လေ"

"ဗုဒ္ဓေါ !.."

အောင်ညိမ်းက ဘုရားတ,တော့ ...

"ဘာဖြစ်လို့လဲ"

"ဟာ .. ယောက်ျားဖြစ်ပြီး ကလေးမွေးရတယ်လို့ နေပူမှာ ဝေါက်သွားအောင် မနောက်ပါနဲ့ကွာ"

"ဟာ .. ဝတုံးရဲ့၊ သူ မွေးမလားဟာ၊ သူ့အိမ်က ခွေးမကြီး ခွေးတော့မယ်ထင်လို့ သွားပြန်ကြည့်တာ .."

"အဲလိုလုပ်စမ်းပါကွာ"

ကျားထိုးနေတဲ့ ဖော်ကြီးက ကျားထိုးနေရာမှ လှမ်းအော်ပါသည်။

"ဘယ်နှစ်နာရီထိုးပြီလဲ အောင်ညိမ်း .."

အောင်ညိမ်းက လှမ်းအော်ပါသည်။

"နေ့ ခေါင်းတည့်တည့်မှာ အရပ်ပုပုကောင်မလေးနဲ့ အရပ်ရှည်ရှည်ကောင်လေး ရင်ချင်းအပ်နေတယ်"

အောင်ညိမ်းစကားကြောင့် ရယ်ကြသည်။ ဖော်ကြီး ကောင်မလေးက အရပ်ပုသလောက် ဒီကောင်က လန်ဘား ...။





"ခွေးကောင် .. ဆယ့်နှစ်နာရီထိုးလို့ ပြောလည်း ရတယ်ဟာ"

ကျွန်တော်ကလည်း လှမ်းအော်သည်။

"ဖော်ကြီး .. မင်းကောင်မလေးကို ကြောက်ရတယ်ဆို"

ကျွန်တော့်စကားကြောင့် ဖော်ကြီးနဲ့အတူ ကျားထိုးနေတဲ့ ကိုသိန်းဝင်းက ...

"ဘယ်လို!.. ဒီကောင်က ကြောက်ရတယ် .. လုပ်စမ်းပါဦး .. ကိုဆက်.."

"ဒီလိုဗျ၊ ဘယ်လောက်ထိ ကြောက်ရသလဲဆိုရင် ဒီကောင် သူ့ကောင်မလေး သဇင်မိုးကို စကားပြောရင် ရိုရိုသေသေ ခေါင်းငုံ့ပြီး ပြောရတာ၊ မေးကြည့်ပါလား ဟုတ်မဟုတ် .."

ကျွန်တော့်စကားကြောင့် အားလုံးက ဝိုင်းရယ်သည်။ ဖော်ကြီးက အနားက ပြောင်းဖူးရိုးနဲ့ လှမ်းပေါက်ရင်း ...

"မင်းတို့နော် ... တဆိတ်ရှိ .. ဒီအရပ်ကလေးပဲ၊ မျက်စောင်းထိုးနေတယ်၊ အေးပေါ့ကွာ .. မင်းမှာက လက်ဆုပ်လက်ကိုင်မှ မရှိဘဲ.."

ကျွန်တော်ကလည်း ချက်ချင်းပင် ...

"အေးပေါ့ကွာ၊ မင်းကောင်မလေးမှာက လက်ဆုပ်လက်ကိုင် ရှိတာကိုး"

"ဟော့ကောင် .. မယုတ်မာနဲ့နော်"

"မင်းလက်မောင်းကို ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ညိမ်းက ကျွန်တော်နဲ့ယှဉ်ရပ်ထားတဲ့ ကိုဝင်းနိုင်ဆိုက်ကား ပေါ်မှာ ထိုင်ရင်း ...

"ကိုဆက် .. စိတ်ပြေလက်ပျောက် ရည်းစားတစ်ယောက် လောက် ထားကြည့်ပါလား"

"ဘယ်လို !.."

ကျွန်တော် မျက်ခုံးမြင့်တက်သွားတော့ အောင်ညိမ်းက ရယ် သည်။

"မင်းမှာ ရည်းစားတစ်ယောက်လောက်ရှိရင် မင်းအိမ်က သဘော တူထားတဲ့ ကျောင်းဆရာမသမီး ဟို .. ရွှေပြည်သာ .."

"ဟေ့ကောင် .. ရွှေရွက်ဝါ .."

ဒီကောင်က သွားဖြဲလေးနဲ့ ရယ်ရင်း ...

"အေးပါ .. မှားသွားလို့ပါ .. ရွှေရွက်ဝါ၊ အဲဒီ ရွှေရွက်ဝါကို မင်း ငြင်းလို့ရတယ်ပေါ့"

ကျွန်တော် ဒီကောင့်စကားကို စဉ်းစားရင်း ...

"အေးကွ၊ ဆိုးတော့ မဆိုးဘူး၊ ရည်းစားထားတဲ့ဖီလင် ငါလည်း ခံစားဖူးချင်နေတာနဲ့ အတော်ပဲ"

ကျွန်တော့်စကားကြောင့် ခပ်လှမ်းလှမ်းက ဆိုက်ကားပေါ်မှာ ရေဒီယိုအသေးစားလေးတစ်လုံးနဲ့ FM နားထောင်နေတဲ့ ဦးသက်ဦး က ပြောသည်။





"ရည်းစားထားတယ်ဆိုတာ အစာကြေတယ်၊ ရင်ချောင်တယ်၊ လေကိုကြေစေ၏တဲ့"

ဦးသက်ဦးရဲ့စကားကြောင့် ကျွန်တော်က လှမ်းပြောသည်။

"ဘယ်ကျမ်းမှာပါလို့လဲ ဦးသက်"

"ငါ့သားကတော့ အိမ်က ကြွမ်းပေါ်မှာပဲ ပါချလိုက်တာပဲ မောင်ဆက်"

ဦးသက် စကားကြောင့် ရယ်မိကြပါသည်။

"အလကား စ,တာပါကွာ၊ ရည်းစားထားတယ်ဆိုတာ ဘာလဲ သိလား"

ကျွန်တော်တို့နှစ်ယောက် ခေါင်းခါမိတော့ ...

"ရည်းစားထားတယ်ဆိုတာ .. အပေါ်မ်း .."

ကျွန်တော်တို့ စိတ်ဝင်တစား နားစွင့်မိတော့ ..

"ရည်းစားထားတယ်ဆိုတာ ရည်းစားထားတာကွ"

"ကောင်းလိုက်တဲ့ အတွေးအခေါ်ပျာ၊ တာကုယ့်ကို ဆာမိပဲ"

"ပညာရှိ လုပ်စမ်းပါကွာ၊ ဆာမိက ကွမ်းရောင်းတာကွ"

"ဦးသက်ကလည်း .. ဆာမိလည်း ဒီလိုပြောတတ်တာပဲလေ"

ကျွန်တော့်အပြောကြောင့် ဦးသက်ဦးက ရယ်ရင်း ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံပါသည်။ ဦးသက်က ဆက်ပြောပါတယ်။ အနှစ်ဆယ် အောက်မေ့ဖွယ်ကဗျာတစ်ခု အနေနဲ့ပေါ့။

www.burmeseclassic.com



"ငါနဲ့ ငါ့မိန်းမ မချစ်နဲ့ ရည်းစားဘဝကဆို သိပ်ပျော်ဖို့ကောင်းမှာ"

အောင်ညိမ်းက မျက်စပစ်ပြရင်း ...

"လုပ်စမ်းပါဦးဗျ ဒေါ်လေးချစ်နဲ့ ဦးလေးသက် ဘယ်လိုရည်းစားဖြစ်ကြတာလဲ .. ပြောပါဦး"

ဦးသက်ရဲ့ မျက်လုံးတွေက အချစ်နဲ့ထိတွေ့မိလို့ ဖလန်းဖလန်းထနေပါသည်။

"ငါငယ်ငယ်က ရန်အောင်နဲ့ အရမ်းတူတာကွ"

"ရန်အောင်လည်း ဦးလေးလို မချောဘူးနော်"

ကျွန်တော့်စကားကြောင့် ဦးလေးသက်က လှမ်းဆဲသည်။

"မချစ်က ဘယ်သူနဲ့တူသလဲဆိုတော့ အဲဒီခေတ်က နိုင်ငံခြားမင်းသမီး ဖိုဘီကိတ်နဲ့ အရမ်းတူတာ .."

"စားကောင်းမှာပဲနော်"

အောင်ညိမ်းစကားကြောင့် ဦးလေးသက် နည်းနည်း တင်းသွားပါသည်။

"ဟေ့ကောင်တွေ .. မနောက်နဲ့နော်၊ ငါ တကယ်ပြောနေတာ."

ကျွန်တော်က စကားစဖြတ်ရပါသည်။

"လူကြီးကို သွားမနောက်ပါနဲ့ကွာ၊ ကဲ .. ပြောပါဦး ဦးသက်၊ ဒေါ်လေးချစ်က ဘတ်ဒါကိတ်နဲ့ တူတယ်"

"ဟေ့ကောင် .. ဖိုဘီကိတ်ပါကွာ၊ ပြောရင်းနဲ့တောင် မေ့သွားပြီ



တစ်နေ့ကွာ .. မချစ်နဲ့ တွေ့မယ့်နေ့ပေါ့၊ ရည်းစား မဖြစ်သေးဘူးနော်၊ သိလည်း မသိကြသေးဘူး၊ ငါ့အသိတစ်ယောက်က အလှူဖိတ်ရော၊ ငါလည်း မသွားလို့မဖြစ်တဲ့အလှူဆိုတော့ အပြတ်ရှိုင်းပြီး သွားရတာပေါ့၊ အလှူအိမ်သွားမယ့်လမ်းမှာ ကောင်မလေးတွေက ငါ့ကို ငိုင်းကြည့်ကြတာပေါ့၊ သိတယ်မှတ်လား .. ငါ့ရုပ်ကလည်း ရန်အောင်နဲ့ဆင်တော့ .."

ကျွန်တော်တို့လည်း ရယ်ချင်ပက်ကျိနှင့် ...

"ကောင်မလေးတွေက ဦးသက်ကို ကြိတ်ခိုက်လို့ထင်တယ်"

"ဘယ်ကလာကွာ .. ငါဝတ်လာတဲ့ဖိနပ်က အနီတစ်ဖက်၊ အပြာတစ်ဖက် ဖြစ်နေတာကို .."

ဦးသက်စကားကြောင့် ကျွန်တော်တို့ တဟားဟား ..။ ကျားထိုးနေတဲ့ ဖော်ကြီးက တစ်ချက်လှမ်းကြည့်ပြီး ကျားထိုးနေတာကို အာရုံပြန်ရောက်သွားပြန်သည်။

"ဒါဆို ဖိနပ်ပြန်လဲရော ဆိုပါတော့ .."

"လဲမနေတော့ပါဘူးကွာ၊ ပြန်လဲရင်လည်း အိမ်ကို တစ်ခေါက်ပြန်သွားနေရဦးမယ်၊ ပြီးတော့လည်း အလှူအိမ်မှာ အနီတစ်ဖက်၊ အပြာတစ်ဖက်ဆိုတော့ ဖိနပ်အခိုး မခံရတော့ဘူးပေါ့၊ ဒါပဲ"

ဦးသက်ရဲ့ အဆက်အစပ်မရှိတဲ့ စကား[illegible] ...

"ဟင် .. ဦးသက်ကလည်း ဒေါ်လေးချစ်နဲ့ ရည်းစားဖြစ်တာ

www.burmeseclassic.com

www.burmeseclassic.com



လည်း မပါဘူး"

ကျွန်တော် ကြောင်တောင်တောင်နဲ့ပြောတော့ ဦးသက်ကလည်း ကြောင်တောင်တောင်နဲ့ ...

"မင်းကို ငါနဲ့ မချစ် ရည်းစားဖြစ်တယ် ပြောလို့လား"

ကျွန်တော်ကလည်း ငြင်းသည်။

"ဦးသက်ပဲ ပြောပြီးတော့၊ ငါနဲ့ ငါ့မိန်းမမချစ် ရည်းစားဘဝကဆို သိပ်ပျော်ဖို့ ကောင်းမှာဆို .."

"အေးလေ .. ငါနဲ့ ငါ့မိန်းမက မြင်တောင်မမြင်ဖူးဘူး၊ ယူမယ့်နေ့မှ မြင်ဖူးကြတာ၊ လူကြီးတွေ ပေးစားတာလေ၊ အဲဒါကြောင့် ငါနဲ့ ငါ့မိန်းမမချစ် ရည်းစားဘဝကဆို သိပ်ပျော်ဖို့ကောင်းမှာလို့ တွေးကြည့်တာနေပါ့ဟ"

ဦးသက်စကားကြောင့် ကျွန်တော် မျက်နှာရှုံ့မဲ့သွားပါသည်။ အောင်ညိမ်းက ကျွန်တော့်ကိုကြည့်ပြီး တဟားဟား ..။

"တွေ့လား .. ကိုဆက်"

"ဘယ်မှာလဲ"

ကျွန်တော်က ပြူးတူးပြဲတဲ ဘေးဘီကိုကြည့်တော့ အောင်ညိမ်းက ...

"လခွီး .. တွေ့လားဆိုတာ တွေ့လား ဦးသက်တောင် ရည်းစားမထားလိုက်ရလို့ နောင်တရနေတယ်လို့ ပြောတာ ခွေးကောင်ရဲ့"





"မသိဘူးလေကွာ၊ ရှင်းရှင်းပြောပါလား"

ဦးသက် ရယ်ရင်း ...

"ဒီမှာ မောင်ဆက်၊ ရည်းစားထားတယ်ဆိုတာ လူတစ်ယောက်သူ့ရဲ့အရွယ်မှာ မဖြစ်မနေ ထမ်းဆောင်ရမယ့် လောကရဲ့ကျင့်ဝတ်ကွ၊ အသက်ကြီးသွားမှ ရည်းစားထားရင်လည်း လူရယ်စရာကြီးဖြစ်မယ်၊ ဘယ်လိုပြောရမလဲ၊ အုန်းနို့ခေါက်ဆွဲစားပြီး ဖာလူဒါသောက်ရသလို အီလည်လည်ကြီး ဖြစ်သလိုပေါ့၊ ငယ်တုန်း ရည်းစားရှာ .."

"ပညာရှာပါဗျာ .."

ကျွန်တော်က စကားအမှန်ပြောတော့ ဦးသက်က ...

"ပညာရှာပြီးပြီလေ၊ ဒီတော့ ရည်းစားရှာ .."

"ဘယ်မှာရှာရမှာလဲ .. ဈေးမှာ သွားရှာရမှာလား၊ တစ်ရာဖိုးငါးယောက်ဆိုပြီးတော့လား"

ကျွန်တော် ရွဲ့ပြောတော့ ဦးသက်က ခေါင်းညိတ်သည်။

"အေး .. မင်းပြောသလို ဈေးတို့၊ စူပါမတ်ကက်တို့မှာ လိုက်ရှာ၊ မိန်းမတွေ အများဆုံးရှိတဲ့နေရာက ဈေးနဲ့ အထည်ချုပ်ပဲ ရှိတယ်"

"ဆိုက်ကားရှိလား"

စကားကောင်းနေစဉ် ရုတ်တရက် စကားသံကြောင့် ကျွန်တော်က ကမန်းကတန်း ...

"ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံရှိရာကိုကြည့်မိတော့ "အားပါးပါး"လို့ အော်မိမတတ်။ ခေတ်ရဲ့ထုံးဖွဲ့မှုတွေနဲ့ ဆင်ယင်ထားတဲ့ ယူနီဖောင်းဝတ်ကောင်မလေး။

"ဦးသက် .. ဘယ်သူ့အလှည့်လဲ"

"သောင်းရွှေ အလှည့်လေ"

"ကိုသောင်းရွှေမှ မရှိတာ .."

ဦးသက်က ကျွန်တော့်စကားကြောင့် ပြုံးစိစိနဲ့ ...

"မင်း လိုက်ပို့လိုက်လေ၊ မင်း နင်းတတ်တာပဲ"

အောင်ညိမ်းကလည်း ခပ်တည်တည်နဲ့ ...

"ဟုတ်တယ်၊ မင်းပဲ နင်းလိုက်၊ တော်ကြာ အုန်းနို့ခေါက်ဆွဲစားပြီး ဖာလူဒါ သောက်နေရဦးမယ်"

အထာနဲ့ပြောလိုက်တဲ့စကားကြောင့် ကျွန်တော်လည်း ကောင်မလေးကို တစ်ချက်လှမ်းကြည့်ရင်း ...

"ဘယ်သွားမှာလဲ"

ကောင်မလေးက အနီးအနားက အထည်ချုပ်နာမည်တစ်ခုကို ပြောတော့ ဦးသက်က ရယ်သည်။ ကောင်မလေးက မျက်မှောင်ကြုတ်ကြည့်သည်။ အောင်ညိမ်းက ...

"ဈေးတစ်ခုပဲကျန်တော့တယ် ကိုဆက်"

ကျွန်တော်က ပြုံးစိစိနဲ့ ခေါင်းညိတ်ရင်း နောက်ခုံက ကူရှင်ကို ရှေ့မှာမိထောင်ရင်း ...





"တက် .. အစ်မလေး"

လေသံကိုက ဝါရင့်ဆိုက်ကားဆရာလိုလို ..၊ ကောင်မလေးကလည်း လှမ်းတက်ပါသည်။ ကျွန်တော်တို့ အောင်ညိမ်းတို့က ဖျင်းရင်ဆိုက်ကားဂိတ် လာ၊ စကားပြောပြီးရင် အနားတစ်ဝိုက်မှာ ခရီးသည်မလာခင် ဆိုက်ကား အစမ်းနင်းကြည့်ရင်းက ဆိုက်ကား နင်းတတ်သွားသည်။

ကျွန်တော်အားစိုက်ပြီး ဆိုက်ကားနင်းနေစဉ် ကျွန်တော့်ဘေးက ရာစုရုပ်တုလေးဆီက စကားလှမ်းပြောပါတယ်။

"ရှင်က တကယ်ရော .. ဆိုက်ကားဆရာလား"

"ဟင့်အင်း .. ဆိုက်ကားတပည့်၊ သူ့ကိုသာနင်းနေတာ၊ သူသွားသလောက် ကိုယ်လည်း ပင်ပန်းတယ်"

ကောင်မလေးက သဘောကျစွာရယ်သည်။

"ရှင်က အတော်ပျော်တတ်ပုံရတယ်"

"နေပြင်းတာကိုး .."

"ရှင်!..."

ကောင်မလေး အံ့သြသွားပုံကြောင့် ...

"ဪ .. နေပြင်းတော့ ချွေးထွက်တယ်လေ၊ ချွေးထွက်တော့ အားကုန်တယ်၊ အားကုန်တော့ အိပ်ငိုက်မယ်၊ အိပ်မငိုက်အောင် ရယ်စရာများများပြောမှ အိပ်မငိုက်မှာ .. အဲဒါ ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက စွပ်ခနဲနေအောင် မျက်စောင်းထိုးသည်။ အဲဒီ မျက်စောင်းကြောင့် ရယ်စရာမပြောတဲ့ ကျွန်တော် အားပြည့်သွားသလို ခံစားလိုက်ရပါတယ်။

"နေပါဦး။ ခုန ခင်ဗျားပြောတာ ဘာလဲ၊ ကျွန်တော့်ကို ဆိုက်ကား ဆရာလား။ ဟုတ်တယ်နော် .. ဘာဖြစ်လို့လဲ"

သူမက ပြုံးစစနဲ့ ..

"ရှင်က ဆိုက်ကားဆရာနဲ့မှ မတူတာ .."

ကျွန်တော် ကုန်းအတက်မှာ အားစိုက်ရင်း ...

"ဘယ်လို !.."

"ဟုတ်တယ်၊ ကျွန်မအမြင်မှာတော့ ရှင်က ဆိုက်ကားဆရာနဲ့ လုံးဝကို မတူတာ .."

သူမ အပြောကြောင့် ကျွန်တော် ရယ်ရင်း ...

"ဆိုက်ကားဆရာဆိုတာ ပုံစံတစ်ခုနဲ့ သမုတ်ထားလို့လား"

"အဲလိုတော့ မဟုတ်ဘူးလေ၊ ဥပမာ .. ရှင့်အသားအရေကို ကြည့်၊ ဆိုက်ကားဆရာ အများစုက နေလောင်ဒဏ်ကြောင့် ညိုမဲ့မဲ့ ဖြစ်နေတာ များတယ်"

"ကျွန်တော့်ဆိုက်ကားမှာက အဲယားကွန်းပါတာကိုး"

"နောက်ပြီး ရှင့်ခြေထောက်တွေက ညိုမည်းမနေဘူး"

"အရင်က ခြေအိတ်စွပ် နင်းတာကိုး .."





"ပြီးတော့ အဆိုးဆုံးက ဆိုက်ကားနင်းတဲ့သူက ဘယ်သူမှ အော ထွက်ပြီ မစီးကြဘူး"

"ဪ .. ဒါလား။ အလျှုကအပြန် တာန်းပြီး ဆိုက်ကားနင်းဖြစ် တယ်ဆိုရင်ရော .."

သူမက မျက်စောင်းထိုးပြန်သည်။ အင်း .. လှတဲ့သူ ထိုးတာပဲ၊ ထိုးပါစေ။ အိမ်ဘေးက ရုပ်ဆိုးဆိုး အိတာတို့ မျက်စောင်းကတော့ အတော်စိတ်ပျက်စရာ။

အထည်ချုပ်အလုပ်ရုံဝင်ပေါက်ရှေ့ ရောက်တော့ ကောင်မလေး တွေက ပြုံးစိစိ။ ကောင်မလေးတစ်ယောက်က လှမ်းနှုတ်ဆက်သည်။ ကျွန်တော့်ကို မဟုတ်ပါ။

"မမပိုး .. ထူးထူးခြားခြား ဆိုက်ကားနဲ့ပါလား။ ကားမပါဘူးလား"

သူမက ကျွန်တော့်ကို ပိုက်ဆံလှမ်းပေးရင်း ...

"ကားက အင်ဂျင်ချထားလို့ နွေးနွေးရေ .."

ဦးလေးသက် ပြောလည်း ပြောစရာပါ။ မိန်းမတွေ အများဆုံး နေရာက အထည်ချုပ်နဲ့ ဈေးဆိုတာလေ။

သိကြအားမင်းပြောတဲ့ တစ်ဖက်လေးငါးရာမက များလှတဲ့ မိန်း ကလေးတွေလေ။ မိန်းမတပ်ကများတော့ ကျွန်တော်တောင် ကုန် ချောင်းချောင်း ဖြစ်နေပါသည်။ ကောင်မလေးတစ်အုပ်က ကျွန်တော့် ကို အကဲခတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဆိုက်ကားဆရာလို့သာ ပြောတယ်၊ တကယ့်အပျိုစားပဲဟေ့"

"အပျိုစားဆိုတော့ လင်းတပဲ ဖြစ်မယ်"

"ဟဲ့ .. ကိုရီးယားမင်းသားနဲ့ တူတယ်"

ကျွန်တော် ဆိုက်ကားတွက်ခါနီး ဘဝင် နည်းနည်းမြင့်သွားပါတယ်။ ငါ့ အဲလောက် ချောသလားပေါ့။

"ဟိုမင်းသားလေဟာယ် .. အဲ .. သိပြီ၊ ဝူဆောင်ဂဲ"

ကောင်မလေးတစ်ယောက်က လှမ်းမေးသည်။

"ဘာလဲ .. ဝူဆောင်ဂဲ၊ မကြားဖူးပါဘူး"

"ဝူဆောင်ဂဲဆိုတာ အူကြောင်ဘဲလို့ ပြောတာ .."

ကောင်မလေးတွေက တဟားဟား ..။ ကျွန်တော် ဆိုက်ကားကို ကုန်းရုန်းနင်းပြီး ပြေးလာရပါသည်။





ကျွန်တော် ပြန်ပြောပြတော့ ကိုဖိုးထောင်က တဟားဟား။ အောင်ညိမ်းတို့က သိပြီးသားပေမယ့် ပြန်တွေးပြီး ရယ်နေကြတုန်း...

"ဂိတ်ရောက်ရောက်ချင်း ဒီကောင် ပြောပြတော့ တစ်ဂိတ်လုံး ယ်လိုက်ကြတာဗျာ၊ မှန်ပြီး လိုက်သွားတာလေ"

ကျွန်တော် အောင်ညိမ်းကို ဆဲပြီး ...

"ခွေးကောင် .. မင်းပြောတော့ ရည်းစားထားတဲ့ဖိလင် ဘာဖြစ် ယ် ညာဖြစ်တယ်ဆို .."

"ကောင်မလေးက ချောလား"

ဇော်ကြီးက ခေါင်းညိတ်ရင်း ဝင်ပြောသည်။

"ချောတာတော့ အတော်ချောတယ်ဗျ"

ဝယ်သူရောက်လာပြီး ဇာဂနာတစ်ခု ကောက်ယူရင်း ဈေးမေး တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဪရာ .."

ဝယ်သူက ပြန်ချပြီး ထွက်သွားပါသည်။

"နာမည်က ဘယ်သူလဲ"

ကိုဖိုးထောင်အမေးကြောင့် ကျွန်တော် ခေါင်းခါမိရင်း ...

"ဘယ်လိုသိမှာလဲဗျ၊ သူ့နာမည်ကို ရင်ထိုးမှာရေးထားတာတော့ တွေ့မိတယ်၊ ရင်ဘတ်ကိုလှမ်းကြည့်ရင် တစ်မျိုးထင်မှာစိုးလို့ မကြည့်ဖြစ်တာ .."

အောင်ညိမ်းက မျက်မှောင်ကြုတ် စဉ်းစားရင်း ...

"ဝိ တစ်လုံးတော့ တွေ့လိုက်တယ်"

"ဒါဆို အထည်ချုပ်ဝန်ထမ်းပေါ့"

ကိုဖိုးထောင်စကားကြောင့် ကျွန်တော် စဉ်းစားရင်း ...

"အင်း .. မန်နေဂျာမဟုတ်ရင် စူပါဗိုက်ဆာတို့ ဘာတို့ဖြစ်မယ် ထင်တယ်၊ ကောင်မလေးတစ်ယောက်ဏာ လှမ်းခေါ်တာတော့ မမိုးတဲ့"

ဘော်ကြီးက တွေးတွေးဆဆနဲ့ အခုလို ပြောပါတယ်။

"ပိုး ဆိုတော့ သိပြီ၊ သူ့နာမည်က ပိုးတုံးလုံးဖြစ်မယ်"

အောင်ညိမ်းကလည်း အားတျမခံ ..၊

"ဟောကောင် .. ပိုးဖလံဖြစ်မယ် ထင်တယ်နော်"

ကျွန်တော် အံကြိတ်ပြရင်း ...





"မင်းတို့နော်၊ သူများသားသမီးကို မဦးမချွတ် ..."

"ဘာ!... မဦးကို ငါ မချွတ်ပါဘူး၊ သူ့ဘာသာ ချွတ်တာပါ"

ဘော်ကြီးစကားကြောင့် ကျွန်တော် ဒီကောင့်လက်မောင်းကို လှမ်းထိုးပါတယ်။

"ဟောကောင် .. ဈေးဝယ်သူ လာနေတယ်"

ကျွန်တော် လှည့်ကြည့်တော့ ကောင်မလေးတစ်ယောက်။ ကောင်မလေးက တရုတ်ပြည်ဖြစ်ပစ္စည်းတွေကို ကြည့်ရင်း ...

"ဟိုလေ .. ဟိုဟာရှိလား .."

ကျွန်တော်ကလည်း ပြန်မေးမိပါသည်။

"ဘယ်ဟာလဲ .."

"ဟိုဟာလေ .. ပါးစပ်များမှာ မေ့နေတယ်"

"ဘယ်လိုဟာမျိုးလဲ၊ ဓာတ်နာလား"

ကောင်မလေးက ခေါင်းခါတော့ ကိုဖိုးထောင်က ...

"လက်နှိပ်ဓာတ်မီးလား"

ကောင်မလေးက ခေါင်းခါရင်း ...

"ဟိုဟာလေ .. ရှင်းတဲ့ဟာ .."

ကျွန်တော် အားရဝမ်းသာနှင့် ...

"ကတ်ကြေးလား"

"ဟင့်အင်း .. ယောကျ်ားတွေသုံးတဲ့ပစ္စည်း .."



www.burmeseclassic.com

www.burmeseclassic.com



"ကွန်ဒုံးလား .."

"ဘာ!..."

ကောင်မလေးက ဒေါသနဲ့အော်လိုက်တော့ ကျွန်တော် နည်းနည်းတွန့်သွားပြီး ...

"ဖြည်းဖြည်းအော်ပါဗျ၊ ယောကျ်ားသုံးဆို .."

ကောင်မလေးက မျက်စောင်းထိုးပြန်သည်။

သူလည်း လှတဲ့အထဲပါတော့ ထိုးစမ်းပါစေ။ ကောင်မလေးက စူပုပ်ပုပ်၊ နှုတ်ခမ်းလှလှနဲ့ ...

"ဂျူတီ .."

ကိုဖိုးထောင်တို့က ကျိတ်ရယ်တော့ ကောင်မလေးက သိမ်းကျုံးပြီး မျက်စောင်းထိုးသည်။

ကျွန်တော်ကလည်း ဘုတောမိသည်။

"ဂျူတ်က မိန်းမလည်း သုံးလို့ ရပါတယ်ဗျ"

"ရှင်နော် ..."

"မဟုတ်ဘူးလေ၊ ချိုင်းမွေးတို့ဘာတို့ ရှင်းလို့ရတယ်ပြောတာ"

"အဲဒါ ရှင့်ညီမကို ရှင်းခိုင်း .."

"ကျွန်တော့်ညီမက ကပ်ကြေးပဲ သုံးတာ"

"ဘယ်လောက်လဲ"

ကောင်မလေးက စူပုပ်ပုပ်နဲ့ပြောတော့ ကျွန်တော်က ဈေးနှုန်း





ရေးထားတဲ့ ကတ်ထူစက္ကူကို ထောင်ပြလိုက်သည်။

ကျွန်တော် တွေးမိပါတယ်။ ဒီကောင်မလေး ဒီဂျူတ်ကို ဘယ်နေရာမှာ သုံးမလဲပေါ့။

ခြေသလုံးမွေးရိတ်ရအောင်လည်း မိန်းမအများစုက ခြေသလုံးမွေး မရှိတတ်ကြ။

"ဒါနဲ့ ခင်ဗျားက ဂျူတ်ကို ဘယ်နေရာမှာ သုံးမလို့လဲ"

"ရှင်နော် .. မမိုက်ရိုင်းနဲ့၊ ကျွန်မအဖေသုံးဖို့ ဝယ်တာ၊ ဘယ်ထိုလူမှန်းကို မသိဘူး"

ကောင်မလေးက ပိုက်ဆံကိုပစ်ချရင်း ထွက်သွားတော့ ကိုဖိုးထောင်တို့က ရယ်သည်။

"မင်းကိုက လျှာသွားရှည်တာကိုး"

"အဲဒီကောင်မလေးကိုက မအူမလည်ပါဗျာ"

အောင်ညိမ်းက ပြုံးစိစိနဲ့ ...

"မအူမလည်မဟုတ်ပါဘူးကွာ၊ ဒီလိုပဲ ငါတို့လည်း တစ်ခါတလေ အရေးဆို မေ့တတ်ကြတာပဲ"

ဖော်ကြီးကတော့ ကောင်မလေး ချိုးကွေ့သွားတဲ့ လမ်းကြားကို ကြည့်ပြီး ...

"အဲဒီလမ်းကြားထဲက သင်တန်းတစ်ခုခုမှာ တက်နေတာဖြစ်မယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးထောင်က မေးစေ့ကို ပွတ်ရင်း ...

"ဒါလည်း မတော်တာဆပဲ၊ လိုရမယ်ရ ကိုဆက် .. အဲဒီ ကောင်မလေးကို အရံစာရင်းထဲ ထည့်လိုက်"


"ဘာအရံစာရင်းလဲ"

"ရည်းစား .."

ကိုဖိုးထောင်စကားကြောင့် ကျွန်တော် မျက်စိမြင့်တက်သွားပါတယ်။

ဒါပေမယ့် ပြုံးစိစိ .. ခေါင်းတညိတ်ညိတ် ..။





ဂင်မှာ မျက်ခေါင်းမှုးတွေမှာ
အထပ်ထပ် ရှိုက်ဝင်
မိုးမှုန်လွင်ပြင်သို့ မျှော်ခင်းတစ်ခုကို မှင်မားနေပါပြီ
ငါ့ရွေးနဲ့ ဆေးခြယ်ထားသကို
သေးသွယ်တဲ့မှုးတွေကြားမှာ ကြိုးကို နိုင်မာ
လှမ်းချီးကို မရနိုင်တော့ပါပဲ
တကယ်တော့ ကိုယ်ပဲ အသည်းငယ်တတ်သူပါ . .
အချစ်တွေက များမှုးတွေ
အသည်းကငယ်ငယ် . . သိပ်ပိစိတ်ပျက်ပို့ ကောင်းတယ် . .။

www.burmeseclassic.com

www.burmeseclassic.com



ပေမိတန်းမီ အရည်အသွေးဖြင့်တဲ့ 'အချစ်' ဆိုတာကို ရန်ကုန်မြို့ရဲ့တောနက်ထဲမှာ ရှိတယ်တဲ့။ ကျွန်တော့်နှလုံးသားရဲ့ကွန်ယက်ကပဲ အသုံးမပြုတာကြာလို့ 'ဂျန်'ဖြစ်နေသလားထင်ရအောင် ရှာမတွေ့ခဲ့ပါ။ အချစ်ဆိုတာ ဘာလဲ ခံစားကြည့်ချင်ပေမယ့် အချစ်ကြောင့် အိပ်မရတာ မရှိခဲ့။ ခေါင်းချတာနဲ့ တုံးခနဲပါပဲ။

အဆိုတော်မျိုးကြီး အာဘော်နဲ့ ဟဲလိုက်ရရင် 'တစ်ခုခုတော့ မှားနေပြီ' လို့ အော်ဆိုရမယ့်ကိန်းပါပဲ။

ရင်ထဲမှာ အချစ်ဖြစ်ပေါ်လာဖို့ ဆေးပညာကုထုံး ရှိရင်လည်း အကောင်းသား ...၊ အင်းလေ .. ဒီတစ်ခါ အိမ်တေးက သားဖွားဆရာမနဲ့တွေ့ရင် လာမယ့်ဆေးပညာကွန်ဖရင့်မှာ အချစ်ဖြစ်ပေါ်လာဖို့ ဆေးဝါးအကြောင်း အဆိုတင်သွင်းဖို့ တိုးတိုးတိတ်တိတ် မှာရတော့မယ် ထင်ပါရဲ့..။





ပေါက်ကရအတွေးနဲ့ ပြောရကြေးဆိုရင် ချစ်တော့ချစ်ကြည့်ချင်ပါတယ်။ တကယ်တော့ အရွယ်ရောက်နေတဲ့ ကျွန်တော် .. ပညာလည်း သင်ကြားပြီးပြီ။ ရုပ်ရည်ရူပကာကလည်း ကိုရီးယားမင်းသားကို အိန္ဒိယမင်းသားနဲ့ စပ်ထားသလိုရုပ်ရည်နဲ့ (တကယ် ပြောတာပါ)။

ငွေကြေးကြွယ်ဝမှုကလည်း ပြည့်စုံ (ကျွန်တော့်အဖေ အမေဆီမှာ ပြောပါတယ်)။ ဒါပေမယ့် အချစ်မရှိ ရည်းစားမရှိဆိုတော့ မပြည့်စုံတဲ့ဘဝလို့ ကျွန်တော် ခံစားမိသည်။

ကိုယ်က ရဟန်းသံဃာလည်း မဟုတ်တော့ ပုထုဇဉ်လူသားပီပီ အချစ်လေး ရင်မှာ ထည့်ပေးပါခင်ဗျာ လို့ ဘုရားရှင်ကို စာရေးပြီး နားပူနားဆာ လုပ်ရမယ့်အဖြစ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသောင်းရွှေ .. အိမ်ပြန်ချင် ပြန်လေ၊ ဆယ်နာရီလောက်မှ ပြန်နိုးလာ .."

ကျွန်တော့်စကားကြောင့် ကိုသောင်းရွှေက အူကြောင်ကြောင်နဲ့..

"ငါက ဆိုက်ကားမနင်းတော့ မင်းက တင်ကျွေးထားမလို့လား။ ငါတစ်ယောက်တည်း မရဘူးနော်၊ ငါ့မိန်းမ မတင်အေးပါ ရှာကျွေးရမှာ .."

ကျွန်တော်ရှာ စချင်နောက်ချင်တာကြောင့် ...

"ကျွန်တော်ရှာကျွေးရင် ကျွန်တော့်မိန်းမ ဖြစ်သွားမှာပေါ့"

"ခွေးကောင် ..."

ကိုသောင်းရွှေက ရယ်နေရင်းဆဲသည်။ ကိုသိန်းဝင်းက ကျွားထိုးနေရာမှ လှမ်းအော်ပါသည်။

"သောင်း .. မင်း ဆယ့်နှစ်နာရီမှ အေးအေးဆေးဆေး ပြန်လာခဲ့၊ မင်းအလှည့်ကို ဒီကောင် နင်းပြီး မင်းကို ပိုက်ဆံပေးလိမ့်မယ်"





"ဟုတ်တယ် သောင်း၊ မင်း အေးအေးဆေးဆေး ပြန်နားနေ"

ဦးလေးသက်တပါ ဝင်ပြောတော့ ကိုသောင်းရွှေက နားမလည်ဟန်နှင့် ...

"ဘာတွေလဲ .. ထူးထူးဆန်းဆန်းပါလားဟ၊ ငါ့ကိုလည်း ပြောကြပါဦး"

အောင်ညိမ်းက ဦးလေးသက် ဆိုက်ကားနောက် ကယ်ရီခုံပေါ် ခုန်ထိုင်လိုက်ရင်း ...

"ကောင်မလေးတစ်ယောက်ကို ဖယ်ရီသဘော ပို့ဖို့ကျ၊ ကဲ .. ရှင်းပြီလား"

အောင်ညိမ်းစကားကြောင့် ကိုသောင်းရွှေ စပ်ဖြီးဖြီးနှင့် ...

"ဪ .. ဒီလိုလား။ ဒါဆိုလည်း ကူညီကောင်းပါတယ်၊ ကဲဟော.. ငါ အိမ်ပြန်လိုက်ဦးမယ်"

သော့ကိုလှမ်းဖမ်းပြီး ဆိုက်ကားရှေ့ကူရှင်မှာ မှီထိုင်လိုက်ပါတယ်။

"လာသွားပြီလား ဦးလေးသက်"

"စိတ်အေးအေးထားပါ၊ မလာသေးပါဘူးကွ"

တော်သေးတာပေါ့လို့ တွေးရင်း ရင်ထဲကအမောကို ဘရိတ်ဆွဲ လျှော့ရင်း ဖြည်းဖြည်းချင်း မှုတ်ထုတ်လိုက်သည်။ ကိုသောင်းရွှေရဲ့ ဆိုက်ကား ရှေ့တွဲပေါ်မှာ တက်ထိုင်လိုက်တော့ ဦးလေးသက်က ...



www.burmeseclassic.com

www.burmeseclassic.com



"စတိုင်ကတော့ ဆိုက်ကားသမားနဲ့ တူလာပြီ"

ကျွန်တော်ကရယ်ရင်း ကိုယ့်ကိုယ်ကိုယ် လှေလာလိုက်သည်။ ဖိနပ်က အိမ်သာသွားရင်စီးတဲ့ ဖော့ဖိနပ်၊ လုံချည်က အိမ်မှာ အကောင်းဆုံး ရေလဲပုဆိုး၊ စွပ်ကျယ်နဲ့ဆိုတော့ အိုကေ၊ တစ်ခုကျန် ပါသေးတယ်။

"ဦးလေးသက် .. ဦးလေးသက်ဦးထုပ် ခဏငှားလိုက်"

"ဟေ .. ဘာဖြစ်လို့လဲကွ"

ဦးလေးသက်က အံ့သြရင်း ဆောင်းထားတဲ့ ကြေး(ဂိုး)အထပ်ထပ်နဲ့ဦးထုပ်ကို လှမ်းပစ်ပေးတော့ လှမ်းဖမ်းလိုက်ရင်း ဆောင်းလိုက်ကာ..

"အထည်ချုပ်မလေးက ကျွန်တော့်ကို ဆိုက်ကားသမားအတုကြီးတဲ့၊ အဲဒါကြောင့် ..."

ကျွန်တော့်စကားကြောင့် တေးကလူတွေကပါ ရယ်သည်။

"မင်းအမေ ဘာပြောလဲ"

အောင်ညီမိး အမေးကြောင့် ကျွန်တော်က ပခုံးတွန့်ရင်း ...

"ဘာအရူးထတာလဲ တဲ့"

"မင်းက ဘာပြန်ပြောလိုက်လဲ"

"နလုံးဦးမှာ ဘီလူးစီးလို့ လို့"

"အတိတ်ပေးတာလား ကောင်လေး"

နှစ်လုံးသုံး လုံးသမား ကိုချော်နီက မေးတော့ အောင်ညီမိးက စပ်ဖြီးဖြီးနဲ့ လှမ်းပြောပါတယ်။





"အတိတ်က ဒီလိုဗျ၊ ရေကုန်ရေခန်း ငမွဲလမ်း တဲ့"

ကိုချော်နီက ထဆဲတော့ ဆိုက်ကားဂိတ်ကလူတွေက ရယ်လေလေ..။

"ဟော ..."

ကျွန်တော့်ရဲ့ 'ဟော..' ဆိုတဲ့ အာမေဍိတ်က အားလုံးရဲ့ မျက်လုံးတွေ ရွှေ့လျားသွားသည်။ ဘယ်သူလှမ်းနောက်လိုက်သည် မသိ၊ စကားသံ တစ်စွန်းတစ်စ ..။

"ရဲဘော် သတိ"

ကျွန်တော် မရယ်မိအောင် နေရသည်။ သူမက ကျွန်တော့်ဖိုစ်ကြောင့် မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းလေးဟ ..၊ ဒါပေမယ့် ရယ်ချင်နေပုံရသည်။ သူမက ဦးလေးသက်ကို မေးပါသည်။

"ဆိုက်ကား .."

ဦးလေးသက်ကလည်း ရွှေတောင်စက္ကူထက်တောင် ပါးပါတယ်။

"ကောင်လေး .. မင်းအလှည့် မဟုတ်လား"

ကျွန်တော် ဆိုက်ကားပေါ် ကဆင်းပြီး သူမရှေ့ကို ဆိုက်ကားတွန်းသွားလိုက်ပါသည်။ သူမက တက်ထိုင်ပါသည်။ ဆိုက်ကား စထွက်ပြီး သိပ်မကြာခင် သူမက စပြောသည်။

"ဒီနေ့ပုံစံက ဆိုက်ကားသမားစတိုင်ပေါ့"

ကျွန်တော် ရယ်ချင်မိသည်။ ဒါပေမယ့် မရယ်ဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘယ်လိုထင်လဲ"

သူမ ဆံနွယ်တွေဆီက ရှန်ပူနံ့က မထိတထိ ..။

"အိုဗာအိုက်တင်များ ဖြစ်နေသလားလို့ .."

ကျွန်တော် အသံထွက်အောင် ရယ်မိရင်း ...

"ဘယ်လိုလုပ်လုပ် အပြစ်မလွတ်ပါလား မဘယ်သူ .."

ကျွန်တော့်ရဲ့ သွယ်ဝိုက်တဲ့နည်းလမ်းနဲ့ မေးလိုက်တဲ့ မေးခွန်းကြောင့် ...

"အောင်မာ .. ညာတာပါတေးနဲ့ နာမည်လာမေးနေတယ်"

သူမ စကားကြောင့် ကျွန်တော်က ဦးမြတ်လေးလေသံနဲ့ ကာက်ဆက်ခွေစာတ်လမ်းထဲကလို ...

"ပြောပေါ့ဗျာ၊ ကျွန်တော်တို့က ဇနပုဒ်က ကျောမွဲလူတန်းစားတွေပါဗျာ၊ အမိကတော့ ရွှေခွက်နဲ့ အချင်းဆေး ဘုံခုနစ်ထပ်မှာ စိန်စီတဲ့မွေ့ရာ၊ ပတ္တမြားစီတဲ့ခေါင်းအုံးနဲ့ မွေးစက်၊ ရက်ရက်စက်စက် ပြောပေါ့ဗျာ၊ အင်းလေ .. မိုးပေါ် ကပန်းဆိုတာ မတန်မရာ မချူကောင်းမှန်း အခုတော့ သိပြီလေ"

သူမက ဟန်မဆောင်နိုင်ဘဲ ဟက်ဟက်ပက်ပက် ရယ်ကာ ..

"တော်ပါတော့ရှင်၊ ရှင် တော်တော်ရယ်စရာပြောတတ်တဲ့လူပဲ"

ကျွန်တော်က ဆက်ပြောပါသည်။

"မစူးသာလို့ စေရာမှာမနေရတဲ့ဘဝပါ မပန်းမှူ၊ ပန်းငုံလေးလို လှ





တဲ့ မင်းဘဝ အတင်း မရမက မစူးပါဘူး ဂျမ်းဘုံရယ်"

"တော်ပါတော့လို့ဆို ..."

သူမ မျက်ရည်စို့အောင် ရယ်သည်။

"ဆိုက်ကားလည်း စီး၊ ဖျော်ဖြေရေးအစီအစဉ်လည်း ပါတာ ကျွန်တော့်ဆိုက်ကားပဲ ရှိတာဗျ"

သူမက နှုတ်ခမ်းကိုမဲ့ရင်း ...

"ထားပါတော့၊ ဒါနဲ့ ရှင် ဆိုက်ကားနင်းရတာ မပင်ပန်းဘူးလား"

"ပင်ပန်းတာပေါ့ဗျာ၊ ဒါပေမယ့် ပင်ပန်းလည်း ဝမ်းစာအတွက် နင်းရမှာပဲလေ"

"ကိုယ့်ဘဝကိုယ်ရော စိတ်မပျက်ဘူးလား"

"အရေးထဲ .. အင်တာဗျူးနဲ့ လာတိုးနေတယ်"

ကျွန်တော့်စကားကြောင့် သူမက အခုလိုပြောပါတယ်။

"ဟုတ်ကဲ့ .. ကျွန်မတို့ အသံလွှင့်အစီအစဉ်အနေနဲ့ ရှင့်ရဲ့ တစ်နေ့တာ အသံလွှင့်အစီအစဉ်လေးကို တင်ဆက်လိုက်တဲ့သဘောပေါ့"

ကျွန်တော်က အားကုန်နင်းရင်း ...

"စက်ပျက်ရင် ပြင်လို့လွယ်တယ်ဗျ၊ စိတ်ပျက်စီးသွားရင် ပြင်ဖို့ဆိုတာ တော်တော်နဲ့မလွယ်ဘူး၊ ဒါပေမယ့် ကျွန်တော်တို့စိတ်က ပျက်ဖို့မလွယ်ဘူး၊ ကဗျာဆရာ မောင်အောင်ပွင့်ရဲ့ လမ်းကလေးရဲ့ ကဗျာထဲကလို ...



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ချင်သလောက် လျှောက်

အခေါက်ပေါင်း

အယောက်ပေါင်းများလေ

မြေသား မာလေ ..။

တဲ့ .. အဲသလိုပေါ့ဗျာ၊ ကျွန်တော့်စိတ်က မြေသားမာသွားပြီ"

"ရှင်က တစ်မျိုးဲ့နော်၊ ကဲ .. ရပ်တော့၊ ရပြီ"

ဒီနေ့တော့ မနေ့ကလိုမဟုတ်တော့၊ ရဲရဲတင်းတင်း ဖြစ်သွားပါသည်။ သူမက ပိုက်ဆံပေးတော့ ကျွန်တော် ဖျတ်ခနဲ သူ့ရင်ဘတ်က အင်္ဂလိပ်လိုရေးထားတဲ့နာမည်နဲ့ အလုပ်အကိုင် ရာထူးကိုကြည့်ကာ ...

"ကျေးဇူးပဲနော် ဖိုးဝတ်ရည်"

သူမက လှလှပပလေး ပြုံးနေပါသည်။ သူမနာမည်ကိုသိလို့ မထူးဆန်းဘူးဆိုတဲ့သဘောပေါ့။





"နာမည်က အပျံစားပါလား"

"လူကလည်း အပျံစားပါပဲဗျ"

ကိုဖိုးထောင်ကို တစ်နေ့တာ ထမ်းရွက်လာတဲ့ တာဝန်တွေကို ပြောပြတော့ ကိုဖိုးထောင်က ကျေနပ်အားရနေပါသည်။ ဒီနေ့တော့ သီနှစ်ကောင် မလိုက်လာတော့။ သွားစရာရှိလို့ဆိုလား ..၊ ကြေနှတော့ အတွဲကိုယ်စီနဲ့ လျှောက်လိမ့်နေတာ ဖြစ်မည်။

"ဟိုနှစ်ကောင် မပါပါလား"

"သူတို့ကောင်မလေးတွေနဲ့ ချိန်းထားလို့တဲ့"

ညနေခင်းရဲ့ ပလက်ဖောင်းမှာ အရောင်စုံ အရွယ်စုံလူအုပ်က ရွေ့သွားနေသည်။

"မင်းရှိတုန်း အတော်ပဲကွာ၊ ငါ တွိုင်းလက်သွားလိုက်ဦးမယ်"

"စိတ်ချ .. ကုန်စေရမယ်"

"ဘာလဲ၊ စည်ပင်ဖမ်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. အလကားပေးပစ်မှာ .."

"ချေးကောင် ..."

ကိုဖိုးထောင် ပြောပြီးထွက်သွားတော့ ကျွန်တော် ရေးစပေါ်ပါ သည်။

"လိုချင်ရင် ဝယ်ထား။ နှစ်မျိုး တစ်ထောင်နော်၊ မဝယ်ချင် လာ မရပ်နဲ့ ဘာမှတ်လဲ .. အဲ .. မဟုတ်ပါဘူး မဝယ်ချင်လည်း အလည်ဝင် ခဲ့၊ တန်လွန်းလို့ ဝယ်ကိုဝယ်စေရမယ်၊ စိတ်ချ .."

ကျွန်တော့်ရဲ့ ရေးခေါ်သံကြောင့် ဘေးမှာ ဗီစီဒီ စီဒီရောင်းနေတဲ့ မစိမ်းက ရယ်သည်။

"ဟော .. ဘာဝယ်မလဲ"

ဟိုနေက ရေတာတ်တဲ့ကောင်မလေး။

"ဟို .. ရှိုတ်ရှိုလား"

မေးပုံကိုကြည့် ..။

"ရှိုတ်ကိုတော့ နှစ်မျိုး တစ်ထောင် မရောင်းပါဘူးဗျာ"

သူမက မျက်စောင်းထိုးပြီး ...

"ရှင်ကလည်းတစ်မျိုး ဒီမှာ ဖိနပ်က ပြတ်ချင်နေပြီ သင်တန်းက လည်း နောက်ကျတော့မယ်၊ ခုကွဲ"

ငိုမဲ့မဲ့နဲ့ ပြောပုံလေးကြောင့် ကျွန်တော် ရယ်ချင်သွားပါတယ်။ ဒါကို သူမက မြင်မြစ်အောင် မြင်လိုက်ပါသည်။





"ရှင်နော် .. သူများဒုက္ခရောက်နေတဲ့ဟာကို ရယ်နိုင်သေးတယ်"

"ကဲ .. မဘာဒ္ဒါ .. ခင်ဗျားဖိနပ်ထားခဲ့၊ ရော့ .. ကျုပ်ဖိနပ် ယူကွာ၊ သင်တန်းကပြန်လာရင် ခင်ဗျားဖိနပ်ကို လာလဲ၊ ကျုပ် သွားချုပ်ပေး ထားမယ်၊ ရော့ .. ရော့ .."

ကျွန်တော် ဖိနပ်ချွတ်ပြီး လှမ်းပေးတော့ သူမ မျက်နှာ ကြည်လင် သွားပါတယ်။ သူမက လှမ်းယူရင်း သူမဖိနပ်ကို လှမ်းပေးကာ ...

"ကန်တော့နော် အစ်ကို ..."

"ကန်တော့ချင်ရင်လည်း ပဥ္စင်းတက်မှ လာကန်တော့ .."

သူမက မျက်စောင်းထိုးပြီး ...

"အဲဒီအပြောတွေကြောင့် အကြောမဒေညို့တာ .."

"အကြောတည့်ချင်ရင် ဦးအုန်းစိန်ဒတ်ကြေလိမ်းဆေးလိမ်း ဒါမှ မဟုတ် အကြောပြင်ဆရာဆီ သွား .."

သူမက ဆတ်ကော့ဆတ်ကော့နဲ့ ထွက်သွားတော့ ဘေးဆိုင်က မစိမ်းက ...

"အဟမ်း .. စေတနာတွေ ဝေဖာတွေနဲ့ပါလား"

"အဟဲ .. ဒါကတော့ ဒါကတော့ပေါ့ဗျာ"

"ဟဲ့ .. ကောင်လေး .. ကောင်မလေးက ချစ်စရာလေးနော်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါတယ်။

ကိုဖိုးထောင် ပြန်လာတော့ ကျွန်တော့်ခြေဗလာကို ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. မင်းဖိနပ်ရော .."

မစိမ်းက အားကနေ လှမ်းပြောပါတယ်။

"ကောင်မလေးတစ်ယောက် ဖားပြတိုက်သွားလို့ ကိုဖိုးထောင်ရေ"

"ဘယ်လို .."

ကျွန်တော်က ရယ်ရင်း ...

"ဟိုတစ်နေ့က ယောက်ျားသုံးပစ္စည်းလာဝယ်တဲ့ ကောင်မလေးဗျာ"

"ဟို .. မေ့တော့တော့လေးလား"

"အင်း .. ဟုတ်တယ်၊ သူ ချိတ်လာဝယ်တာဗျ ဖိနပ်ပြတ်တော့ မယ်တဲ့၊ အဲဒါ ကျွန်တော်လည်း ..."

"မင်းဖိနပ် ပေးလိုက်တယ် ဆိုပါတော့ .."

ကျွန်တော်က အရှက်ပြေရယ်ရင်း သူ့ဖိနပ်ကို ကျွတ်ကျွတ်အိတ် ထဲထည့်ရင်း ....

"ခင်ဗျားဖိနပ် ချွတ် .."

"ဟော့ကောင် .. ငါက ဘာစီးရမှာလဲ"

ကျွန်တော် ကိုဖိုးထောင်ဖိနပ်ကိုစီးရင်း ကားလမ်းမတစ်ဖက်ကို လက်ညှိုးညွှန်ရင်း ...

"ဟောလေးပါဗျာ၊ ဟိုနားမှာ ဖိနပ်ချုပ်တဲ့ဆိုင်ရှိတယ်၊ ဖိနပ်ချုပ်ပြီး ရင် ပြန်လာမှာပေါ့"

"ကြော် .. ဟုတ်သားပဲ"





ကျွန်တော် ဖိနပ်ကို ခါးကြားထိုးပြီး ကားလမ်းဖြတ်ကူးလိုက် သည်။ ဖိနပ်ချုပ်ပြီး ပြန်လာတော့ ...

"ဟာ!... အခုမှ သတိရတယ်"

"ဘာဖြစ်လို့လဲ"

ကျွန်တော် ဖေဖေခိုင်းထားတဲ့ကိစ္စကို အခုမှ သတိရသည်။

"ဒယ်ဒယ်ဖေဖေ ခိုင်းထားတယ်၊ သူ့ကုမ္ပဏီလာခဲ့တဲ့၊ ဘာခိုင်း မလို့လဲတော့ မသိဘူး၊ ဒီလိုလုပ် .."

ကိုဖိုးထောင်က ယောင်နနနဲ့ ..

"ဘယ်လိုလုပ်ရမှာလဲ"

"ခင်ဗျား အဲဒီကောင်မလေးဖိနပ်ကို ယူထား၊ ကောင်မလေး သင်တန်းကပြန်လာရင် ကျွန်တော့်ဖိနပ်နဲ့ လဲယူလိုက်၊ ကျွန်တော် အချိန်မရဘူး၊ ခင်ဗျားဖိနပ် စီးသွားမယ်၊ ညကျမှ လက်ဖက်ရည်ဆိုင်မှာ ပြန်လဲမယ်၊ သွားပြီ"

ကျွန်တော် လစ်ထွက်သွားတော့ ကိုဖိုးထောင်က လှမ်းအော်ပါ သေးသည်။

"ဟော့ကောင် .. ဟာ .. ဒီကောင်ကွာ၊ လုပ်ချလိုက်ပြန်ပြီ"

ကျွန်တော် တကွကွစီလှမ်းတားပြီး အမြန်လစ်ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ သား .."

"မသွားသေးပါဘူး ဖေဖေ"

ကျွန်တော် သိသိကြီးနဲ့ မဂ္ဂဇင်းဖတ်နေရာမှပြောတော့ မေမေက နားရွက်ကိုဆွဲလိမ်ကာ ...

"မင်းကို မေးနေတာ..၊ ရွှေရွက်ဝါကို သွားကြည့်ပြီးပြီလားလို့ မေးနေတာ .."

"အား .. နာလိုက်တာ မေမေရာ"

ကျွန်တော် ရှုံ့မဲ့မဲ့နဲ့ နားရွက်ကိုပွတ်ရင်းပြောတော့ မေမေက သူ့ကို မျက်စောင်းထိုးရင်း ...

"ကောင်းတယ်၊ အမေ့ကိုများ သူငယ်ချင်းမှတ်နေလား မသိဘူး"

ပြောပြီး ကျွန်တော့်ဘေးမှာ ဝင်ထိုင်တော့ ...

"ရွှေရွက်ဝါကို သွားကြည့်ပြီး ဘာလုပ်ရမှာလဲ၊ ကားဝယ်သလို ဘော်ဒီကို ခေါက်ကြည့် ..."





"ဟဲ့ ..."

"ဟို .. သူ့လက်မောင်းကို ကိုင်ကြည့်ရမှာလားလို့ ပြောတာ၊ အရုပ်ဖြစ်ကြီးလား၊ အော်ဆွေးလား၊ တိုက်ထားတာလားပေါ့၊ အဲဒီသဘောပါ"

"ဒီကောင်လေး .. ပြောလေဆိုးလေပါလား"

ဒီတစ်ခါတော့ ကျွန်တော်က လျှင်သည်။ ကမန်းကတန်း အမြန်ထကာ ...

"စောပါသေးတယ် မေမေရာ၊ ကိုယ်က ယောကျ်ားလေးရှင်ပဲ၊ ဒိုင်းကောင်းကျောက်ဖိနေရမှာပေါ့၊ အိမ်သာပြင်တယ်ဆိုတာ ဆေးမင်ရည်စုပ်ထိုး ဤသုံးမျိုး မပါရင် ပိုကာတက်မှာ ခေါင်းဈေးတဲ့၊ သွားပြီ ဆိုင်းဘိုင်မှ..."

ကျွန်တော် ကမန်းကတန်းပြောပြီး ကိုဖိုးထောင်နဲ့ ဖိနပ်လဲဖို့ အတွက် ချိန်းထားတဲ့ လက်ဖက်ရည်ဆိုင်ကို လစ်ထွက်လာခဲ့ပါသည်။ ဆိုင်ရောက်တော့ လူစုံတက်စုံပါပဲ။

အောင်ညီမိုးက စပ်ဖြဲဖြဲနဲ့...

"ရွှေ့တဲ့အကွက်တွေကတော့ လှမှလှပဟော့ .."

"ဘာအကွက်လဲ၊ ပွေးကွက်လား၊ ညှင်းကွက်လား"

ကျွန်တော်က ပြောလည်းပြော၊ ထိုင်လည်းထိုင်တော့ ....

"ခြော် .. တုသိုလ်ကံကောင်းတဲ့လူများ အချစ်ကို ရှာတွေ့တော့

www.burmeseclassic.com

www.burmeseclassic.com



လည်း ငါး၏ရဲ့နှစ်ကောင်တောင်၊ ကဲ .. ဆိုပါဦး ..”

“ဘာသီချင်းလဲ”

ကိုဖိုးထောင်က ရယ်နေသည်။ ဖော်ကြီးက မျက်လုံးကြီး ပြူးငြ

သည်။ မျက်လုံးပြူးတဲ့ထဲမှာ ဒီကောင် ရုပ်အဆိုးဆုံးပါ။

“ဟေ့ကောင် ... ရူးသလိုပေါသလို လုပ်မနေနဲ့”

ကျွန်တော် ရယ်ရင်း ...

“ကိုဖိုးထောင် .. ခင်ဗျား ဒီကောင်တွေကို ဘာချွန်တွန်း လုပ်

ထားလဲ”

ကိုဖိုးထောင်က မင်သေသေ။

“ဘာမှမပြောပါဘူးကွာ၊ မင်းကောင်မလေး ပြန်လာတော့ ..”

“ဟေ့လူ .. ဘာ ကျွန်တော့်ကောင်မလေးလဲ ..”

“အေးပါကွာ .. စကားအဖြစ် ပြောတာပါ၊ ကောင်မလေး ပြန်လာ

တော့ မင်းကိုလည်း မတွေ့ရော .. ကောင်မလေးမျက်ဝန်းမှာ .. ဘယ်

လိုပြောမလဲ ..”

“ထပြီး ပြောလို့လား”

“ဟေ့ကောင် .. စကားအကောင်းပြောနေတာ နားထောင်

ကောင်မလေးမျက်ဝန်းမှာ ဆန္ဒတစ်ခုခု ... ခံစားချက်တစ်ခုခု လောင်

ကျွမ်းနေတဲ့ပုံကွ”

“မီးသတ်ကို ခေါ် လိုက်ပေါ့ဗျာ”





ကျွန်တော်က အရေးမပါသလိုပြောတော့ ကိုဖိုးထောင်က မျက်

မှောင်ကြီးကြုတ်ကာ ကြည့်သည်။

“ဒါဆို .. မင်း ဘယ်သူ့ကို ချိန်မလဲ”

“ချိန်ရအောင် ငါက ချေးသည်မှမဟုတ်တာ အောင်ညိမ်းရာ”

“မင်း မချိန်ချင်ရင် ငါတို့ ချိန်မယ်လေ”

ဖော်ကြီးရဲ့ စပ်ဖြဲဖြဲစကားကြောင့် ကျွန်တော်လည်း မြစပ်စပ်

စကားကို ပြောလိုက်ပါတယ်။

“ဒါတော့ အားနာစရာကွာ ..”

“ခွေးကောင် ..”

ကျွန်တော့်စကားကြောင့် ဆဲတဲ့သူနဲ့ ဖော်ပိုးကိုအုပ်တဲ့သူတွေ

ဆူညံသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ရီ .."

ဆိုက်ကားသမားတစ်ယောက်က ဖိုးဝတ်ရည်ကိုမြင်တော့ လှမ်းအော်သည်။ ဖိုးဝတ်ရည်က ရှက်ပြုံးနဲ့ ခေါင်းငုံ့နေပါသည်။

ကျွန်တော် ဆိုက်ကားကိုတွန်းလာရင်း သူမရှေ့မှာ ရပ်လိုက်သည်။ သူမက ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး သူမက တရုတ်သိုင်းစာအုပ်ထဲကလို ဓားထုတ်ချိန်တောင်မရတဲ့ အပြုံးသိုင်းကွက်နဲ့ ကျွန်တော့်ကို တည်ခင်း စည့်ခံပါသည်။

မနက်ခင်းရဲ့ဆွမွှန်ကောင်းများစွာနဲ့ သုံ့ဖွမ်းနေတဲ့အပြုံးလို့ ဒီသိုင်းကွက်ကို နာမည်သတ်မှတ်ရမလား ..၊

"ဒါနဲ့ ရှင့်နာမည်က ..."

"ချက်ကြီး .."

"ရှင်နော် .."



သူမရဲ့ ပြုံးစုစုအသံလေးက ချစ်စရာလေးပါ။

"တကယ် ပြောတာ .."

ကျွန်တော် ခြေးစို့အောင်နင်းရင်း ပြောတော့ သူမက ရယ်ချင်တာနဲ့ ...

"မဖြစ်နိုင်ပါဘူး။ ရှင် အမှန်အတိုင်း ပြောစမ်းပါ"

"ရော .. ခက်နေပြန်ပြီ ကဲ .. ကျွန်တော့်နာမည်အမှန်က သာဂိ.."

သူမ ခစ်ခနဲနေအောင် ရယ်သည်။

"ခင်ဗျား ချစ်စနိုးနဲ့ အဖျားဆွတ်ခေါ်ချင်ရင် ကိုဂိလို့ ခေါ်ပေါ့"

"အံမာ .. ဘာလို့ခေါ်ရမှာလဲ၊ ချစ်စနိုးဦးနဲ့လည်း မခေါ်နိုင်ဘူး၊ ဖဝင်းခင်နဲ့လည်း မခေါ်နိုင်ဘူး"

"နာမည်က အရေးမကြီးပါဘူးဗျာ၊ ဒါနဲ့ ခင်ဗျားကို အရေးတကြီး တိုင်ပင်စရာရှိတယ်၊ သိတာမကြာသေးတော့ တိုင်ပင်လို့ ကောင်းပါ့မလားလို့ စဉ်းတော့ စဉ်းစားမိတယ်"

သူမက ပြုံးရင်း ...

"မလိုပါဘူးရှင်၊ တွေ့တာ မကြာသေးပေမယ့် မိတ်ဆွေရင်းလို ခင်ခင်နိုင်ပါတယ် ကိုဂိရယ် .."

သူမရဲ့အခေါ်အဝေါ်ကြောင့် ကျွန်တော် ပြုံးမိသည်။

"အေးဗျာ ... ကျေးဇူးပဲ၊ ဒီလိုဗျ"

"အင်း .. ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခင်ဗျားကို ချစ်တယ်"

"ရှင်!... ဟာ ..."

သူမ ရုတ်တရက် အံ့သြသွားပြီး ရှက်ကိုးရှက်ကန်းနဲ့အော်တော့။

"ရှက်ရမ်းရမ်းပြီး ဆင်းမပြေးသွားနဲ့ဦးနော်"

"ရှင်နော် .."

သူမ စိတ်ဆိုးချင်ယောင်ဆောင်နေမှန်း ကျွန်တော် သိပါသည်။

"ကျွန်တော် စိတ်ကူးထားတာဗျ။ ခင်ဗျားနဲ့ ကျွန်တော် ချစ်သူတွေ ဖြစ်ရင် ဘာနဲ့တူလဲဆိုတော့ စက်ဘီးနဲ့တူတယ်"

သူမက ရှက်ရမလို ရယ်ရမလို ဖြစ်နေပါသည်။

"ဘာတွေမှန်းလည်း မသိဘူး"

"ဟုတ်တယ်လေ၊ စက်ဘီးဆိုတာ ဘီးနှစ်ဘီးပဲပါတာ၊ ခင်ဗျားက တစ်ဘီး၊ ကျွန်တော်ကတစ်ဘီး၊ ဘီးနှစ်ဘီးပေါင်းပြီး ဘဝဆိုတဲ့ လမ်းမကြီးကို ဖြတ်ရတာ၊ အဲ .. သားသားလေး ဖြစ်ဖြစ်၊ မီးမီးလေး ဖြစ်ဖြစ် ထွန်းကားလာရင် ..."

ပိုးဝတ်ရည် သူ့စကားကြောင့် မျက်နှာကို ဘယ်လိုထားရမှန်း မသိ..။

"အဲဒါဆို ဆိုက်ကား ဖြစ်သွားပြီ"

ပိုးဝတ်ရည် လွှတ်ခနဲ မေးမိသည်။

မေးပြီးမှ နောင်တရမိသည်။





"ဒါဆို ကလေးနှစ်ယောက်ဆိုရင်ရော .."

"ဟာ .. ခင်ဗျားက နှစ်ယောက်တောင် ယူမှာလား"

"ရှင်နော် ... ကျွန်မက အဖြစ်ပြောတာ .."

"အဖြစ်လည်း မွေးရမှာပဲဗျ"

သူမကေ့ မျက်စောင်းတွေ လိုမ့်လွှတ်သည်။

"အဲဒါဆို ကားဖြစ်သွားပြီ"

"ဒါဆို သုံးယောက်ဆိုရင်ရော .."

"အဲဒါက ဘီးပို .."

ပြောလည်းပြော စက်ရုံရှေ့လည်းရောက်ပါပြီ။ သူမက ဆင်းပြီး ဆိုက်ကားခပေးတော့ ...

"ခင်ဗျား ဒီနေ့အထိ ကျွန်တော့်ဆိုက်ကားစီးတာ ဘယ်လောက်ရှိပြီလဲ သိလား"

သူမက ခေါင်းခါတော့ ...

"ဆိုက်ကားခတွေ ပေါင်းလိုက်ရင် ထောင့်ငါးရာရှိနေပြီ"

သူမက နှုတ်ခမ်းကိုက်ပြသည်။ အသည်းကောင်းလို့ ပွဲတောင်းတာလား ပိုးဝတ်ရည်ရယ် ..၊

"ကျွန်တော် စက်ဘီးလေးဖြစ်ချင်နေပြီ ပိုးဝတ်ရည်၊ ဖြေပါဦး"

သူမက ဝတ်ဝန်းကျင်ကိုစိုးကြည့်လိုက်ရင်း ပြုံး၍ မျက်လွှာချကာ အစုလိုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ .. ရှင့်ရဲ့နောက်ဘီးလေး ဖြစ်သင့်လား မဖြစ်သင့်လား စဉ်းစားဦးမယ်လေ"

ကျွန်တော် ပျော်သွားပါသည်။ သူမ လှည့်ထွက်မယ်လုပ်တော့..

"ပိုးဝတ်ရည် .."

သူမက လှည့်ကြည့်သည်။

"စဉ်းစားတာထက်စာရင် ကြော်စားတာ ပိုကောင်းမယ်ထင်တယ်နော်၊ ကဲ .. သွားပြီ"

သူမ မျက်စောင်းထိုးဖို့ အချိန်မရလိုက်၊ ကျွန်တော် နင်းပြေးပါသည်။

အဲဒီအထိ ကျွန်တော် အချစ်ဆိုတာကို မသိခဲ့သေးပါ။





"ဟဲ့ .. ပိုက်ဆံပြန်အမ်းလေ"

အဲဒီအသံကြောင့် ကျွန်တော် ငုံ့ကြည့်လိုက်တော့ ဟိုကောင်မလေး။ ဖိနပ်ပြတ်တဲ့ကောင်မလေးပါ။ ကြည့်ရတာ သင်တန်းသွားမလို့ ထင်ပါတယ်။ ကျွန်တော်လည်း ကိုဖိုးထောင်ဆီအသွား လိုင်းကားပေါ်မှာ ဆုံမိကြခြင်းဖြစ်သည်။

သူမက ကျွန်တော့်ကို သတိမထားမိသေး။ စပယ်ယာကလည်း တစ်နေ့တစ်နေ့ အကြွေအမ်းရတဲ့ ပြဿနာကြောင့် သွေးတက်နေသလို စိတ်ညစ်နေပုံရသည်။

သူမ လက်ထဲက ပိုက်ဆံတွေကိုဖြန့်ပြကာ ...

"ပေးမှာပါ ကျေးဇူးရှင်ရယ်၊ တကယ် မရှိလို့ပါဗျ"

"ဟဲ့ .. ငါက ရှေ့မှတ်တိုင်မှာ ဆင်းရမှာဟဲ့"

"ခုက္ခပဲ"



www.burmeseclassic.com

www.burmeseclassic.com



စပယ်ယာက ခေါင်းကုတ်ပြီး ခိုအကောင်တစ်ရာနဲ့ ညီမျှတဲ့စကား ကို ဆိုတော့ ...

"ရော့ ..."

ကျွန်တော် နှစ်ရာတန်ထုတ်ပေးတော့ စပယ်ယာက ကျောက် စိမ်းတုံးတစ်တုံးရလိုက်တဲ့မျက်နှာလို ဝင်းလက်သွားပြီး သူမကလည်း ဖျတ်ခနဲ လှည့်ကြည့် မှတ်မိသွားကာ ...

"ဟာ!... အစ်ကို .. ဟို .."

"လုပ်မနေနဲ့ ယူထားလိုက်"

စပယ်ယာက သူမ တစ်ထောင်တန်ကိုပြန်ပေးပြီး ကျွန်တော့်ကို ဆလံပြကာ ....

"ကျေးဇူး ဆယ်ခါတင်လိုက်တာဗျာ"

"တစ်ခုပဲပေးပါဗျာ၊ တော်ကြာ အကြွေးအမ်းရခက်နေဦးမယ်"

စပယ်ယာက သူ့စကားကြောင့် သဘောကျစွာရယ်သည်။ နှစ် ယောက်သား ကားပေါ် ကဆင်းတော့ ...

"အစ်ကို အချိန်ရသေးလားဟင်"

"ရပါတယ်"

သူမက ဖျတ်ခနဲပွင့်လိုက်တဲ့ ပန်းကလေးလို ရယ်ရင်း ...

"အစ်ကို့ကို ကျွန်မ တစ်ခုခု လိုက်ကျွေးမလို့ .."

"ဘာလဲ၊ ကင်းမြီးကောက်စွပ်ပြုတ်တို့ အိမ်မြှောင်ရိုးချဉ်တို့လား"





"အစ်ကိုကလည်း အတော်ပျော်တတ်ပုံပဲနော်"

"ပျော်ဆို .. အစ်ကိုက တပေါင်းလကြီး မွေးတာကိုး .."

"ရှင်!..."

"ဪ .. မွေးမွေးချင်း အူဝဲလို့မအော်ဘဲ ဟဲဟဲဟဲဟဲနဲ့ ရယ် နေတာတဲ့"

နောက်မှန်းသိလို့ ကောင်မလေးက ရယ်သည်။

"အဲဒါ သူနာပြုဆရာမက ဖါ့ကိုလှောင်ရမလားဆိုပြီး ကျွန်တော့် အစား သူငိုပေးတာတဲ့"

"တော်ပါတော့ အစ်ကိုရယ်၊ ဒီမှာရယ်ရလွန်းလို့ .."

"ဘာလဲ .. ရှုံ့ရှုံ့တွေ ထွက်ကျလို့တဲ့၊ အဲဒါတော့ မကျညီနိုင် ဘူးနော်"

ကောင်မလေးက ရယ်ရလွန်းလို့ မျက်ရည်ပါစို့တက်နေပါသည်။

"လာ .. အစ်ကို"

ရုတ်တရက် ကျွန်တော့်လက်ကို ဆွဲပြီးခေါ်တော့ ...

"တို့ .. အစ်ကိုတွေ မြင်မယ်နော်"

"ဟာ!..."

ကောင်မလေးက ရှက်ပြီး လက်ကိုလွှတ်ကာ ဆိုင်ထဲဝင်သည်။ ဆိုင်က တရုတ် အစားအစာဆိုင်။ နှစ်ယောက်အတူထိုင်တော့ စားပွဲ ထိုးက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစားမလဲ ခင်ဗျ"

ကျွန်တော်က ခပ်တည်တည်နဲ့ ...

"ကောက်ညှင်းပေါင်း"

ကောင်မလေးက ခစ်ခနဲ၊ စားပွဲထိုးလေးက ခေါင်းကုတ်ရင်း ...

"ဟာ .. အဲဒါ မရဘူး"

"မသိဘူးလေ၊ ငါညီပဲ ဘာစားမလဲဆိုတော့ ..."

စားပွဲထိုးလေးက စမှန်းသိသွားတော့ ပြုံးသည်။ ကောင်မလေးက မှာသည်။

"ကြေးအိုး .."

ကျွန်တော်က ...

"ဒန်အိုး .. အဲလေ .. ရှမ်းခေါက်ဆွဲအရည်"

စားပွဲထိုးလေး ထွက်သွားတော့ ...

"အစ်ကို့ကို အဲဒီနေ့က ဘယ်လိုကျေးဇူးတင်မှန်း မသိဘူး"

"ခုခုပြီး ကျေးဇူးတင်ပေါ့"

"ရှင် ..."

"ဪ .. ဘယ်လိုတင်ရမှန်း မသိဘူးဆို .."

ကောင်မလေးက မျက်စောင်းထိုးလာပါသည်။ မိန်းကလေးတွေများ အခွင့်အရေးပေးလို့ မရတာကြည့်..။

"ဟော့ .. ကျေးဇူးရှင်ကို မျက်စောင်းမထိုးကောင်းဘူးနော်၊ နေပါဦး .. မင်းက ဘာသင်တန်းတွေ တက်နေတာလဲ"



"စာရင်းကိုင်ဒီပလိုမာ .."

"ဪ.. စာရင်းကိုင်ဒီပလိုမာ သင်တန်းပြီးရင် စာရင်းရှင်ဒီပလိုမာ ဆက်တက်ရမှာပေါ့"

"အစ်ကိုနော် ..၊ ဒါနဲ့ အစ်ကို့နာမည်က .."

"ကိုမ်းစ်ဘွန်း"

"မနောက်ပါနဲ့ အစ်ကိုရယ်"

"မနောက်ပါဘူး ညီမရယ်"

စားစရာတွေလာချတော့ သူမ ဇွန်းတစ်စုံကိုယူပြီး ရေနွေးနဲ့ ဆေးသည်။ ပြီးတော့ ကျွန်တော့်ကို ကမ်းပေးသည်။ သူမက တူနဲ့ ကြေးအိုးကို မွှေနောက်ရင်း ...

"ညီမနာမည်က ယုဝေ တဲ့"

"ဘယ်လို .. ရူးနေ .."

"ဟာ .. အစ်ကိုနော်"

ကျွန်တော်က သူမပုံစံလေးကြောင့် သဘောကျစွာ ပြုံးသည်။

"ဒါနဲ့ အစ်ကို့နာမည်က ..."

ကျွန်တော် အမှတ်တမဲ့ ဆိုင်မှာချိတ်ထားတဲ့ပြက္ခဒိန်ထဲက မင်းသား လှမင်းကို လှမ်းတွေ့လိုက်သည်။

"လှဖြင်း .."





www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. နာမည်ကြီးတလည်း .."

သူမက မကျေမနပ်နဲ့ဆိုတော့ ...

"သြော် .. တို့အဖေက လူမှန်ရင် ငြင်းတတ်ရမယ်တဲ့၊ ငြင်းခုံခြင်းသည် သလိပ်ကို ကြေစေ၏၊ ရင်ကိုချောင်စေ၏၊ အားကစားစိတ်ဓာတ်အပြည့်နဲ့ ငြင်းကိုငြင်းရမယ်တဲ့၊ ငြင်းတတ်မှ ရှင်သန်မယ်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပေးထားတဲ့နာမည်၊ ဘာတဲ့ .. ဗေဒင်ဆရာ ဆရာဆံနီနီဝို.."

"ဆရာစံဓာတ်ဘိုပါ အစ်ကိုရာ"

"အေး .. ဟုတ်တယ် .. ဟုတ်တယ်"

စားသောက်ပြီးစီးသွားချိန် ရှင်းဖို့ သူမကပြင်တော့ ကျွန်တော် အိတ်ကပ်ထဲ လက်နှိုက်လိုက်သည်။ သူမက ...

"ဟာ!... မလုပ်နဲ့၊ ယုဝေ ရှင်းမှာပါ"

"မဟုတ်ပါဘူး၊ သွားကြားထိုးတံ ရှာတာ .."

သူမက မျက်စောင်းထိုးသည်။

ဘယ်လိုကောင်မလေးတွေမှန်း မသိဘူး။ ခင်မင်ရုံရှိသေး .. အခွင့်အရေးက ယူချင်ပြီလေ ..။





"သွားပြီနော် ကိုငြင်း၊ ဟိုအစ်ကိုကြီးလည်း သွားပြီ .."

"ဟော့ကောင် ... ဘယ်လို ဘယ်လို တွေ့တာလဲ၊ နေပါဦး .. မင်းနာမည်က ..."

ကျွန်တော် ကားပေါ်မှာ စတွေ့ရာကစပြီး အခု ဒီရောက်သည်အထိ ပြောပြတော့ ကိုဖိုးထောင် မပြောနဲ့ ဘေးဆိုင်က မစိမ်းတောင် အားရပါးရ ရယ်ပါတော့သည်။

"မင်းကတော့ တကယ့်ကောင်ပဲ၊ ဒါဆိုရင် အခြေအနေက .."

ကျွန်တော် ရယ်မိသည်။

"ဘာအခြေအနေမှ မရှိဘူး။ ကျွန်တော် ဖရိုဖိုစိ လုပ်ထားတာက ဗိုဇဝတ်ရည်လေ၊ ယုဝေမှ မဟုတ်တာ"

"နမြောစရာကွာ .."

ကိုဖိုးထောင် ပြောလည်း ပြောစရာပါ။ ယုဝေက မိန်းမချောစာရင်းထဲမှာပါသည်။ အထူးသဖြင့် သူမရဲ့ မျက်ဝန်းတစ်စုံနဲ့ နှာခေါင်းလှလှကြောင့် ထူးကဲလှပတယ်ဆိုရင် ပိုမှန်ပါလိမ့်မယ်။ ယောကျ်ား



www.burmeseclassic.com

တစ်ယောက်ရဲ့နှလုံးသားကို နိုင်းကောင်းစေတဲ့လက်နက်တစ်ခုဆိုရင် ပိုပြီး ပြည့်စုံပါလိမ့်မယ်။ ဘေးဆိုင်က မစိမ်းက လှမ်းပြောပါတယ်။

"ဟဲ့ .. ချစ်စရာလေးနော်"

မစိမ်းစကားကြောင့် ကိုဖိုးထောင်က ...

"ငါ့ကို ပြောတာလား မစိမ်း"

"သေလိုက်ပါလား။ ဖိုးထောင်ရ နော် .. နင့် ဒီရက်ထဲ လူကို မထိခလုတ် ထိခလုတ်နဲ့"

ကိုဖိုးထောင်က စပ်ဖြဲဖြဲ ...။

"မီးလာမလာ စမ်းကြည့်တာပါ"

မစိမ်းက မျက်စောင်းထိုးသည်။ မစိမ်းက ယောကျ်ားမရှိ။ ယောကျ်ားက လွန်ခဲ့တဲ့ငါးနှစ်က ဆုံးပါးသွားခဲ့ပါသည်တဲ့။ ကလေးတော့ မရခဲ့ပါ။

"ယောကျ်ားတွေများ နိုင်ငံခြားက ကမ္ဘာကျော်ဘောသမားတွေ ကျနေတာပဲ၊ အခွင့်အရေးမပေးလိုက်ချဲ့ ဂိုးထဲ ကန်မယ်ဆိုတာချည်းပဲ၊ ဟွန်း .. ပြောကိုမပြောချင်ဘူး"

"ငါသွင်းမယ့်ဂိုးက ဘဝဇာတ်သိမ်းတဲ့ ဂိုးပါ စိမ်းရယ်၊ ကျေးဇူးပြုပြီး ကန်ခွင့်ပေးပါဟာ"

ကိုဖိုးထောင် စကားကြောင့် ကျွန်တော်ရယ်သည်။ မစိမ်းလည်း ရယ်ချင်ဟန်ရှိသည်။





"အင်း .. တကယ်တော့ ငါ့ဘဝဟာ အထီးကျန်ပါ စိမ်းရယ်"

"အထီးကျန်နေရင်လည်း မိုးကာခေါင်ပေါ့ ဖိုးထောင်ရယ်"

မစိမ်းနဲ့ကိုဖိုးထောင်ရဲ့ ဆင်ဖွေ့ရန်ရှောင်သိုင်းကွက်တွေက ပိုမြိုင်လာပါတယ်။

"ဖိုးထောင်ဘဝက ပုဆိုးပေါင်ပြီး ကကျိုးကကြောင်ဖြစ်နေရတဲ့ ဘဝပါ၊ အစိမ်းကယ်မှ သိန်းတစ်ရာဆယ်ခါပေါက်သလို ထည်ဝါတောက်ပ မယ့်ဘဝပါနော်"

"စာတ်ရှုးနဲ့ လာတွေ့နေတယ်၊ တကယ်ပဲ .."

"ဘာတွေရှုးနေကြတာလဲဗျ"

အောင်ညိမ်းတို့တစ်ရှည်း ဝင်လာရင်း အောင်ညိမ်းက မေးတော့..

"ငါ့ဘဝစိမ်းလန်းစိုပြေရေးအစီအစဉ်ကို အစီရင်ခံစာ တင်သွင်းနေတာပါကွာ"

ကိုဖိုးထောင်က မစိမ်းကို မေးငေါ့ရင်းပြောတော့ မစိမ်းက သူမ ရောင်းနေတဲ့ တရုတ်ဖြစ်အင်္ကျီထုပ်နဲ့ ကောက်ပေါက်တော့ ခေါင်းကြီးက..

"တွေ့လား .. အစုကတည်းက အထာနဲ့ ကိုဖိုးထောင်အတွက် အကျီလှမ်းပေးနေပြီ"

"ဟဲ့ .. ကောင်လေးတွေ .. တော်တော့နော်"

ဘေးနားက သူတို့လို လမ်းဘေးဈေးသည်တွေက တဟားဟား..၊ မစိမ်းက ရှက်ကိုးရှက်ကန်း ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ .. အခြေအနေ .."

ဖော်ကြီးက ကျွန်တော့်ဘေးမှာ ဝင်ထိုင်ရင်းပြောတော့ ...

"ဘာကို .. ဘယ်လိုလဲ"

"ဟေ့ကောင် .. မင်း အဖြေရပြီလား"

"ဆေးစစ်တဲ့အဖြေလွှာလား"

ကျွန်တော်က ကုမ္ပဏီတစ်ခုမှာ အလုပ်လျှောက်ထားသောကြောင့် ဆေးစစ်အဖြေလွှာထင်ပြီး မေးမိခြင်းပါ။

"ဟေ့ကောင် .. မင်းရဲ့မန်နေဂျာမလေး အခြေအနေ .."

"သိတော့ သိရတော့မှာပေါ့"

"မကြာမီ လာမည်ပေါ့၊ coming soon ပေါ့"

"ဒါပေါ့"

"ဒါပေါ့နေရင် ဟိုဘက်ဟာ သောက်ပေါ့ကွာ"

ဖော်ကြီးက ကျွန်တော့်ကို ပြန်နှောက်နေသေးသည်။ ကိုဖိုးထောင်က စီးကရက်မီးညှိရင်း ...

"မင်းတို့ကောင်က ဒီရက်အတွင်း စန်းထနေတယ်နော်"

"မဟုတ်ပါဘူးဗျာ"

ကျွန်တော့်အငြင်းစကားကြောင့် ဟိုနှစ်ကောင်က တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ...

"ဟေ့ကောင် .. ဘာခွင်တွေမိပြီး ဘယ်ဂဏန်းက ကလင်ဒါ ...



နေတာလဲ"

"မဟုတ်ပါဘူးကွာ"

ကိုဖိုးထောင်က ရယ်ကျဲကျဲနဲ့ အတို့အထောင်လုပ်နေသေးသည်။

"ချစ်ခြင်းအစ ဖိနပ်ကဆိုတဲ့ ကောင်မလေးကွ"

အောင်ညီမင်းက နားလည်သဘောပေါက် ဖြန့်ပါသည်။

"ယောကျ်ားသုံးလေးလား"

"ဟေ့ကောင် .. ဘာလဲ၊ စကားကို ဆင်ခြင်ပြောနော်"

"ဂျုတ်ကိုပြောတာပါ"

"တော်သေးတာပေါ့ကွာ"

"ကဲ .. ဆိုစမ်းပါဦး"

ဖော်ကြီးက သိချင်နေတာကြောင့် ကျွန်တော်က မတော်တကြောင်း ငြင်းရပါသည်။

"ဘာမှမဟုတ်ပါဘူးကွာ၊ ဘတ်စ်ကားပေါ်မှာတွေ့ကြရင်း အကြွေမရှိလို့ ကားခစိုက်ပေးရင်း ဟိုနေ့ကကိစ္စကို ကျေးဇူးတင်လို့ ရှမ်းခေါက်ဆွဲ လိုက်ကျွေးတာ၊ ဒါပါပဲ"

အောင်ညီမင်းက မဲ့ရွဲ့ရွဲ့နှင့် ...

"ဒါပဲကွ၊ စိတ်မဝင်စားတုန်းကလည်း သူပဲ၊ စိတ်ဝင်စားပြီတော့လည်း ပိုတောင်ပိုနေသေးတယ်၊ ဒါပဲကွ .. လူဆိုတာ လုံးဝမိုးလာတာ မမြင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရှက်စရာကြီးကွာ .."

ဖော်ကြီးက ခပ်တည်တည်နဲ့ပြောတော့ ...

"ပျော့ကောင် .. ထိုးတဲ့လုံကိုပြောတာ .."

"အေးလေ .. ငါလည်း အဲဒါပြောတာ၊ မင်းက ဘာထင်လို့လဲ"

"ငါက မင်းညီမ ထင်လို့ .."

"ငုံညီမမှာ မထင်ဘူး၊ ပေကျုံနေတာ .."

"ပေကျုံနေခဲ့ရင် တူကရော ..."

"တူက ငုံအစ်မသားတွေလေ"

"ဒါဆို မင်းအစ်မသားနဲ့ အမဲသား ဘယ်ဟာက စျေးကြီးလဲ"

"ဟာ .. ဘာတွေမှန်း မသိဘူး"

ကိုမိုးအောင်က နားငြီးလာတာကြောင့် ထပြောတော့ ဖော်ကြီး စပ်ဖြဲဖြဲနဲ့ ...

"ဘာတွေမှန်း သိချင်ရင် လှမ်းကြည့်လေ"

"ဒါဖြင့်ကွာ၊ လုံထမ်းလာတာ မမြင်ဘူးဆိုတာ .."

"ရှက်စရာကြီးကွာ .."

မှန်လုံကိုဝတ္ထုကပ်နေတဲ့ စကားပိုင်းကြောင့် ကိုမိုးအောင် ထပြီး နှစ်ကောင်စလုံးကိုလှမ်းကန်တော့ ဟိုနှစ်ကောင်က တဟားဟားနဲ့ ပြေးပါတော့သတည်း။







ကျွန်း ဆိုတာ ...

မြေသက်မှ နိုင်တဲ့ကျွန်းလေး ..

'ရှီ' ခနဲလေး ...!

ကြံဆိုတာ ကိုက်ထား

အချိုကိုရှာပါမှ၊ ကြံပင်ကို ကြိတ်ထား

သူလည်း 'ရှီ' ခနဲလေး .. အော်သေးပါ

ပေါ့ကွ .. အချစ်ကျတော့

မြေသက်အောင် သူနဲ့ကိုယ်ကကြောင်း

အချိန်တွေနဲ့ ပေါင်းရတယ်၊

မမေ့လည်သူတွေက

'ရှီ' ခနဲ ရှက်လေး

မင်းနဲ့ကိုယ်ကတော့

အချစ် ဆိုတဲ့အရသာကို ရှာပြီ

ခံပါပါလေနဲ့ အားပေး ...!





www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် … မင်းကောင်မလေး သွားပြီ"

"ကြာပြီလား ဦးလေးသက်"

"သိပ်မကြာသေးဘူးဟ၊ အလွန်ဆုံး ငါးမိနစ်ပဲ"

"ဘယ်သူ့ဆိုက်ကားနဲ့လဲ"

ကျွန်တော် ဒီနေ့ ဖေဖေနဲ့အတူ အိမ်မှာ စာရင်းတွေဝိုင်းရှာပေးနေတာကြောင့် နောက်ကျသွားပါသည်။ ဦးလေးသက်က ကွမ်းတံတွေးဖြစ်ခနဲ ထွေးရင်း …

"ကျော်ကြီး ဆိုက်ကားနဲ့ .."

ခေါင်းညိတ်ပြရင်း ကိုထွန်း ဆိုက်ကားပေါ် တက်ခွကာ …

"ကိုထွန်း … ခင်ဗျားအလှည့် ကြာဦးမှာမဟုတ်လား"

"အေး .. သွား .. သွား .."

ကျွန်တော် ဆိုက်ကားကို နင်းထွက်လာခဲ့ပါသည်။





ဒီနေ့မှ ဖေဖေကလည်း အရေးကြီးတဲ့စာရင်းတစ်ခု ပျောက်နေတာကြောင့် ကျွန်တော်လည်း ထွက်လာလို့မကောင်းတာနဲ့ ဝိုင်းရှာပေးရင်း နောက်ကျသွားခြင်းဖြစ်ပါတယ်။ မာတာပိတုဝတ္တော အနေနှင့်ပေါ့လေ။

ကျွန်တော် အထည်ချုပ်စက်ရုံရှေ့ တံခါးဝနားရောက်တော့ သူမကို ရှာကြည့်လည်း မတွေ့ပါ။ ဆိုက်ကားကို ဘေးကပ်ရပ်ပြီး သေချာစဉ်းစားပါ သူမကို ရှာမိပါသည်။ သူမ ကျွန်တော့်ကို ဒီနေ့မနက် အပြေးပေးဖယ်လို့ ပြောထားတာမို့ မရှာလို့တော့ မဖြစ်ပါ။

ကျွန်တော် ဟိုရှာဒီရှာနဲ့ရှာရင်း ပထမဦးဆုံးနေ့က ကျွန်တော့်ကို လှောင်ပြောင်ခဲ့တဲ့အဖွဲ့နဲ့ ပက်ပင်းတိုးပါတယ်။

မိန်းမထုအား များသွားရင် ယောကျ်ားဆိုတာ ကျားအလယ်က ထွန်သူငယ်ပါပဲ။ 'နင်တို့ ရှေ့တိုးမလာနဲ့နော်' လို့လည်း ပြောလို့မကောင်း။ 'အခေါ်လိုက်ရမလား' လို့ပဲ ပြောရမလိုလို။ တကယ်တော့ …

"ဩော် .. ဆိုက်ကားအရိုင်ဘာကြီး"

"ဩော် .. အရမ်းချောတဲ့ ညီမလေးတွေ .."

ကျွန်တော့်စကားက ထိပေါက်သလို ထိရောက်ပါတယ်။ ကောင်မလေးတွေ ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားပါတယ်။ ကိုယ်က အကူအညီတောင်းရမှာဆိုတော့ တနည်းအားဖြင့်ရလာတော့ ဖြစ်ရမယ်လေ။ သဘောထား (အောက်လေ)ပေါ့။ အဲဒီအဖွဲ့ထဲက အသွက်ဆုံးလို့ထင်ရတဲ့ ကောင်မလေးက …



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. မမိုးကို ရှာနေတာလား"

"ဟုတ်တာပေါ့၊ ညီမချောချောလေးတွေရယ် .."

ကျွန်တော့်စကားကြောင့် သူတို့အချင်းချင်း ရယ်ကြသည်။ ဘာ ရယ်စရာမှလည်း မပါတဲ့ ရယ်တာကြောင့် ကျွန်တော် 'လူဆိုး'လို့ နှုတ်တွဲ ပြောလိုက်ချင်ပါတယ်။

"ဟိုမှာလေ ..."

ကောင်မလေး ညွှန်ပြတဲ့လက်တစ်စုံက မလှမ်းမကမ်းက လက် ဖက်ရည်ဆိုင်ကိုပါ။ စက်ရုံအလုပ်ဝင်ချိန်ဆိုတော့ အထည်ချုပ်ဝန်ထမ်း ကောင်မလေးတွေကလည်း အလုပ်လုပ်ရမယ့်အချိန်ကျမှ စက်ရုံထဲဝင် မယ်လို့ ကတိစာကြသလား မသိ။ ဆိုင်မှာ အုပ်စုဖွဲ့ပြီး ကိုရီးယား ကားအကြောင်းပြောတဲ့သူနဲ့ သနပ်ခါး ကိုယ့်ရည်းစားအကြောင်း ဆွေးနွေးနေသူနဲ့ ရုံးရုံးစုပါ။ ကျွန်တော် လူအုပ်ကြားထဲက လှမ်းကြည့် တော့ ကျွန်တော့် ပါးစပ်အဟောင်းသား။

လုပ်ပုံတွေက ကြည့် ...၊ ခပ်ချောချော ဂျင်းပဲန့်ဝတ်လူငယ်တစ် ယောက်က ကျွန်တော်နဲ့ တစောင်းအနေအထား။ ဝတိုင်က R စာနည် လိုလို၊ ဘာလိုလိုစတိုင်နဲ့ သူမကို မှန်မှန့် ကျွေးနေပုံက ကျွန်တော့်နှလုံး သားကို တဆတ်ဆတ် တုန်ချင်နေပါသည်။

"အဲဒါက ..."

ကျွန်တော့်ရဲ့ အံ့အားသင့်ဟန်ကြောင့် ကောင်မလေးက ရယ်ရင်း—





"သူတို့က ချစ်သူတွေလေ၊ ဘာဖြစ်လို့လဲ"

"ဘာ .. ဘာမှမဖြစ်ပါဘူး"

ကောင်မလေးတွေကြားထဲမှာ အသံပြုကြီးနဲ့ မြဲနေ ငိုချလိုက်ချင် တဲ့ဖြစ်ရပ်ပါ။ မိန်းမတွေများ လုံးလုံး မကောင်းကြဘူး။ အစကတည်း က မကြိုက်ရင် ငြင်းလိုက်ပါလား။ အစတုန်းကတော့ ပြန်ကြိုက်မလိုလို ဘာလိုလိုနဲ့ သူတို့များ ရှေ့ချက်နှာနောက်ထားပြီး ကစားရက်ကြသည်။

"ပြန်တော့မလို့လား"

"မပြန်ရင် ငါက မေးလေးထောက်ပြီး ထိုင်ကြည့်နေရမှာလား ပြန်မယ်"

ကျွန်တော် စိတ်တိုတိုနဲ့ပြောတော့ ကောင်မလေးတွေက ရယ် စရာ မဟုတ်တဲ့ ရယ်ကြပါသည်။

တော်ပြီ ...၊ မိန်းမတွေနဲ့ မပတ်သက်တာ ကောင်းတယ်။ ဒါပေ မယ့် ယုဇနဆိုတဲ့ကောင်မလေးကတော့ ခြွင်းချက်ပေါ့။ ဒါဟာ ယောကျ်ား တစ်ယောက်ရဲ့ ယောကျ်ားစကားပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးထောင်နဲ့ အောင်ညိမ်းတို့ ရယ်သံတွေက ဆူညံသွားပါသည်။

"ဒါဆို ယုဝေဘောက် လှည့်ပြီပေါ့"

ကျွန်တော်က စပ်ဖြဲဖြဲနဲ့ ခေါင်းညိတ်မိပါသည်။

"နောက်ဆုံးတော့ အချစ်စစ်အချစ်မှန်ကို ရှာတွေ့ပြီပေါ့"

ကျွန်တော် စပ်ဖြဲဖြဲနဲ့ပြောတော့ အားလုံးက ဝိုင်းရယ်သည်။ ကိုဖိုးထောင်က အခုလို မှတ်ချက်ပေးသည်။

"တော်တော်လည်း အပြောင်းအလဲများတဲ့ကောင်ကွာ၊ အေးလေ ... ယုဝေနဲ့ ဖူးစာပါတာလို့ ဆိုရမှာပေါ့။ ဟော ... ပြောရင်းဆိုရင်းနဲ့ လာပါပြီဗျာ"

ယုဝေက သင်တန်းကပြန်လာရင်း သူတို့ပလက်ဖောင်းပေါ်က ဆိုင်လေးကို အမြဲလာနေကျပါ။ ပြီးတော့ ထုံးစံအတိုင်း ...





"ကိုငြိမ်း .. လက်ဖက်ရည် သိုက်တိုက် .."

ယုဝေက သူ့နာမည်အစစ်အမှန်ကို မမေးတော့ဘဲ ကိုငြိမ်းပဲ ခေါ်တတ်ပါသည်။

"ဟဲ့ .. ငါတို့မပါဘူးလား။ ကလေးမနော် .. ခွဲခြားခွဲခြားနဲ့ .."

ယုဝေက ရှက်ကိုးရှက်ကန်းနဲ့ ...

"ဟာ .. မဟုတ်ပါဘူး ဦးထောင်ကလဲ ...၊ ဦးထောင်က ဆိုင်ဖော်ဖက်နဲ့ဆိုတော့ .."

အောင်ညိမ်းက တမင်ညစ်ချင်တာကြောင့် ...

"ဒါဆိုရင် ငါတို့က အားနေတာပဲ၊ လိုက်ခဲ့မယ်"

ယုဝေက ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်တော့ ကျွန်တော်က ...

"ဟေ့ကောင်တွေ .. မင်းတို့ကိုတိုက်ဖို့ ငါ့မှာ ပိုက်ဆံ မလောက်သွား နေမဲ့ .."

ခေါ်ကြီးက မျက်နှာရှုံ့မဲ့မဲ့နဲ့ ...

"သိပ်သိသာလိုက်တာကွာ၊ အေးလေ ...၊ သူများသားသမီးတွေ ကောင်းစားနေတာ မနော့ယှက်တော့ပါဘူး"

"လာ .. လိုက်ခဲ့ပါ၊ ယုမှော ပါပါတယ်"

ယုဝေက ရှက်ကိုးရှက်ကန်းနဲ့ပြောတော့ အောင်ညိမ်းက စပ်ဖြဲဖြဲနဲ့ —

"မလိုက်တော့ပါဘူးဟာ၊ ငါတို့က အလိုက်သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဘာမှန်းလဲ မသိဘူး ကိုအောင်ညိမ်းကလဲ ..."

"ဟဲ့ .. အဲဒါ ဘာဖြစ်နေတာလဲ၊ ရှက်နေတာလား"

အောင်ညိမ်းက ယုဝေကို အနေခက်အောင် စနေတာကြောင့် ယုဝေ ရှက်ကိုးရှက်ကန်းနဲ့ ရှေ့ကထွက်သွားတော့ ဇော်ကြီးက ...

"ဟေ့ကောင် .. ဒီတစ်ခါ အပြတ်လုပ်ခဲ့နော်"

ကျွန်တော် ခေါင်းညိတ်ပြပြီး ယုဝေ နောက်ကို မပြေးရုံတမယ် လိုက်ခဲ့ရပါတယ်။ ယုဝေ နား ရောက်တော့ ...

"ဟောဗျာ .. မျက်နှာက ရှုပ်နေပါလား"

ယုဝေက သူ့ကို မျက်စောင်းထိုးပြီး ...

"သွားပါ .. သူ့ကြောင့် ဒီက အပြောခံရတာ .."

"ဟောဗျာ .. ဘာလိုင်းကြီး .."

ယုဝေ ဆောင့်ဆောင့်အောင့်အောင့်နဲ့ပြောပြီး ကော်ဖီဆိုင်လေး ထဲ ဝင်သွားပါတယ်။ မျက်နှာကတော့ ရှုပ်နေပါတယ်။

ကျွန်တော် သူမ ကြိုက်တတ်တဲ့ ဘရာဇီးကော်ဖီမှာပြီး ကျွန် တော်ကတော့ ကော်ဖီအေးတစ်ခွက် မှာပါတယ်။

"မထူးပါဘူး ယုဝေရယ်၊ တစ်ခါတည်း စိတ်ဆိုးလက်စနဲ့ ပြောရ တော့မှာပဲ၊ အကြောင်းကြောင်းကြောင့် ကိုယ့်အချစ်ကို လက်ခံပေးပါ နော်"

"ဘာကြီး ... ဘာလို့ လက်ခံရမှာလဲ"





"ဟင် .. ဘာဖြစ်လို့လဲ၊ ယုဝေမှာ ချစ်သူရှိလို့လား"

ယုဝေက မျက်စောင်းထိုးပြန်သည်။ ပြီးတော့ ...

"ရှိတာပေါ့၊ ဟိုမှာ ..."

"ဟင် ..."

ယုဝေက ပြောသည်။ လက်ညှိုးလည်း ညွှန်ပါသည်။ ယုဝေ ညွှန် ပြလိုက်တဲ့လူက ကော်ဖီဘားကောင်တာမှာ ရပ်နေတဲ့ ချာတိတ်၊ ချာတိတ်က လက်လှမ်းပြတော့ ...

"ကိုရဲ ..."

ယုဝေ ဝမ်းသာအားရထွက်သွားတော့ ကျွန်တော် ခေါင်းငိုက်စိုက် ဖြစ်သွားပါသည်။

သွားပြီ .. မင်းဆက်၊ မင်းနှလုံးသားကြီးက ဘယ်သူ့မှ သုံးစားလို့ မရတဲ့၊ ဘယ်မိန်းကလေးမှ လက်သင့်မခံတဲ့ နှလုံးသားကြီး ဖြစ်သွားပြီ မင်းဆက် ...။

ကျွန်တော့်နှလုံးသားမှာ ဘာတွေများခံနေလို့ ဒီလောက်စက်စက် ခဲ ချစ်သူကို ရှာဖွေနေရပါသလဲ။ စည်ပင်ခေါ်ပြီး အဲဒီ ခံနေရတဲ့ဟာ တွေကို ရှင်းပစ်ရင်ကောင်းမယ် ထင်ပါရဲ့။

ခြေလှမ်းတို့က လေးလံစွာ ဆိုင်ထဲက ထွက်ခဲ့မိပါသည်။

ကျွန်တော် ယုဝေနဲ့လွဲချော်ခဲ့ရတဲ့အကြောင်းကို ကိုဖိုးထောင်တို့ ဆီ ပြန်ရောက်လို့ပြောပြတော့ ကိုဖိုးထောင်တို့က စိတ်မကောင်းကြ၊



www.burmeseclassic.com

www.burmeseclassic.com



"တရားနဲ့ဖြေပေါ့ကွာ၊ ဘယ်အရာမှ မတည်မြဲဘူးလေ"

အဲဒါ ‹..?ဒသသာတွေပါကွာ"

"ဒါပေါ့ကွ၊ အဝှပ်ကောင် ရုပ်ဆောင်တယ်ဆိုတာ .."

သူတို့ပြောမှ ကိုယ့်ဘဝက တောထွက်ရမယ့်ကိန်းပဲ။ တောထွက် ..င်ဓ..င် ကိုယ့်ဘဝက ပါရမီဖြည့်ဖက် မရှိ။

"အဲလောက် ..မခြေအနေဆိုးနေတာ၊ ငါ မနက်ဖြန် နယ်သွား မလို့၊ လိုက်ခဲ့ပါလား။ နယ်မှာ ငါ့တူမချောချောလှလှလေးတွေ ရှိတယ် ကိုဆက် .."

ကိုမိုးထောင်စကားကြောင့် ကျွန်တော်က ...

"တော်ပါပြီဗျာ၊ မိန်းမတွေအကြောင်း မကြားချင်ဘူး။ မိန်းမတွေ နဲ့ဝေးရာကိုပဲ သွားတော့မယ်"

"ဘယ်လဲ .."

"အထည်ချုပ်တို့၊ အမျိုးသမီးအိမ်သာတို့ .."

"ဒီလောက်ဖြစ်နေတာတောင် မင်း အတော်မျက်နှာပြောင်တဲ့ ကောင်ပဲ ကိုဆက်၊ မင်း မခံစားရဘူးလား"

"ခံတော့ ခံစားရတာပေါ့ဗျာ၊ ဒါပေမယ့် အသည်းကွဲရတာ ရယ် ချင်နေသလိုပဲ"

"ဒုက္ခော .."

တကယ်လည်း ဟုတ်ပါတယ်။





ကျွန်တော် ဘာဖြစ်မှန်းမသိ၊ ရယ်ပဲ ရယ်ရှင်နေပါတယ်။

"မင်းရောဂါက ပုံစံမကျတဲ့ရောဂါပဲ၊ ဒါမှမဟုတ် မင်း ပေါ့နေတာလား ယို့လား"

"ထင်တာပဲ"

"ကောင်းကွာ .."

အဲဒီနေ့ကစပြီး ဒီနေရာ ဒီအရပ်ကို စွန့်ခွာခဲ့ပါတယ်။

ရင်ထဲမှာ ပိုးဝတ်ရည်ကိုလည်း မေ့ထားပါ..ယ်။ ပိုးဝတ်ရည ပြောခဲ့၊ 'ပိုး' နဲ့ပတ်သက်တဲ့အသံကိုတောင် မကြားချင်၊ နောက်ဆုံး ထမင်းစားရင်တောင် တို့စရာကို ပိုးတီချဉ်ကလွဲပြီး ကျန်တာစားသည်။

ယုဓေ ဆို ပိုဆိုး ...။ မီးဖိုချောင်ထဲသွားလို့ 'ဓေ'နေတဲ့ ယမင်းအိုးကို တွေ့ရင် ရှာခနဲ ပြန်လှည့်ခဲ့သည်..ထိပါ။ အဲဒီလောက်ထိ အမျက်ကြီး ခဲ့သည်။



www.burmeseclassic.com

ဒီလိုနဲ့ ကံမကောင်း အကြောင်းမလှတဲ့ ကျွန်တော့်နှလုံးသား ဟာ အတော်အသင့်တော့ နာကျင်ကြေကွဲခဲ့ပါတယ်။ ရုပ်ပေးတစ်နေရာ မှာရှိတဲ့ ကျွန်တော်နဲ့ပတ်သက်ခဲ့ဖူးတဲ့ ချစ်သူ မဟုတ်တဟုတ်တွေ ကတော့ ကျွန်တော့်အပေါ် ဘယ်လိုခြင်သလဲတော့ မသိ။

ကျွန်တော်ကတော့ အချိန်ကာလရဲ့ နားဝင်အောင် ရှင်းပြမှု ကြောင့် ပိုးတီချဉ်လည်း စားလို့ရပါပြီ။ ထမင်းအိုးဝေနေရင်လည်း လက်နှီးစုတ်နဲ့ အိုးအဖုံး ဝင်ဖွင့်ပေးလို့ ရပါပြီ။

တစ်နေ့တော့ ဖေဖေမအားလို့ အိမ်ကကားနဲ့ မေမေ့ကို ကျောင်း လိုက်ပို့ပေးခဲ့မိပါတယ်။ ကျောင်းရှေ့ရောက်လို့ ကားပေါ်ကဆင်းတော့ မေမေ့သူငယ်ချင်း အန်တီနုရီခင်နဲ့အတူ ယှဉ်ရပ်နေတဲ့ ကောင်မလေး ကို တွေ့ပါတယ်။

တစ်ချိန်မှာ ကျွန်တော်နဲ့ပတ်သက်ရမယ့်သူမှန်း ကျွန်တော်မသိခဲ့





"သားတော်မောင်က လိုက်ပို့တယ်ဆိုပါတော့ ခင်လေး"

"အဲပေါ့ကွ၊ သမီးလေးလည်း လိုက်လာတယ်ဆိုပါတော့"

စည်းဝါးညီအောင် စာတ်တိုက်ထားတဲ့ ကကွက်မှန်း ကျွန်တော် သိခဲ့၏။

"သမီး .. ဒါက အန်တီခင်ရဲ့သား မောင်မင်းဆက်တဲ့၊ ကိုဆက်.. ဒါ အန်တီနုရဲ့သမီး ရွှေရွက်ဝါ တဲ့"

ရွှေပြည်သာ လို့ ကိုဖိုးထောင် မှားခေါ်တတ်တဲ့ ရွှေရွက်ဝါဟာ ချစ်ရာကောင်းတဲ့ ကောင်မလေးမှန်း သူမရဲ့ပါးပေါ်က ပါးချိုင့်လေး ကြည့်ရုံနဲ့ ကျွန်တော် သဘောပေါက်မိပါတယ်။

"ဒါနဲ့ သားများ အားမလားမသိဘူး"

"ဟာ!... မေမေကလဲ .. တစ်ဖက်သားကို အားနာစရာ"

ဂီတသံတစ်ခုနဲ့ဆင်တဲ့ သူမရဲ့ နှုတ်ထွက်စကားက ..၊

"ဟာ!... ရပါတယ်၊ ကျွန်တော်လည်း ဒီကအပြန် အလုပ်မှ ရှိတာ .."

မေမေက ပြုံးသည်။ ကျွန်တော်က မေ့မေ ဘာကြောင့်ရယ်တာ လဲ သိတော့ ရှက်ကိုးရှက်ကန်းနဲ့ ရယ်မိသည်။

"သမီးက YMCA မှာ ပန်းအလှသင်တန်းတက်နေတာလေ၊ သား များ လိုက်ပို့ပေးနိုင်မလား"

"ရပါတယ် အန်တီရယ်၊ ကျွန်တော့်အတွက် အပန်းမကြီးပါဘူး"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"တဲ .. ရွက်ဝါ .. သွားတော့မလား"

"ဟုတ်ကဲ့ .. ကိုဆက် .."

သူမက ချက်ချင်း ရင်းရင်းနှီးနှီးပဲ ဆိုပါသည်။ သူမက ကျွန်တော့်ထက် နည်းနည်းငယ်မယ့်ပုံ ပေါ်သည်။ ကျောပိုးအိတ်လေးကို လွယ်ဒူးစပ်နားအထိရှိတဲ့ ဘောင်းဘီကျပ်ကျပ်နဲ့ တကယ့်ပေါ့ပေါ့ပါးပါးလေးပါ။ သူမက နည်းနည်းပိန်တယ်။ ကားပေါ် ရောက်တော့ ကားမထွက်ခင် မေမေက အန်တီနုရီ ရှေ့မှာပဲ ...

"မင်း သဘောကျတယ် မဟုတ်လား"

မေမေ ဟိုလိုလို ဒီလိုလိုနဲ့ တဲ့တိုးကြီးပြောတော့ အန်တီနုရီက မေမေ့ကို တံတောင်နဲ့လှမ်းတွတ်ပြီး သတိပေးတော့ ...

"ခြော် .. ဒီကားက ဝယ်တာမကြာသေးလို့ပါ နုရီရယ်"

လူကြီးနှစ်ယောက်ရဲ့ရယ်သံက ကျွန်တော့်အတွက် အနေခက်စေပါတယ်။ ကားစထွက်ပြီး သိပ်မကြာပါဘူး။

"ကိုဆက်လည်း သိပြီးရောပေါ့"

"ဘာများလဲ ရွက်ဝါ"

"ခြော် .. လူကြီးတွေ သဘောတူထားကြတာလေ"

ဟိုက် .. တဲ့တိုးပါလားလို့ မအော်မိရုံ တမယ်ပါပဲ။ ကျွန်တော် နောက်ကြည့်မှန်ကနေ ကြည့်လိုက်တော့ ရွက်ဝါ ဖျတ်ခနဲ ကျွန်တော့်ကိုကြည့်ပြီး ပြုံးသည်။ တကယ် သဘာဝအတိုင်း လွတ်လွတ်လပ်လပ်

လေးပါပဲ။

"ရွက်ဝါက ဟန်မဆောင်တတ်ဘူး ကိုဆက်၊ ကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး .. ဒါပဲ"

ကျွန်တော်လည်း ကလိချင်တာကြောင့် ...

"ဒါဆို ကျူပ်ကရော .."

"မဆိုးပါဘူး"

ပြောပုံက ကိုယ်ကပဲ ဒီကောင်မလေး ရွေးချယ်ရမယ့် ဘုန်ပစ္စည်းလိုလို။

"ဒါနဲ့ ရွက်ဝါမှာ အိစီကလီ မရှိဘူးလား"

ကျွန်တော့်စကားကြောင့် ရွက်ဝါက တဟားဟား အော်ရယ်သည်။ ရယ်ပုံကလည်း တကယ့် ပွင့်ပွင့်လင်းလင်းလေးပါ။

"အိစီကလီလည်း မရှိဘူး၊ CCTV လည်း မရှိဘူး။ DVD တော့ ရှိတယ်"

"ဘာလို့မရှိတာလဲ၊ ရွက်ဝါက လှတပတလေးပဲဟာ .."

သူမက နှာခေါင်းရှုံ့ရင်း ...

"မကြိုက်လို့ မရှိတာပေါ့"

"အိမ်ကစကားပဲ နားထောင်မယ်ပေါ့"

သူမက ချစ်စဖွယ်မျက်စောင်းကို အစမ့်ပေးသည်။

"အောင်မာ .. ကိုဆက်က လှလည်ပဲ၊ ကိုဆက်ရော .. ရည်းစား





www.burmeseclassic.com

www.burmeseclassic.com



ရှိလား"

"မရှိပါဘူး"

"မသေးဖူးတာလား"

ကျွန်တော် ရုပ်တည်ကြီးနဲ့ လိမ်လိုက်ပါသည်။

"အင်း .."

သူမက ပြုံးစိစိနဲ့ ...

"ဟုတ်ရော ဟုတ်ရဲ့လား"

"တကယ်ပါဆို .."

"ဒါဆို ရှက်ဝါကို ဘယ်လိုမြင်လဲ"

ကျွန်တော်က နောက်ကြည့်မှန်ကနေ ကြည့်ပြီး ...

"အဖြူးပေါက်ကာစ မျောက်လေးလို့ မြင်တယ်"

"ဒါဆို ကိုဆက်က အဖြူးပေါက်တာကြာပြီပေါ့"

"သေစမ်းဟဲ့ .. ကိုယ့်စကားနဲ့ကိုယ် .."

သူမ အသံထွက်အောင် ရယ်ပါသည်။

"ကိုဆက်နဲ့ စကားပြောရတာ တကယ်ပျော်စရာကောင်းတယ်"

"ဒါဆို နေ့တိုင်းလာခဲ့မယ်လေ"

"ဒါက ဘာစကားလဲ"

"ယောကျ်ားစကား။ လူပျိုစကား .."

သူမက ပြုံးစိစိနဲ့ မျက်ဝန်းထောင့်ကပ် လှမ်းကြည့်ပြီး ...





"မလာနဲ့ဆိုရင်ရော .."

"တစ်ညလုံး အိပ်လို့ရမှာ မဟုတ်ဘူး"

"မြင်ကိုက်လို့လား"

"ဟင့်အင်း .. အလွမ်းကိုက်လို့ .."

"ဪ .. ချက်ချင်း ရောဂါကဝင်သွားတာပဲ .. ကျွတ် .. ကျွတ်.."

"ကိုယ်က ကျွတ်မဟုတ်ပါဘူး။ တီကောင်ပါ"

ကျွန်တော့်စကားကြောင့် ရှက်ဝါက သဘောကျစွာရယ်သည်။

YMCA ရှေ့ရောက်တော့ သူမက ဆင်းရင်း ကားမထွက်ခင် စကားတစ်ခွန်းကို ပြောပါတယ်။

"ကိုဆက် .. အိပ်ရေးဝဝ အိပ်လို့ရပြီ"

ပြောပြီး သူမ ရှာခနဲ ပြေးထွက်သွားပါတယ်။ ကျွန်တော် ဝမ်းသာအားရနဲ့ လေချွန်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ သူမကို သွားကြိုလိုက်၊ သွားပို့လိုက်၊ ညကျရင် ဖုန်းနဲ့ စကားပြောလိုက်နဲ့ ကျွန်တော်နဲ့ ရှက်ဝါဟာ ချစ်တယ်လို့ တစ်ခွန်းမပြောရတဲ့ ရည်းစားဘဝကို ရောက်ခဲ့ပါတယ်။ အိမ်ကလည်း ကျေနပ်နေကြပါတယ်။ ကျွန်တော်လည်း ကျေနပ်နေပါတယ်။

တစ်နေ့တော့ပေါ့ ..။

"ဟော့ကောင် .. ညှိသည်ပါတယ်"

အိမ်ရှေ့က ဆိုက်ကားဘဲလ်တီးသံနဲ့အတူ ကိုကျားကြီးရဲ့အသံကြောင့် အိမ်ထဲက ကမန်းကတန်း ပြေးထွက်လာတော့ ကိုကျားကြီးဆိုက်ကားပေါ်မှာ ကျွန်တော့်ကို အပြုံးလေးနဲ့စောင့်ကြိုနေတဲ့ ကာစ်ခါက အတိတ်ဟောင်းလေး ..။

"ဝရမ်းပြေးကို မနည်း လိုက်ဖမ်းနေရတယ်နော်"

သူမ ပြောပုံလေးကြောင့် ကျွန်တော် ဘာပြောရမှန်း မသိ။





"ကဲ .. ဆိုက်ကားပေါ်တက်"

ကျွန်တော် မတတ်သလို့ အလျှော့ပေးရတဲ့ပုံစံနဲ့ ဆိုက်ကားနောက်ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါတယ်။

"ဘယ်နေရာရမလဲ ငါ့ညီမ"

"အေးအေးဆေးဆေး စကားပြောလို့ရမယ့် ဆိုင်တစ်ဆိုင်ပေါ့"

လမ်းမှာ ကျွန်တော်နဲ့ သူမ စကားတစ်ခွန်းမှ မပြောဖြစ်ကြပါဘူး။ အေးအေးဆေးဆေး စကားပြောလို့ရမယ့်ဆိုင်ရှေ့ ရောက်တော့ သူမက ဆိုက်ကားခထုတ်ပေးဖို့ လုပ်နေတုန်း ...

"မပေးနဲ့ ပိုးဝတ်ရည်၊ ကိုကျား .. နောက်မှယူတော့ .."

"ရတယ်၊ သွားပြီ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ကျွန်တော်တို့ ဆိုင်ထဲရောက်တော့ ကြံရည်နှစ်ခွက် မှာလိုက်ပါတယ်။

"ရှင် ဘာလို့မလာတော့တာလဲ ကိုချက်ကြီး .."

သူမက ကျွန်တော် နောက်ပြောင်ပြီးပြောထားတဲ့နာမည်ကို ခေါ်သည်။

"ဟို ..."

ကျွန်တော် စကားမပြောဖို့ ခက်နေပါသည်။ သူမက လှစ်ခနဲ ပြုံးပြီး ခစ်ခနဲ ရယ်ပါတယ်။ ကျွန်တော့်ကို ပြုံးစိစိနဲ့ကြည့်ပြီး...

"ရှင့်ကို ကျွန်မစက်ရုံက ကောင်မလေးတွေ ပြောလိုက်တာကို



www.burmeseclassic.com

www.burmeseclassic.com



တကယ်ထင်သွားတာကိုး"

"ဗျာ!..."

ကျွန်တော့်ရဲ့ ကြောင်တောင်တောင် အာမေဋိတ်သံကြောင့် သူမက မျက်စောင်းလှလှထိုးပြီး ...

"တကယ့်လူပဲ၊ ရှင် တွေ့လိုက်တဲ့လူက ယောကျ်ားလေး မဟုတ်ဘူး။ ကျွန်မနဲ့ ကျောင်းတုန်းကသူငယ်ချင်း ဖူးပွင့်၊ သူက ယောကျ်ားလျာ၊ ကျွန်မစက်ရုံကို အားရင် လာလည်နေကျ"

"အိုဆို ..."

သူမက မြူးစူးစူးအပြုံးလေးနဲ့ အခုလို ပြောပါတယ်။

"ရှင့်ကို ဟိုအုပ်စုက နောက်လွှတ်လိုက်တာ၊ ဒီကတော့ ချော်နေလိုက်ရတာ .."

"ဗုဒ္ဓေါ ..."

ကျွန်တော် တုရားတာ့တော့ သူမက ...

"ဘာလို့ချော်နေရတာလဲဆိုတာ ရှင် သဘောပေါက်မှာပေါ့"

ခေါင်းထဲမှာ ကြယ်တွေလတွေ မြင်ရစေလောက်တဲ့ သူမရဲ့ စကား ...။

"ရှင် ဘာကြောင့်လဲလို့ မမေးတော့ဘူးလား ကိုချက် .."

"ဘာ .. ဘာကြောင့် ..."

အရေးထဲ စကားက ထစ်နေတော့ သူမက ဘယ်လိုထင်သွား





သည်မသိ၊ ရှက်ပြုံးနဲ့ ခေါင်းငုံ့ရင်း ...

"ရှင့်အချစ်ကို လက်ခံလို့ပေါ့"

"ဗျာ!..."

ပါးစပ်အဟောင်းသားနဲ့ဖြစ်ပုံကြောင့် သူမက မျက်မှောင်ကြုတ်ရင်း ...

"အဲဒါက ဘာဖြစ်တာလဲ"

ကျွန်တော် ကမန်းကတန်းနဲ့ သွားဖြီးပြရင်း ...

"ဟို .. အံ့သြဝမ်းသာသွားတာပါ"

"ရှင်ဟာလေ .. ကဲ .. မနက်ဖြန် ဆိုက်ကားဂိတ်က စောင့်နေ.."

"ဟုတ် .. ဟုတ်ကဲ့၊ လိုက်ပို့ပေးမယ်လေ"

"မပို့နဲ့တော့၊ ဒီနားမှာ အသိတစ်ယောက်ရှိတယ်၊ အိမ်က သိသွားရင် မကောင်းဘူး"

ကျွန်တော် ပုတ်သင်ညိုလို ခေါင်းတညိတ်ညိတ် ...။ သူမ ထွက်သွားရာကိုလိုက်ကြည့်ရင်း သက်ပြင်းမှုတ်ထုတ်မယ် ကြံတုန်း ...

"ကိုမြင်း .."

"ဟာ!..."

လာပြန်ပြီတစ်ယောက် ..။ ဆိုက်ကားတစ်စီးနဲ့ ရောက်ရှလာတဲ့ ယုဝေ ..။ နေ့ပူပူမှာ ချွေးစို့စို့နဲ့ သူမက အပ္ပဒေါဆ်ကိုကြောက်တဲ့အပြုံးနဲ့ သူဆီ ရောက်ရှလာပါပြီ။ သူ့ရဲ့ကထိုင်ခုံမှာထိုင်ပြီး စုနေ ပိုးဝတ်ရည်



www.burmeseclassic.com

www.burmeseclassic.com



မသောက်သွားတဲ့ကြံရည်ကို တစ်ငုံ ယူသောက်ပြီး …

"ဘယ်သူ့ဟာလဲ၊ ညည်းသည်ရှိလို့လား"

"မရှိ .. မရှိပါဘူး"

စကားက ထစ်ထစ်ငေါ့ငေါ့ ..။ တော်သေးတာပေါ့၊ သူမက မရိပ်မိလို့ ..။

"ဘာမှန်းလည်း မသိဘူး၊ မပြောမဆိုနဲ့ ထွက်သွားတာ၊ မောင်လေးနဲ့တွေ့လို့ ဟိုမှာ မနည်း ပါးစပ်ပိတ်နေရတဲ့အထဲ ..၊ ဒီကြားထဲ ကိုဖိုးထောင်က ဆိုင်မဖွင့်ဘူး၊ ဘယ်ကိုဆက်သွယ်လို့ ဆက်သွယ်ရမှန်း မသိဘူး၊ မထူးပါဘူးဆိုပြီး ဟို မစိမ်းဆိုတဲ့ အစ်မကြီးမေးမှ ကိုဖိုးထောင်က နယ်သွားတယ် သိရတယ်၊ အဲဒါနဲ့ မစိမ်းဆီက လိပ်စာတောင်းပြီး လိုက်မေးရတာ၊ မေးလိုက်တာ .."

သူမ စကားအရှည်ကြီးပြောပြီး ကြံရည်ကို မော့သောက်နေပါတယ်။ ဒီနေ့ ဘာတွေဖြစ်လို့ဖြစ်မှန်းမသိ၊ ကျွန်တော်က မျက်လုံး အပြူးသားနဲ့ …

"ဘယ် .. ဘယ် .. လို .. ကော်ဖီဆိုင်မှာ တွေ့တာ ယုဝေရဲ့ မောင်လေး၊ ဒါဆိုရင် ကျွန်မရည်းစားက သူဆိုပြီး လက်ညှိုးထိုးပြတာက ..."

ယုဝေက ရှက်ရယ်ရယ်ပြီး ခေါင်းငုံ့သွားကာ …

"အဲဒါ မောင်လေးနောက်မှာ ကပ်ထားတဲ့ မှန်ကိုပြတာ …"





"မှန်ကိုပြတာ ..၊ ဘာဖြစ်လို့လဲ"

ယုဝေက ဒါလေးတောင် မသိဘူးလားဆိုတဲ့ အကြည့်နဲ့လည်း ကြည့်တယ်။ ကျွန်တော့်နားရွက်ကိုလည်း ဆွဲလိမ်ပါတယ်။

"ဒီလောက်တောင် အ,ရလား ကိုငြင်း၊ အဲဒီမှန်ထဲမှာ ကိုငြင်းပုံပေါ်နေတယ်လေ"

"ဘုရားရေ !.."

ကျွန်တော် ဘုရားတ,သံကြောင့် သူမက ဟက်ဟက်ပက်ပက် ရယ်ပါသည်။ နောက်တော့ ကျွန်တော့်ကို ဘယ်လောက်သတိရကြောင်း၊ ဘယ်ကိုရှာလို့ရှာရမှန်း မသိကြောင်း တဖွဖွ ပြောပြပါတယ်။

ကျွန်တော်ကတော့ တခြားကမ္ဘာကိုရောက်သွားတဲ့လူလို သူမ ထည်း ဟိုတစ်ယောက်လို သင်တန်းလွှတ်ချိန်ကိုလာဖို့ မှာသွားပါတယ်။

"ဘာဖြစ်နေတာလဲ ကိုငြင်း၊ ဘာလဲ .. တခြားတစ်ယောက် တွေ့နေလို့လား"

"ဟို .. မဟုတ်ရပါဘူး ယုဝေရယ်၊ ဟိုလေ .. မယုံနိုင်အောင် ဖြစ်နေလို့၊ အိပ်မက်တော့ မဟုတ်ပါဘူးနော်"

ညောင်နာနာနဲ့ ကျွန်တော့်အသံကြောင့် ယုဝေက ရယ်ပြန်ပါသည်။

"အိပ်မက်လား တကယ်လားဆိုတာ သိချင်ရင်လေ၊ မယုံရင် ကိုယ့်အသားကိုယ် ပြန်ဆိတ်ကြည့်ပေါ့"

ကျွန်တော် ကိုယ့်အသားကိုယ် ပြန်ဆိတ်ကြည့်တော့ …



www.burmeseclassic.com

www.burmeseclassic.com



"အား .. နာတယ်ဟာ၊ တကယ်ပါလား .."

ယုဝေကတော့ ကျွန်တော့်ဖြစ်ပုံကို မစွတာဘင်းကား ကြည့်နေရသကဲ့သို့ ရယ်သည်။

"ကဲ .. ပြန်တော့မယ်၊ မနက်ဖြန် နောက်မကျနဲ့နော်"

"ဟုတ်ကဲ့ .."

သူမက ထရပ်ရင်း ...

"ကိုငြင်းကတော့ တကယ်ပဲ"

"ကိုယ် လိုက်ပို့ပေးမယ်"

သူမက ခေါင်းခါရင်း ...

"မပို့နဲ့တော့၊ တက္ကစီပဲ ငှားပေး .."

ကျွန်တော် ကြံရည်ဖိုးရှင်းပေးပြီး ထွက်လာကာ တက္ကစီငှားပေးလိုက်သည်။

သူမ လက်ပြပြီး ထွက်သွားပါတယ်။





"မယုံနိုင်အောင်ပါပဲကွာ .."

ဟိုကောင်တွေက ကျွန်တော့်အဖြစ်ကို တအံ့တသြ ..။ ကိုဖိုး ာင်က နယ်က ပြန်လာလာချင်း သတင်းကြားတော့ ကျွန်တော့် ကို ဟိုနှစ်ကောင်နဲ့အတူ ရောက်ချလာရင်း ဖြစ်ပုံကို မေးပါတယ်။

"ခင်း ဘယ်လိုလုပ်မလဲ"

ကျွန်တော် ဘာဖြေရမှန်း မသိ။ ဇော်ကြီးက ပြောသည်။

"သုံးယောက်လုံး ယူလို့ရရင် ယူလိုက်ပေါ့ကွာ၊ ကားတောင် ယ်ယာထားသေးတာပဲ"

"အေး .. သုံးယောက်လုံးဆိုရင်တော့ ဒီကောင် မျှော့မျှော့ပဲ နှ်တော့မှာ၊ ဟိုပြေးရ ဒီပြေးရနဲ့ .."

"ဒါဆို အခုဘယ်လိုလုပ်မလဲ"

အောင်ညီမိး အမေးကြောင့် ကျွန်တော် ခေါင်းခါကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မသိတော့ပါဘူးကွာ"

ကိုဖိုးထောင်က စဉ်းစဉ်းစားစားနဲ့ ...

"အခုအချိန်မှာတော့ ရေလိုက်ငါးလိုက်ပဲနေ၊ နောက်ကျမှ ဖြေ
ချက်ရှာပြီး နှစ်ယောက်သောက်ကို ခေါက်လိုက်ပေါ့ကွာ၊ ဒါနဲ့ မင်း
ဘယ်သူ့ကို ဇီလင်ဖြစ်လဲ"

အောင်ညီမိန်းက သူထင်တာ ရမ်းပြောပါသည်။

"ဘယ်သူရှိရမှာလဲ၊ ပိုးဝတ်ရည်ပဲဖြစ်မှာပေါ့၊ ဒီကောင် အဲဒီကော
မလေးနဲ့ အရင်တွေ့တာပဲဟာ ..."

ဇော်ကြီးက ငြင်းသည်။

"ဟာ .. အဲလိုပြောလို့ ဘယ်ရမလဲ၊ ယုဝေကမှ ဒီကောင့်
အားကိုးတကြီး ချစ်တာ၊ ကြည့်လေ .. ကောင်မလေး ဖိနပ်ပြတ်
အချိန်မှာ ဒီကောင် ကူညီတာ၊ အဲဒါ လပ်ဖ်ဆင်းပဲ"

ကိုဖိုးထောင်က ခေါင်းတခါခါ ..။

"အဲလိုဆို .. ဟို ရွှေပြည်သာ ဆိုတဲ့ကောင်မလေးက ပြောမှာ
သူက မိဘစကားနားထောင်ပြီး ဒီကောင့်ကို သံယောဇဉ်တွယ်မိတာ"

သူတို့ပြောမှ ခေါင်းတောင် မိုက်ရှုပ်လာပါသည်။

"တော်ကြပါတော့ဗျာ .. ကျွန်တော့်ကိုသာ သုံးပိုင်းပိုင်းပြီး သူတို့
ဆီသာ ပို့လိုက်ကြပါတော့ .."

အားလုံးက တဟားဟား ..။ ကိုဖိုးထောင်က ပြောပါသည်။





"ကောင်းတယ်၊ အခြေအနေကို မလေ့လာဘဲ ရမ်းသမ်းပြီး လုပ်
တတိုး .."

သက်ပြင်းပဲချမိသည်။ မရှိတော့လည်း မရှိလို့ ရှိတော့လည်း သုံး
ကောင်းတော့တော်။ အမြင်ကပ်ကပ်နဲ့ အိမ်ရှေ့စံ၊ နောက်ဖေးစံ၊ အိမ်ခန်းစံ
ပြီး ယူပစ်လိုက်လို့ကတော့ မကောင်းဘဲ ရှိရော့မယ်။

"အံ့လည်း အံ့ဩစရာကောင်းတဲ့အဖြစ်ကွာ .."

"ဒီလိုလုပ်လေ၊ မင်းမှာ ပိုနေရင်လည်း ငါတို့ကို မျှလိုက် .."

"အဲလိုလုပ်လို့ရရင် ကောင်းတာပေါ့ကွာ၊ ခက်တာက ငါ ဘယ်သူ့
ချစ်တာလဲဆိုတာ စဉ်းစားလို့ မရသေးဘူးကွ"

"အံ့ဩစရာပဲ"

ကိုဖိုးခေါင်က အမြင်ကပ်ကပ်နဲ့ ပြောပါသည်။ ကိုဆက် ..
ဖြင်းတွေ စွတ်ရွတ်ချလိုက်စမ်း၊ မင်းရဲ့နှလုံးသားမှာ ခံနေတဲ့ ကျွန်း
ချည်းကတိုးတွေ ဟိုတစ်ခါတွေးထားတဲ့အတိုင်း စည်ပင်က ဝင်ရှင်း
လက်လွှန်သွားလို့ထင်တယ်၊ လမ်းကျယ်သွားတော့ ကောင်မ
တွေ ဒလဟောဝင်လာတာဖြစ်မယ်။ မဖြစ်ဘူး ..
သတ်နဲ့အမြန်ကပ်ပြီး လမ်းကိုကျဉ်းပစ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲ သား .."

"အဲဒါကိုလဲ မေမေ"

မေမေက သူ့ဘေးမှာဝင်ထိုင်ရင်းပြောတော့ ဖေဖေက သက်[illegible] စာဖတ်ရင်း သူ့ကို အကဲခတ်သည်။ ဒီနေ့ ရုံးပိတ်ရက်မို့ အိမ်မှာ မိသား[illegible] စုံသည်။

"ဟဲ့ .. နင့်ရဲ့ ဇာတ်ရှုပ်တွေလေး ပြောပါဦး"

မေမေက မကျေမလည်ဆိုတော့ ဖေဖေက ပြုံးရင်း ...

"ငါ့သားက စွံမယ့်စွံတော့လည်း သုံးယောက်တောင်ပါလား[illegible] ပြောပြစမ်းပါဦး"

ကျွန်တော် ခေါင်းကုတ်ရင်း ...

"အဖြစ်က ဒီလို ဖေဖေရဲ့ .."





ကျွန်တော့်ရဲ့ ချာချာလည်ဇာတ်လမ်းကို အစအဆုံးပြောပြလိုက်တော့ မေမေကတော့ ပြုံးနေပါတယ်။ ဖေဖေကတော့ သဘောကျစွာ ရယ်သည်။

"မင်း ဘယ်လို ရှေ့ဆက်စခန်းသွားမလဲ"

"ကြည့်လုပ်ရမှာပေါ့ ဖေဖေရာ"

မေမေက သက်ပြင်းချရင်း ...

"ငါ့သားအဖြစ်ကလည်း တကယ့် ဆန်းပေ့ဆိုတာမှ ဖြစ်ရတယ်၊ မနက်ဖြန် မင်း ရွက်ဝါကို သွားကြိုရဦးမယ်ဆို၊ ကျန်တဲ့သူတွေက ရော.."

ကျွန်တော် ခေါင်းကို တဗျင်းဗျင်းနဲ့ကုတ်ရင်း ...

"သုံးယောက်လုံး ချိန်းထားတာ၊ ကားတစ်စီးနဲ့ တောင်ပြေး၊ မြောက်ပြေး ပြေးရမှာ ကျိန်းသေပဲ"

ဖေဖေက ကျွန်တော့်စကားကြောင့် တဟားဟား ..။

"မင်းဇာတ်လမ်းကိုတော့ ငါတို့က ဘေးကနေ အစအဆုံး ကြည့်ရသေးတာပေါ့ကွာ၊ တကယ့်ကောင်ပဲ၊ ငါ ငယ်ငယ်ကအတိုင်းပဲ"

ဖေဖေ့စကားကြောင့် မေမေက မျက်စောင်းထိုးရင်း ...

"အောင်မယ် ... လေကြီးလေကျယ်နဲ့ မိဘပေးစားလို့ မိန့်မ ရတာများ .. မသိတာ ခက်လို့၊ ရှင် အဖြစ်မရှိမှန်း ကျုပ် သိပါတယ် ကိုလင်းရယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက မေမေ့စကားကြောင့် မျက်နှာရှုံ့မဲ့သွားရင်း ...

"သားရှေ့မှာ နည်းနည်းကြွားမိတာတောင် မရဘူး။ ဟော့ကောင် နောက်နေ့တွေကျရင်လည်း ငါ့ကို တစ်နေ့တာ ရိုပို့လေးတင်ဦး"

"ကိုလင်း .. ရှင်က အဖေနော် .."

"ဪ ... အဖေမို့လို့ပဲ သိချင်တာပေါ့ကွ"

ကျွန်တော် မချိုပြုံးပြုံးရင်း ...

"မနက်ဖြန် ဘယ်လိုစခန်းသွားရမလဲဆိုတာ မစဉ်းစားရဲပါဘူး ဖေဖေရာ"

"ငါနဲ့ နေရာချင်းလဲမလား ဟော့ကောင် .."

"ကိုလင်း .."

မေမေ မရှိဘူးအထင်နဲ့ ဖေဖေကပြောတော့ မေမေက နောက်ဖေးမီးဖိုချောင်မှာ ဟင်းချက်နေရင်းနဲ့ ကြားပုံရသည်။

"မဟုတ်ပါဘူး မိန်းမရာ၊ ငါ ထိုင်တဲ့နေရာက နည်းနည်းမှောင်တော့ သတင်းစာဖတ်လို့ မကောင်းလို့ .."

"ရှင်နော် .. အသက်ကြီးနေပြီ"

ဖေဖေကလည်း ကျွန်တော့်ကို မျက်စပစ်ပြရင်း ...

"အသက်လေးဆယ်ကျော်ဆိုတာ ဘဝက အခုမှစတာဆို .."

"အေး .. ဘဝ စမစ ကျူပ် ဟင်းချက်ပြီးရင် တွေ့ကြတာပေါ့"

မေမေ့စကားကြောင့် ကျွန်တော်နဲ့ ဖေဖေ ရယ်မိကြပါသည်။





ဖေဖေက ပျော်ပျော်နေတတ်ပေမယ့် မေမေက ဆရာမပီပီ ဘူမြွေသိက္ခာတွေနဲ့ အပြောင်အပျက်ကို မကြိုက်။

ဖေဖေက အိမ်မှာ ကျွန်တော်နဲ့ သူငယ်ချင်းလိုပါပဲ။

"ဘယ်သူ အချောဆုံးလဲ"

"သုံးယောက်လုံး ချောတယ် ဖေဖေ"

"ဒါဆိုလည်း သူတို့လက်ခံရင် သုံးယောက်လုံး ယူလိုက်ပေါ့ကွာ"

ဖေဖေက တဟားဟား ..။

ကျွန်တော်ကတော့ ဖေဖေ့လို မရယ်နိုင်ပါဘူး။ သိတယ် မဟုတ်လား .. ကိုယ်က ကာယကံရှင်လေ ..။



www.burmeseclassic.com

www.burmeseclassic.com



"ကိုချက် .. တစ်ခုခု သွားစားရအောင်"

ဆိုက်ကား စက်ရုံဝင်းရှေ့ရောက်တော့ ပိုးဝတ်ရည်က ဆိုသည်။ ပြီးတော့ သူ့ရဲ့ဝတ်စားဆင်ယင်မှုကို ကြည့်ကာ ...

"အံမယ် .. ခုမှ သတိထားမိတယ်၊ ကိုချက်က အပျံစားပါလား"

ကျွန်တော်ဝတ်ထားတဲ့ 501 ဂျင်းဘောင်းဘီ၊ ဝေါ့ကင်းရှူး စတေကာအနက်ရောင်နဲ့ အင်္ကျီလည်ပင်းမှာချိတ်ထားတဲ့ ရောင်မျက်မှန်ကို ကြည့်ပြီး ပိုးဝတ်ရည် ပြောခြင်းဖြစ်သည်။

ကျွန်တော်က သွားလေးဖြဲရင်း ...

"သူများဆီက ငှားဝတ်လာတာပါ ဝတ်ရည်ရယ်"

ပိုးဝတ်ရည်က မယုံကြည်ဟန် ရှိသည်။

"အံမယ် .. ငှားဝတ်တာ ဟုတ်မဟုတ် အသိသာကြီးပါနော်၊ ဝတ်နေကျလူနဲ့ တစ်ခါတလေဝတ်တဲ့လူက အကွာကြီးပါ ကိုချက်ရယ်"

"တကယ် ငှားဝတ်တာပါ ဝတ်ရည်ရယ်"





ဝတ်ရည်က နှုတ်ခမ်းမဲ့သည်။

ကျွန်တော့်ရဲ့ဝတ်စားဆင်ယင်မှုနဲ့ အခုလို ဆိုက်ကားနင်းလာတာကို လူတွေက တအံ့တသြ၊ ဘာဆိုင်လဲနော် .. ဒီလိုဝတ်ပြီး ဆိုက်ကား မနင်းရဘူးလို့ တားမြစ်ထားတာမှ မရှိတာ ..။

"ကဲ .. ဘယ်ဆိုင်သွားမလဲ"

ကျွန်တော် နာရီကို မသိမသာကြည့်မိတော့ နောက်တစ်ယောက်နဲ့ ချိန်းထားတာ နာရီဝက်ကျော်ကျော်လောက် လိုသေးသည်။ ကိစ္စမရှိ။

ဝတ်ရည်က ဦးဆောင်ပြီး ခပ်လှမ်းလှမ်းက ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်လိုက်ပါတယ်။

"ဘာသောက်မလဲ ကိုချက် .."

ကျွန်တော် ရွှေရှက်ဝါနဲ့ ချိန်းထားတာကို အာရုံရောက်နေတာကြောင့် ...

"ရှက်ဝါ .."

"ဘာကြီး .."

ပါးစပ်က လွှတ်ခနဲ ထွက်သွားတာကြောင့် ဝတ်ရည်က တအံ့တသြ မေးတော့ ...

"ဟိုလေ .. ခြော် .. နေ့ရောက်ပြီဆိုတော့ ရှက်ဝါတွေ ကြွေနေတာကြည့်ပြီး လွှတ်ခနဲ ထွက်သွားတာ .. အဲဒါ .."

ဝတ်ရည်က အဟုတ်မှတ်ပြီး ရယ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုချက်က ဒီလိုကျတော့ ကဗျာဆန်တတ်သားပဲ"

ကျွန်တော်လည်း ဝတ်ရည် စကားနဲ့ ရောချရပါသည်။

"အချစ်နဲ့တွေ့ရင် လူတိုင်း ကပြားဆန်တတ်တယ်လေ"

"ကဗျာပါ ကိုချက်ရယ် .."

"အင်း .. အင်း .. ကဗျာ .. ပန်းဝတ်ရည်လေးတွေ ကြည့်ပြီး ကဗျာတစ်ပုဒ်ဖြစ်သလို ယုယုယယနဲ့ ဝေဝေဆာဆာဖြစ်တဲ့ တေးသီချင်းကိုလည်း ခံစားတတ်တယ်၊ နောက်ပြီး နွေမှာကြွေတဲ့ ရွှေအဆင်းနဲ့တူတဲ့ ရွက်ဝါ .."

"တော်ပါတော့ ကိုချက်ရယ်၊ ဘာတွေမှန်းလည်း မသိဘူး"

ဒီလိုနဲ့ စားသောက်ပြီးစီးတော့ ကျွန်တော် လောရပါသည်။

"ကဲ .. ကဲ .. ကိုချက်လည်း ဖေဖေ ခိုင်းထားတာလေးတွေ ရှိလို့ သွားရဦးမယ်"

"ကိုချက်ဖေဖေက ဘာအလုပ်လုပ်လဲဟင် .."

"ကုန် .. အဲ .. ကုန်တင်ကုန်ချ .."

ပါးစပ်က လွှတ်ခနဲ ကုမ္ပဏီလို့ ပြောမယ်လုပ်ပြီးမှ အမြန်လွှဲ ပြောလိုက်ရသည်။ ပိုးဝတ်ရည်က စဉ်းစဉ်းစားစားနဲ့ ...

"ဒါဆို ဟိုတစ်ခါ ဆိုက်ကားနင်းတဲ့ ဦးကျားနဲ့လာတဲ့ တိုက်က.."

ဦးကျား ဆိုက်ကားနဲ့ အိမ်ကို တစ်ခါလာခေါ်ဖူးတာ ကျွန်တော် မေ့နေပါတယ်။ ဒါကြောင့် ...





"ဒါလား ...၊ ကိုယ့်ဖေဖေရဲ့ဆရာတိုက်လေ၊ ကိုယ်ဝတ်ထားတဲ့ အဝတ်အစားတွေက အဲဒီတိုက်ကကောင်လေးဆီက ငှားဝတ်တာ၊ ကိုယ်တို့က ဆင်းရဲပါတယ် ဝတ်ရည်ရယ်၊ ကိုယ့်မေမေဆို ကျောင်းတစ်ကျောင်းမှာ ဝေယျာဝစ္စလုပ်ရတာ .."

ဝတ်ရည်က ကရုဏာတွေ ပိုနေပါတယ်။

"ကိုချက်တို့အဖြစ်ကလည်း တကယ့်သနားစရာပဲနော်၊ ဘာမှအားမငယ်နဲ့နော်၊ ကိုချက်ဘေးမှာ ဝတ်ရည်တစ်ယောက်လုံး ရှိတယ်"

"ကျေးဇူးပါပဲ ဝတ်ရည်ရယ်"

ကျွန်တော့်ရဲ့ အိုဗာအိုက်တင်အောက်မှာ ဝတ်ရည်ခမျာ စုန်းစုန်းမြုပ်ရရှာပါပြီ။ တစ်ခုတော့ သတိထားရပါတယ်။ ဝတ်ရည်နဲ့ ရွက်ဝါ မှားမပြောမိအောင် အတော့်ကိုသတိထားရပါတယ်။ သူတို့နှစ်ယောက် နာမည်က ခပ်ဆင်ဆင်ရယ်။ ကျွန်တော် ဝတ်ရည်ဆီကပြန်တော့ ဆိုက်ကားကို သုတ်ခြေတင် နင်းလာရပါတယ်။ အရေးထဲ မော်တော်ပီကယ် က လမ်းပြောင်းပြန်နင်းလာတာကြောင့် ဆိုက်ကားကို တားတော့...

"ဟို ... အရေးကြီးလို့ပါ အစ်ကိုရာ .."

မော်တော်ပီကယ် ဆရာကြီးကလည်း ရှင်းတယ်။

"လူတိုင်းအရေးကြီးတာပဲ ငါ့ညီရာ၊ ဝိုးတက်ပါလား"

"ဗီးဂက်မပါဘူး အစ်ကို၊ သောက်ချင်ရင် ငါးဒုံးလုံး ရှိတယ် အစ်ကို .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အိတ်ကပ်ထဲက ပါးသုံးလုံးဘူးကို ထုတ်ပေးလိုက်တော့ ...

"ဟာ .. ဗီးဂက် မဟုတ်ဘူး၊ ဝိုးတက် .."

ကျွန်တော် သွားဖြဲလေးနဲ့ ...

"ဩော် ... ဝိုးတက်လား"

"ပါတယ် မဟုတ်လား"

"မပါဘူး အစ်ကို .."

"ဒါဆိုရင် ဆိုက်ကားထားခဲ့၊ (၅၁)လမ်းရုံး လာခဲ့"

"ယူရင်လည်း မြန်မြန်ယူတော့၊ နောက်မှ ဒဏ်ငွေလာဆောင်တော့မယ်"

"ဟေ့လူ .. ချလံ ယူသွားဦးလေ"

"ဩော် ... ဟုတ်ကဲ့"

ကျွန်တော် သုတ်ခြေတင် ပြေးရပါသည်။ ချွေးသံတရွှဲရွှဲနဲ့ ဂိတ်ရောက်တော့ ကိုသောင်းရွှေက ဆိုက်ကားမမြင်လို့ ...

"ဟေ့ကောင့်လေး .. ဆိုက်ကားရော .."

"သိမ်းသွားပြီ .. အားမငယ်နဲ့ ရှိရင် စိုက်ပြီးရွေးထားလိုက်၊ မရှိရင် ညနေမှ ပိုက်ဆံလာပေးမယ်"

"ဟာ !... ဒုက္ခပါပဲကွာ"

ကိုသောင်းရွှေက ခေါင်းတဖျင်းဖျင်းကုတ်ရင်း ပြောသည်။ ကျွန်





တော်လည်း ကိုကျားကြီးကို လှမ်းခေါ်ကာ ကိုကျားကြီးဆိုက်ကားနဲ့ အိမ်ပြန်ပြေးရပါသည်။ အိမ်ရောက်တော့ ကိုကျားကြီးကို ဆိုက်ကားခပေးပြီး ခြံထဲကကားထုတ်ကာ ရွှေရွက်ဝါတို့ခြံဆီ ဆက်ခရီးနှင်ရပါတယ်။

ဒါတောင် သုံးယောက်ထဲမို့လို့နော်။ လေးယောက်ဆိုရင် ကျွန်တော် ကားတစ်စီးနဲ့ လမ်းပေါ်မှာ အိပ်ရမည်ထင်သည်။ ကျွန်တော် တစ်ခါတစ်ခါ အံ့သြတယ်။ မိန်းမတွေအများကြီးယူထားတဲ့ မင်းတုန်းမင်းကြီးဆို တော်တော် အလုပ်ရှုပ်မယ် ထင်တယ်။

ရွှေရွက်ဝါတို့ခြံထဲရောက်တော့ အိမ်ပေါက်ဝမှာ ရှုပ်ပုပ်နဲ့ စောင့်နေတဲ့ ရွှေရွက်ဝါကို တွေ့ရပါတယ်။ ကျွန်တော့်မှာ ကားမောင်းရင်း ချွေးတွေ စိုရွှဲနေပါတယ်။ ကားပေါ်ကဆင်းပြီး ...

"ရေအေးအေးလေး တစ်ခွက်လောက် တိုက်ပါလား ရွက်ဝါ"

ရွက်ဝါက ကျွန်တော့်ပုံစံကိုကြည့်ပြီး အိမ်ဖော်ကောင်မလေးကို ရေသန့်ဘူးလှမ်းမှာပေးရင်း တစ်ဆက်တည်း ...

"ဒါက ဘယ်လိုဖြစ်နေတာလဲ"

"ဟို .. ဟို .. ကား .. ကားပျက်လို့ .. လမ်းမှာ .."

အဲဒီအခါကျမှ ရွှေရွက်ဝါက စိတ်ပြေပါသည်။

"အဲဒါများ ကားပျက်နေတယ် ရွက်ဝါရေလို့ လှမ်းဖုန်းဆက်လိုက်ရင် ပြီးတဲ့ဟာ .."

ကျွန်တော် ကောင်မလေးလာပေးတဲ့ ရေသန့်ဘူးကို ဖွင့်ပြီး မော့



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ပါတယ်။ ရေသောက်ပြီးမှ ...

"ရွက်ဝါကိုတွေ့မှပဲ အမောပြေသွားတော့တယ်"

ရွက်ဝါက ကျွန်တော့်စကားကြောင့် မျက်စောင်းထိုးသည်။

"ဒါဆို ဘာလို့ ရေသောက်နေသေးလဲ"

"မောလို့ .."

သူမက ချစ်စဖွယ်မျက်စောင်းကို ခပ်လှလှလေး ထိုးပြပါတယ်။

"ကဲ .. ဘယ်သွားမလဲ"

သူမက စဉ်းစားဟန်နဲ့ ...

"သင်တန်းက အစောကြီး ရှိသေးတယ်၊ ဒီလိုလုပ်.. အချိန်ရသေးတယ် မဟုတ်လား"

ကျွန်တော် နာရီကိုကြည့်သည်။ ကိစ္စမရှိ.. ယုဝေနဲ့ ညနေမှ ချိန်းထားတာ ..။

"ရတယ်လေ၊ ရွက်ဝါ စိတ်ကြိုက်လုပ်"

သူမက ကျွန်တော့်စကားကြောင့် ကျေနပ်သွားဟန် ရှိသည်။

"ဒါဆို မျှော်စင်ကျွန်းသွားပြီး တစ်ခုခု စားရအောင် .."

"အိုကေ .. တက် .."

သူမက အိမ်ထဲကို လှမ်းအော်ပါသည်။

"ခင်ခင် .. အိမ်တံခါးလာပိတ်နော်၊ မေမေ ဖုန်းဆက်ရင် ကိုဆက်နဲ့ သွားတယ်လို့ပြောလိုက်"





အိမ်ထဲက ဟုတ်ကဲ့ မမလေးလို့ လှမ်းအော်သံကြားရပါသည်။ ...သား ကားပေါ်တက်ပြီး မောင်းထွက်လာတော့ ...

"ကိုဆက်ဟာလေ .. ကလေးလေးကျနေတာပဲ၊ ချွေးတွေစောင် ...တ်အားဘူး"

သူမက တစ်ရှူးထုတ်ပြီး ကားမောင်းနေတဲ့ ကျွန်တော့်မျက်နှာ ...က ချွေးတွေကို သုတ်ပေးပါသည်။

"ကျေးဇူး ရွက်ဝါ .."

"မလိုပါဘူး ကိုဆက်ရယ်၊ အလိုက်သိရမှာပေါ့"

ဝန်းခြံထဲရောက်တော့ ဝင်ကြေးပေးပြီး ကားပါကင်ထိုးကာ ကား ...တအဆင်းမှာပဲ ကျွန်တော့်ဟမ်းဖုန်းက အသံမြည်လာပါသည်။ ...ွင့်ကြည့်တော့ ...

"ဒုက္ခ ..."

ဝင်လာတဲ့ဖုန်းက ဘုန်းတန်ခိုးအာနုဘော် မဟုတ်၊ ယိုကောင် ...သား ယုဝေဆီက ဖုန်း ..။

"ခဏနော် ရွက်ဝါ .."

ရွက်ဝါက ကားနားမှာရပ်ပြီး ခေါင်းညိတ်တော့ ရွက်ဝါ မကြား ...ာက်တဲ့နေရာကို ရွှေ့ပြီး ဖုန်းဖွင့်ကာ ...

"ယုဝေလား .. ကိုငြိမ်း ပြောနေတယ်"

"ကိုငြိမ်း .. ယုဝေ သူငယ်ချင်းတွေနဲ့ မျှော်စင်ကျွန်းကို လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရတဲ့စကားကြောင့် အိမ်သာတက်ချင်သလိုလို ဖြစ်သွားရတဲ့အထိပါ။ ပထမဦးဆုံးနေ့မှာပဲ ကျွန်တော် အလူးအလိမ့် ခံနေရပါတယ်။ 'ရည်းစားများတဲ့ဒုက္ခ' လို့ သီချင်းပဲ အော်ဆိုရမလိုလို။

"ယုဝေ လာနေပြီ"

"ဟုတ်တယ်၊ သူငယ်ချင်းတွေက ကိုငြင်းရဲ့နာမည်ကြောင့် စိတ်ဝင်စားလို့ တွေ့ဖူးချင်တယ်တဲ့၊ လာခဲ့ပါလား"

"ဟိုလေ .. ကိုငြင်း အလုပ်တွေရှုပ်နေလို့၊ ဒါနဲ့ ယုဝေ ဘယ်နားရောက်နေပြီလဲဟင်"

"ဩော် ... ဗိုလ်ချုပ်ပန်းခြံကို ကျော်နေပြီ"

"နောက်မှဆက်တော့နော်၊ ကိုငြင်း ညှိသည်တွေနဲ့ စကားပြောနေလို့ .."

"အင်း .. အင်း .. ညနေ ကော်ဖီဆိုင်မှာ ဆုံမယ်နော်"

"အိုကေ ယုဝေ .."

ဖုန်းကိုပိတ်ပြီး ရွက်ဝါကို လက်ယပ်ခေါ်လိုက်သည်။ ရွက်ဝါ သူ့အနားရောက်တော့ သူမ လက်ကိုဆွဲလိုက်ပြီး ...

"လာ .. မြန်မြန် ..."

ကျွန်တော် ကမန်းကတန်းလက်ဆွဲပြီး ခပ်မြန်မြန်လျှောက်တော့..

"ဘာဖြစ်တာလဲ ကိုဆက် .."

"ဟို .. ဘာမှမဟုတ်ပါဘူး"





ရွက်ဝါက ကျွန်တော့်ကို တစ်ချက် မျက်မှောင်ကြုတ်ကြည့်သည်။ န်တော် အပေါက်ဝကို လှမ်းမြင်ရပြီး သပ်သပ်ရပ်ရပ်ရှိတဲ့ဆိုင်ကို ထိုင်လိုက်ပါတယ်။

ဆိုင်ထဲရောက်တော့ သူမကို အဝင်ဝကို နောက်ကျောပေးထိုင်ပြီး ကျွန်တော်က သူမနဲ့ကွယ်ကာ ထိုင်ပါတယ်။ ကိုယ်စားချင်တာ အသီးသီးမှာပြီးတော့ ...

"ဒီနေ့ ကိုဆက် ဘာတွေဖြစ်နေမှန်းကို မသိဘူး"

သူမက ရယ်ဟာဟာနဲ့ပြောတော့ ကျွန်တော် ပြန်ပြောမိသည်။

"ဒီနေ့ ဘာတစ်ခုမှ အဆင်မပြေပါဘူး ရွက်ဝါရယ်"

ကျွန်တော် ပြောရင်းဆိုရင်း မျှော်စင်ကျွန်းထဲ ကွေ့ဝင်လာတဲ့ ကားတစ်စီးကို မသိမသာ အကဲခတ်လိုက်ပါတယ်။ ကားက ပါကင် ထိုးပြီး ဆင်းလာတဲ့လူတွေကို ကြည့်လိုက်တော့ ...

သေချာပါသည်။ ယုဝေတို့အုပ်စု ...။ ကောင်လေးနှစ်ယောက်နဲ့ ယုဝေ အပါအဝင် ကောင်မလေးသုံးယောက်။ ဒီထက်ကံဆိုးချင်တာက ယုဝေတို့ ဦးတည်ရာသည် ကျွန်တော်တို့ထံ တည့်တည့်။ ဘယ်မှ သိမ်းစောင်း။

"ဟိုလေ .. ရွက်ဝါ၊ ကိုယ် တွိုင်းလက်သွားလိုက်ဦးမယ်"

ရွက်ဝါက ဘုမသိ ဘမသိနဲ့ ...

"သွားလေ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထလစ်လာခဲ့ပါသည်။ ခပ်မြန်မြန်ထွက်သွားပြီး ရွက်ဝါ မမြင်လောက်တဲ့နေရာလောက်မှာ အပင်ကြီးတစ်ပင်နောက်မှာ ဖုန်းကာ အသာ ချောင်းကြည့်မိပါတယ်။ ဖြစ်ချင်တော့ ...

"ဟဲ့ .. ရွက်ဝါ"

"ဟယ် .. ယုဝေ၊ နင် ဘယ်လာတာလဲ"

"ဝါ့သူငယ်ချင်းတွေနဲ့ ရှော့ပင်ထွက်ရင်း ဝင်လာတာ၊ ဟဲ့ .. နင်တို့ ဘယ်မှာရှိမလဲ .. ငါ လိုက်ခဲ့မယ်"

ကောင်လေးတစ်ယောက်က လက်ညှိုးထိုးပြပြီး တစ်ခုခုလှမ်းပြောကာ ထွက်သွားကြပါတယ်။ ယုဝေက ရွက်ဝါနဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး ရွက်ဝါ လက်မောင်းကို လှမ်းရိုက်ကာ ...

"မိန်းမ .. ကျူပ်ဆီ ဖုန်းမဆက်ဘူး"

"ဟဲ့ .. သင်တန်းတက်နေရတယ်ဟဲ့၊ နင်ကရော .. ဝါ့ဆီ ဆက်လို့လား"

သူတို့ချင်းသိနေတာကြောင့် ကျွန်တော် ခေါင်းတဖျင်းဖျင်းကုတ်နေမိသည်။

"ဦးလေး .."

"အောင်မလေးဗျ .."

ရုတ်တရက် နောက်ကလှမ်းခေါ်လိုက်တဲ့အသံကြောင့် ကျွန်တော် လန့်ဖျပ်ပြီး နောက်လှည့်ကြည့်လိုက်တော့ ငါးနှစ်ခြောက်နှစ်ခန့်





ကလေးတစ်ယောက်က သူ့ကို မမှိတ်မသုန် ကြည့်နေပါတယ်။

"ဟာ!... လန့်လိုက်တာကွာ၊ ဘာကိစ္စလဲ"

"ဟိုလေ .. ဦးလေးက အသက်ကြီးမှ တူတူပုန်းတမ်းကစားနေတာရော့။ သားလည်း ပါမယ်ရေ .."

"ဟာ .. အရေးထဲ .. မင်းကတမျောင့် .. သွား .. သွား .."

ချာတိတ်က ပေစောင်းစောင်းနဲ့ မိုက်တိမိုက်ကန်းကြည့်ပြီး ထွက်သွားပါတယ်။ ကျွန်တော် သူတို့ရှိရာဆီလှမ်းကြည့်တော့ ယုဝေ ထရပ်နေပြီ။ တော်သေးတာပေါ့လို့ တစ်ကိုယ်တော် ညည်းမိပါသည်။

"ကဲ .. ဝတ်ရည်၊ ငါတို့ နောက်မှဆုံကြမယ်၊ မဒ္ဒူတို့ကို နင် ဖုန်းဆက်လိုက်လေ"

"အေးပါဟာ ..၊ ဪ .. ဒါနဲ့ နင်နဲ့ မိတ်ဆက်ပေးရမယ်"

ကျွန်တော် ချောင်းကြည့်နေရာမှ မျက်ခုံးမြင့်တက်သွားပါသည်။

"ဘယ်သူနဲ့လဲ၊ ဂေါ့ရှ် ဒီနေရာလာတာဆိုတော့ ချစ်ချစ်နဲ့လား"

"ဒါပေါ့ဟာ၊ တွိုင်းလက်သွားနေလို့ .."

ယုဝေက နှုတ်ခမ်းမဲ့ပြရင်း ...

"မိန်းမ .. ဒါကြောင့်မို့ ကျူပ်ဆီ ဖုန်းမဆက်တာ မှတ်လား"

ရွက်ဝါက ရယ်ရင်း ...

"မဟုတ်ရပါဘူးဟာ .."

"ဒါနဲ့ နင့်ရည်းစားနာမည်က ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ကိုဆက်လို့ပဲ ခေါ်တယ်၊ သူ့နာမည်ရင်းက ကို
ဆက်တဲ့"

ယုဝေက နာရီကိုကြည့်ရင်း ...

"နောက်မှပဲ အေးအေးဆေးဆေးဆုံပြီး မိတ်ဆက်ကြတာ
ဟိုကောင်တွေ စောင့်နေရတာကြာလို့ ပွမ်နေဦးမယ်၊ အဲဒီနေ့
ငါ့ဘဲဘဲနဲ့လည်း မိတ်ဆက်ပေးမယ်"

"အဲဒီလို .."

ရွှက်ဝါက တအံ့တသြနဲ့ပြောတော့ ယုဝေက ရယ်ရင်း ...

"ငါ့ချစ်ချစ်နာမည်ကိုကြားရင် နင် ဖျားသွားလိမ့်မယ်"

"ဘာမို့လို့လဲဟဲ့ .."

"ရုပ်ရှင်မင်းသားလူမင်းတော့ မဟုတ်ဘူး၊ သူ့နာမည်က လူပြင်းတဲ့"

ရွှက်ဝါက တဟားဟားနဲ့ ရယ်ရင်း ...

"နာမည်ကြီးကလည်းဟာ .."

"ကဲ .. ကဲ .. သွားပြီ၊ နောက်မှ .."

ယုဝေက တာ့တာလုပ်ပြကာ ထွက်သွားပါသည်။ ယုဝေ ထွက်
သွားတာ နည်းနည်းကြာမှ ကျွန်တော် ထွက်လာခဲ့ပါသည်။ ကျွန်တော်
ဘာမှမသိသလိုနဲ့ ဝင်ထိုင်တော့ ...

"ကိုဆက်ဟာလေ .. အဲလိုပဲ၊ ဒီမှာ သူငယ်ချင်းနဲ့ မိတ်ဆက်ပေး
မလို့"



ကျွန်တော်က ဟန်မပျက် ခပ်တည်တည်နဲ့ ...

"ဘယ်သူလဲ"

"ယုဝေတဲ့၊ ကျောင်းတုန်းကသူငယ်ချင်း၊ သိလား .. ကိုဆက်၊
သူ့ရည်းစားနာမည်က ရယ်စရာကြီး၊ လူမင်းလည်း မဟုတ်ဘူး၊ လူပြင်း
တဲ့ .. ဟား ဟား ဟား .."

သူကတော့ ရယ်နိုင်ပေမယ့် ကျွန်တော်ကတော့မရယ်နိုင်။ ကျွန်တော်
လည်း မှာထားတာတွေ စားသောက်ပြီးစီးတော့ ...

"ကဲ .. ကဲ .. ပြန်ရအောင်"

"လုပ်ပြန်ပြီ ကိုဆက်ကလည်း .."

"မဟုတ်ဘူး၊ သူငယ်ချင်းနဲ့ချိန်းထားတာ ခုမှသတိရလို့၊ နောက်
ပြီး ရွှက်ဝါ သင်တန်းချိန်လည်း နီးပြီလေ"

"ပြီးရော .. ပြီးရော .."

"ရှင်းမယ်ဟေ့ .."

ကျွန်တော် လှမ်းလည်းအော်၊ ပိုက်ဆံအိတ်ကိုလည်း အသင့်ဖွင့်
ထားပြီးပါပြီ။ ပြောလို့မရဘူးလေ .. ယုဝေ ကိစ္စတစ်ခုခုနဲ့ ပြန်လှည့်လာ
လို့ကတော့ ပြဿနာက မိုးမီးတင်မဟုတ်၊ ဧကြာဝဠာထိ လောင်မှာ
သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



"
သိလား .. ကိုငြင်း"

"မသိဘူး ယုဝေ"

ကော်ဖီနှစ်ခွက် မှာပြီးပြီးချင်း ယုဝေက မေးတော့ ကျွန်တော် လည်း မသိတဲ့အကြောင်း ပြောလိုက်ပါတယ်။ ယုဝေက မျက်စောင်း ထိုးပြီး မကျေမနပ်နဲ့ ..

"အဲဒီ ကိုငြင်းဟာလေ .."

"ဟောဗျာ !... မသိလို့ မသိတဲ့ဟာကို .."

ယုဝေက သူ့လက်မောင်းကို ခပ်ဖွဖွကိုက်တာကြောင့် ...

"အဲ .. ဟောဗျာ၊ လူတွေနဲ့ .. မရှက်ဘူးလား ယုဝေ"

သူမက နှုတ်ခမ်းစူစူနဲ့ ...

"မရှက်ပါဘူး၊ ကိုယ့်ရည်းစား ကိုယ်ကိုက်တာ၊ သူတို့ကို ကိုက် တာမှမဟုတ်တာ၊ ကိုငြင်း လုပ်တာနဲ့ ပြောမယ့်စကားတောင် မေ့သွား





ပြီ၊ ဒြော် .. ယုဝေသူငယ်ချင်းနဲ့ မျှော်စင်ကျွန်းမှာ နေ့လယ်က တွေ့ တယ် သိလား"

မျှော်စင်ကျွန်းကြားကတည်းက ဆံပင်မွေးတွေ ထောင်ချင်နေ ပါသည်။

"ကိုငြင်း .. ပြောနေတာ နားထောင်လေ"

"အင်း .. နားထောင်နေပါတယ် ယုဝေရယ်"

ယုဝေက တက်တက်ကြွကြွနဲ့ ဆက်ပြောပြရှာပါတယ်။

"ယုဝေနဲ့ ကျောင်းတက်တုန်းက အရှမ်းအရမ်းချစ်ကြတဲ့ သူငယ် ချင်း၊ သူ့နာမည်က ရွှေရှက်ဝါတဲ့၊ အရမ်းလှတာ .."

"ဟုတ်လား"

စိတ်မပါဘူး အပြောခံရမှာစိုးလို့ စကားထောက်ပေးရပါတယ်။ ကျွန်တော် ကော်ဖီခွက်ကိုလှမ်းကိုင်တော့ လက်ကတုန်ချင်နေသည်။ ယုဝေက သတိထားမိဟန်နဲ့ ...

"ကိုငြင်းလက်က ဘာလို့တုန်နေတာလဲ"

ကျွန်တော် ခွက်ကိုပြန်ချရင်း ...

"ဟို .. ငယ်ငယ်ကတည်းက အဲဒီအတိုင်းပဲ၊ မိုက်ဆာရင် လက်က တုန်ချင်တယ်"

"အဲဒါများ တစ်ခုခုမှာလေ၊ ကဲပါ .. ယုဝေပဲ မှာပေးမယ်"

ယုဝေက ကောင်လေးတစ်ယောက်ကိုလှမ်းခေါ်၊ ကာ မုန့်တစ်မျိုး



www.burmeseclassic.com

ကို လှမ်းမှာပေးသည်။ ပြီးတော့ စကားပြန်ဆက်ပါတယ်။

"အဲဒါ ရွက်ဝါနဲ့တွေ့တော့ သူရည်းစားပါတယ်တဲ့၊ တို့ငါးသ
သွားနေလို့တဲ့၊ ယုဝေကလည်း ဘယ်ရမလဲ၊ ဟဲ့ .. ငါမှာလည်း ရှိတ
လူမင်းမဟုတ်တဲ့ လူငြင်းလို့ပြောတော့ ရွက်ဝါ ရယ်လိုက်တာ
ဟုတ်လည်းဟုတ်ပါတယ်၊ ကိုငြင်းနာခေါင်းကြီးက လူတွေကြားရင် ရ
စရာကြီး၊ အဲဒါလေ .. သူတို့စုံတွဲနဲ့ ယုဝေတို့စုံတွဲ တစ်နေ့နေ့ ဆ
ချိန်းထားတယ်"

ကျွန်တော်ကလည်း ဘယ်ရမလဲ။

"ဆုံကြတာပေါ့၊ ချိန်းလိုက်လေ"

ယုဝေက ကျေနပ်သွားဟန်ရှိသည်။

"ယုဝေတို့က ကျောင်းမှာကတည်းက စိန်ခေါ်ထားတာ
ရည်းစားထားရင် နင့်ရည်းစားထက် ချောရမယ်လို့၊ သေချာပါတ
ကိုငြင်းက ရွက်ဝါရည်းစားထက် ပိုချောမှာပါ"

"အတူတူဆိုရင် ဘယ်လိုလုပ်မလဲ"

ကျွန်တော့်လျှာက အလွန်ရှည်သည်။ လွှတ်ခနဲ သွားပြောမိ
သည်။

"ဒါဆိုလည်း သံရေပေါ့ ကိုငြင်းရယ်"

ယုဝေကပြောပြီး ရယ်နေပါသည်။ ပြီးတော့ ...

"အရင်တုန်းက ကိုငြင်းကို ကိုဖိုးထောင်တို့နဲ့ လမ်းသောချေ



ထင်ထားတာ၊ ကိုဖိုးထောင်နဲ့ ဟိုတစ်နေ့က စကားပြောမိမှ ကိုငြင်းတို့
က ချမ်းသာတယ်ဆို"

"ဘယ်လို .."

ရင်ထဲထိတ်သွားပါတယ်။ ဒီလူကြီး ဘာတွေ အာချောင်လိုက်
ပြီလဲလို့ ..။

"ကိုငြင်းက တောင်ကြီးက ကျောင်းလာတက်တာဆို၊ ရန်ကုန်
မှာ အဒေါ်နဲ့နေတာဆို .."

တော်သေးတာပေါ့လို့တွေးရင်း ဆရာသမားတွေကို စိတ်ထဲက
ကျေးဇူးတွေနဲ့ လှမ်းပစ်မိပါတယ်။

"ကိုငြင်းအဖေက ရှမ်း၊ အမေက ဗမာဆို၊ ကိုငြင်းက အမေနဲ့
တူတာတဲ့၊ ကိုငြင်းနာမည်အမှန်က စိုင်းလူငြင်းတဲ့၊ ဟုတ်လား"

ကျွန်တော် မရယ်မိအောင် ထိန်းရင်း ...

"ဟုတ်တယ်လေ၊ ကိုငြင်းညီမ နာမည်က နန်းငြင်းမယ်တဲ့"

"နန်းငြင်းမယ် .. နာမည်လေးက ချစ်စရာလေးနော်"

"ဒါပေါ့ ယုဝေရဲ့၊ ငြင်းဆိုတာ ရှမ်းလို ထိပ်ဆုံး၊ အမြင့်ဆုံးပေါ့"

"ဩော် .."

ယုဝေက ယုံကြည်ပါတယ်။ ကျွန်တော့်စကားကို ရှမ်းလူမျိုးတွေသာ
ကြားလို့ကတော့ ထရိုက်မှာ သေချာသည်။

"ကိုငြင်းတို့က မြေတွေ အများကြီး ပိုင်တယ်ဆို .."

www.burmeseclassic.com

www.burmeseclassic.com



မြို့တွေပိုင်လား မပိုင်လားမသိ၊ မနက်ကတော့ ဝက်ခြံနှစ်လုံး[illegible] ညစ်ပြီး အိမ်ကထွက်လာတာပါ။

"ပိုင်တာပေါ့ ယုဝေရယ်၊ တချို့မြို့တွေဆို မှည့်တောင်မှည့်နေပြ[illegible]"

"ဩော် .. အသီးတွေလား"

"ဟုတ်တာပေါ့"

ကိုယ်ကလည်း ရေစုန်လိုက်ပေးပါတယ်။

"ယုဝေ လိုက်လည်ချင်လိုက်တာ .."

"တစ်ခါတစ်လေဆို ညစ်လိုက်ရင် ဖြတ်ခနဲထွက်တာ ယုဝေရဲ့"

"ဟုတ်တယ်၊ ဘာတွေလဲဟင်"

"ဟို .. စပျစ်သီးတွေ ဝိုင်လုပ်ဖို့ ကဲ .. အဲဒါထားပါ၊ ပြန်ကြ[illegible] အောင်၊ ယုဝေ အိမ်ပြန်နောက်ကျနေဦးမယ်၊ ရှင်းမယ်ပေ့"

ကျွန်တော် ပိုက်ဆံရှင်းပြီး ဆိုင်ထဲက အတူထွက်လာခဲ့ပါတယ်[illegible] နောက် စကားဆက်ပြောရင် မျက်နှာတစ်ခုလုံး စိတ်ကူးတွေနဲ့ ရောင်[illegible] ကိုင်းနေမှာ သေချာပါတယ်။

မွှ .. မောရပါလား ချစ်သူတို့ရယ် ..။





ကျွန်တော် ပြန်ပြောပြတော့ ကိုဖိုးထောင်တို့က တဟားဟား။

"ရယ်ပါ၊ ခင်ဗျားတို့က ရယ်နိုင်ပါတယ်"

ကိုဖိုးထောင်က အကြမ်းပန်းကန်ခွက်ထဲက လက်ကျန်ရေနွေးကို [illegible]သောက်လိုက်ပြီး ...

"မင်းအဖြစ်က ရယ်ရတာကိုးကွ၊ ယုဝေကလည်း ပေါ်မှာ ဟုတ်[illegible]ား မဟုတ်လား မစဉ်းစားဘူး၊ ယုံလိုက်တာပဲ"

"ကျွန်တော်လည်း မထူးတော့ဘူးလေ၊ ပါးစပ်ထဲမှာ တွေ့ကရာ [illegible]ဆက်ပြောလိုက်တာပေါ့"

ဇော်ကြီးက ရယ်ရလွန်းလို့ မျက်ရည်ရိုလာတာကို အင်္ကျီနဲ့တို့ရင်း...

"မင်းတော့ မသိဘူး၊ ကိုသောင်းရွှေကတော့ မျက်စိမျက်နှာကို [illegible]ျက်လို့ ဆိုက်ကားပြန်ရပြီလား"

"အင်း .. ဖေဖေဆီက ပိုက်ဆံယူပြီး သွားရွေးခိုင်းရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေ ဘာပြောသေးလဲ"

"သား .. မာတုဂါမတွေကြောင့်ဖြစ်တဲ့ဒုက္ခ၊ မြိန်မြိန်ကြီး ခံလိုက်စမ်းတဲ့၊ အားတောင့်ပေးပါတယ်"

ကိုဖိုးထောင်က ခေါင်းတညိတ်ညိတ်။

"မင်းတို့သားအဖကတော့ လိုက်လည်းလိုက်ပါ့ကွာ"

ကျွန်တော်က ကိုဖိုးထောင်ရဲ့မှတ်ချက်ကြောင့် ပြုံးမိသည်။ ဖော်ကြီးက ကျွန်တော့်ကို ပြောသည်။

"မင်းကို ရွှေရွက်ဝါက ဆိုက်ကားသမားပဲ ထင်နေမှာပေါ့"

"ရွှေရွက်ဝါ မဟုတ်ဘူး၊ ပိုးဝတ်ရည်"

ကျွန်တော့်စကားကြောင့် ဖော်ကြီးက ခေါင်းကုတ်ရင်း ...

"အေး အေး .. ပိုးဝတ်ရည်၊ အဲဒီသုံးယောက်ကို ငါမှတ်ထားတာ ရှုပ်နေပြီ"

ဒီကောင့်စကားကြောင့် အောင်ညိမ်းက အခုလို ဝင်ပြောပါတယ်။

"ရှင်းရှင်းလေးပါကွာ၊ လူကြီးချင်း သဘောတူထားတာ ယုဇေ"

"ဟာ!... လူကြီးချင်းသဘောတူတာက ရွှေရွက်ဝါ"

ကိုဖိုးထောင်က စိတ်မရှည်တော့ဘဲ ဝင်ပြောသည်။ ဖော်ကြီးက ရယ်ကျဲကျဲနဲ့ ...

"ဟို အထည်ချုပ်မန်နေဂျာမလေးက ပိုးဝတ်ရည်နော်"

ကျွန်တော် ခေါင်းညိတ်ကော့ ...





"သူက မင်းကို ဆိုက်ကားသမားပဲ ထင်နေတုန်းပေါ့"

ကျွန်တော်က ပခုံးတွန့်ပြရင်း ...

"ကြည့်ရတာ ယုံချင်ပုံမပေါ်ဘူး"

"ဒါဆို မင်းရဲ့အမည်မှန်နဲ့ မင်းအကြောင်းကို အမှန်အတိုင်း သိတာ ရွှေရွက်ဝါပေါ့"

"ဟုတ်တယ် ကိုဖိုးထောင်၊ သူက လိမ်လို့မှ မရတာ၊ မေမေနဲ့ တိုက်ရိုက်ပတ်သက်တာကိုး .."

"ပြောရဘူး။ မင်းက လိမ်လို့ရရင် ဝိုးသမားပါ လိမ်ချင်တဲ့ကောင်.."

"လိမ်ချင်လို့ လိမ်ရတာ မဟုတ်ပါဘူး ဖော်ကြီးရာ၊ မဖြစ်သာလို့ လိမ်ရတဲ့အခြေအနေပါကွာ"

ကိုဖိုးထောင်က တွေးတွေးဆဆ ပြောပါသည်။

"အင်း .. တစ်ရက်တည်းနဲ့တောင် မင်း အတော်ခံလိုက်ရတာ၊ ကြာလာရင် မလွယ်ဘူးနော် ကိုဆက် .."

"အင်း .. ကျွန်တော်လည်း အဲဒါကို စိုးရိမ်တာ"

"ဒါဆို မင်းအပေါ် ဘယ်သူကောင်းလဲ"

"အတူတူပဲ"

ကျွန်တော့်အဖြေကြောင့် အောင်ညိမ်း သက်ပြင်းချသည်။ ဖော်ကြီးက ထပ်မေးပြန်သည်။

"မင်းကရော .. ဘယ်သူ့ကို ကြိုက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း .."

ကျွန်တော် ချက်ခုံးတွန့်ရင်း စဉ်းစားနေမိသည်။

"သုံးယောက်စလုံးကတော့ ချစ်စရာလေးတွေ .."

"သေစမ်းဟဲ .."

ကိုဖိုးထောင်က သွားနှုတ် သူ့ရိုက်သည်။

"ရှုပ်နေတာပဲကွာ"

ဓော်ကြီးက ရေနွေးခွက်ကို အရှိန်ပြင်းပြင်းနဲ့ စားပွဲပေါ် ချရင်း...

"ရှင်းမနေနဲ့ သူတို့ဘာသာ ရှင်းကြလိမ့်မယ်၊ အခုထိတော့ မျော နေလိုက်ဦး"

"အေးပေါ့ကွာ၊ ဒီလိုပဲလုပ်ရမှာပေါ့"

ထုံးစံအတိုင်း အဖြေမရှိသေးတဲ့မေးခွန်းနဲ့ပဲ အဆုံးသတ်လိုက်ရ ပါတယ်။

ရှေ့ဆက်ပြီး ဘာတွေ ဘယ်လိုဖြစ်ဦးမလဲ မသိ။





"ဟောတော် .. မေမေရေ .. ဘယ်သူလဲ လာကြည့်ဦး"

မမပိုး အခုလိုပြောတော့မယ်ဆိုတာ ရွှက်ဝါ သိပါသည်။ ရွှက်ဝါ ...ဆီ မရောက်တာ တစ်လလောက်ရှိပြီလေ။ အန်တီချို့က မီးဖို ...ာင်ဘက်က ထွက်လာရင်း ရွှက်ဝါကို မြင်တော့ ...

"ဩော် .. ရွှက်ဝါတို့များ .. အဒေါ်အိမ်ကို အခုမှ လာနိုင်တော့ ...ယ်"

ရွှက်ဝါက ရယ်ရင်း အန်တီချို့ခါးကို ဖက်ကာ ...

"သတိရပါတယ် တီတီရဲ့၊ ရွှက်ဝါက သင်တန်းတက်နေလို့"

"ညည်းသင်တန်းတွေက ပြီးမပြီးနိုင်တော့ဘူး၊ အခုရော .. ဘာ ...င်တန်းတက်နေပြန်ပြီလဲ"

"YMCA မှာ ပန်းအလှပြင်သင်တန်း တီတီ"

"ဒါနဲ့ ညည်းကို ယောက်ျားပေးစားတော့မလို့ဆို .."



www.burmeseclassic.com

www.burmeseclassic.com



"လိုပါသေးတယ် တီတီရာ၊ လွှတ်လွှတ်လပ်လပ်နေလို့ရတုန်း နေ
ဦးမှာ .."

အန်တီချို့က တပြုံးပြုံးနဲ့ ကျေနပ်နေပါတယ်။ ဖေဖေ့ရဲ့ညီမ
အရင်း ဖြစ်သည်။

"ကဲ .. ညီအစ်မနှစ်ယောက် စကားပြောကြဦး။ ကောင်မလေး
ထမင်းစားပြီးမှ ပြန်နော်"

"အဲဒါတော့ စိတ်ချ တီတီရေ၊ ရွှက်ဝါ ဒီမှာ ထမင်းစားမှာလို့
မေမေ့ကိုပြောပြီး ထွက်လာတာ .."

"အေးပါ .. အေးပါ"

အန်တီချို့ ထွက်သွားတော့ မမပိုးက ...

"လာ .. ခြံထဲမှာထိုင်ပြီး စကားပြောရအောင် .."

ရွှက်ဝါလက်ကိုဆွဲပြီး မမပိုးက ထွက်လာပါတယ်။ ခြံထဲရောက်
တော့ အပင်ရိပ်အောက်က စားပွဲမှာထိုင်ရင်း ...

"ကောင်မလေး ပြောစမ်း။ သတင်းတွေကြားတယ်နော်၊ အန်
ခင် သဘောတူတဲ့ကောင်လေးက .."

ရွှက်ဝါ တဟားဟားနဲ့ရယ်ရင်း ...

"တို့အစ်မ အပျိုကြီးကတော့ ဘယ်တုန်းကတည်းက မေးချင်
တာလဲ မသိဘူးဟော့"

မမပိုးက သူမကို ဆွဲဆိတ်ပါသည်။ မမပိုးလို့သာဆိုတယ်၊ မ





သူမက တစ်နှစ်ခွဲကျော်ကျော်သာ ကွာသည်။

"ရွှက်ဝါနော် .. ဘာ တို့အစ်မ့အပျိုကြီးလဲ၊ ညည်းနဲ့ ကျုပ်က
တစ်နှစ်ခွဲခွဲကျော်ကျော်ပဲ ကွာတာပါနော်"

မမပိုးက အပျိုကြီးလို့ပြောရင် ဘယ်တော့မှမကြိုက်။

"ကဲ .. ကဲ .. ပြောမယ်၊ ပြောချင်လွန်းလို့လာတာ၊ ကိုဆက်မေမေ
အန်တီ မင်းမင်းခင်က မေမေနဲ့တစ်ကျောင်းတည်း .."

"ဒါဆို ကျောင်းဆရာမပဲပေါ့"

ရွှက်ဝါက ခေါင်းညိတ်သည်။

"ဟုတ်တယ် မမပိုး၊ အကြမ်းဖျင်းကတော့ ဖြစ်စေချင်တာပေါ့။
ဒါပေမယ့် ကိုယ်ကလည်း သူ့ကိုရှောင်၊ သူကလည်း ကိုယ့်ကိုရှောင်နဲ့
မတွေ့ဖြစ်ကြဘူးလေ၊ တစ်နေ့ ကိုဆက်က သူ့အမေကိုလိုက်ပို့၊ ရွှက်ဝါ
ကလည်း မေမေ့ကိုလိုက်ပို့ .."

"အဲဒီမှာ ဆုံဖြစ်ကြတာပေါ့"

မမစကားကြောင့် ရွှက်ဝါက ရယ်ရင်း ...

"မတော်တဆဆုံဖြစ်တာ မဟုတ်ဘူး မမရေ၊ လူကြီးတွေ တမင်
အကွက်ချေတာ .."

ရွှက်ဝါစကားကြောင့် မမက သဘောကျစွာ ရယ်သည်။

"အဲဒီတော့ ..."

"အဲဒီတော့ တွေ့ကြတာပေါ့၊ အဲဒီမှာတင် ရွှက်ဝါကို သူကနဲ့



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းလိုက်ပို့ဖို့ ဖြစ်လာရော၊ အင်း ...”

ရှက်ဝါကတွေးပြီး ပြုံးမိတာကြောင့် မမပိုးက သူ့ညီမကို အကဲခတ်ရင်း ...

“ညည်းကဖါ စိတ်ဝင်စားသွားတယ်ဆိုပါတော့ ..”

သူမ ရှက်ကိုးရှက်ကန်းနဲ့ မမကို လှမ်းဖက်ရင်း ...

“ညီမလေးဘက်ကချည်း မဟုတ်ပါဘူးနော်၊ ကိုဆက်ကိုယ်တိုင်ကလည်း ပြုံနဲ့ပြီး သံယောဇဉ်ဖြစ်တာပါနော်”

“သူက ချောလား”

ရှက်ဝါ သူ့အစ်မကို စချင်တာကြောင့် ...

“ကိုရီးယားမင်းသားနဲ့တူတယ်”

မမက နှာခေါင်းရှုံ့ရင်း ...

“ကိုရီးယားမင်းသားဆို ပျော့ဖတ်ဖတ်နဲ့နေမှာ သေချာတယ်”

“မမနော် .. ကိုဆက်ကို မမြင်ဖူးလို့ပြောနေတာ၊ မမြင်ရင် မမပါ ကြိုက်သွားမှာ ..”

မမက သူ့စကားကြောင့် ပခုံးတွန့်ပြီး ...

“တော်ပါအေ .. မကြိုက်ချင်ပါဘူး။ ကိုကို ဆူလိမ့်မယ်”

မမစကားကြောင့် ရှက်ဝါ အံ့သြသွားမိပါတယ်။

“ဘယ်လို .. ကိုကို ဆူလိမ့်မယ်”

“ပြောမိလို့လား”





မမက ပြုံးစိစိနဲ့ပြောတော့ ရှက်ဝါက သူ့အစ်မခါးကို ဆွဲဆိတ်ရင်း...

“မမနော် ..”

“ဟဲ့ ..”

“အဲဒါဆို ပြောပြ ..”

မမျက်နှာမှာ အချစ်ကြောင့် ပန်းသွေးရောင်တလက်လက်။ ပြီးတော့ သက်ပြင်းတွေ ချပါတယ်။

“သူက ဆင်းရဲတယ် ညီမလေးရဲ့”

“ဘာဖြစ်လဲ မမရယ်”

မမက ခေါင်းခါသည်။ ပြီးတော့ အိမ်ဘက်ကို လှမ်းကြည့်ပြီး ...

“မေမေ သဘောတူမယ် မထင်ဘူး ရှက်ဝါ”

ရှက်ဝါ ရင်ဘတ်ဖိရင်း ...

“ဟင်!... သူက မိန်းမရှိလို့လား”

“အို .. ပေါက်ပေါက်ရှာရှာ၊ ရှက်ဝါကလဲ ..”

“ဒါဆို နေ့နေလို့လား”

“မဟုတ်ပါဘူးဟယ် ..”

“ဒါဆို ဘာဖြစ်လို့လဲ”

မမက သက်ပြင်းချရင်း ...

“ကိုချက်ဘဝက သနားဖို့ကောင်းတယ် ညီမလေးရဲ့၊ ကိုချက်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ကုန်တင်ကုန်ချသမား၊ ကိုချက်က ဆိုက်ကားနင်းတယ်"

မမပိုးစကားကြောင့် ရွှက်ဝါက သဘောကျစွာ တဟားဟားရယ်တော့ မမပိုးက ကြောင်တောင်တောင်နဲ့ ကြည့်နေပါတယ်။

"ဆိုက်ကားနင်းပြီး ဘဝရပ်တည်တာ ဘာဖြစ်လဲ မမရယ်၊ အကျင့်စာရိတ္တကောင်းတယ် မှတ်လား"

"ကောင်းတာပေါ့"

"အရက်သောက်၊ ဖဲရိုက်တတ်လား"

မမပိုးက မျက်မှောင်ကြုတ်ရင်း ...

"အဲဒါတွေ ကင်းမယ်ထင်တယ်"

ရွှက်ဝါက မျက်ခုံးပင့်ပြရင်း ...

"ဒါဆိုလည်း ကောင်းမယ်ထင်ရင် ဒူးသာဒူးလိုက်တော့ မမရေ မမက တစ်ဦးတည်းသောသမီး၊ လက်ထပ်ပြီးရင် တီတီတို့က ပြန်ခေါ်မှာပဲ"

ညီမလေးစကားကြောင့် ပိုးဝတ်ရည် အားတက်သွားတာ အမှန်ပါ။

"ဒါနဲ့ အသားတော့မချော်းမှာပေါ့"

ဝတ်ရည်စကားကြောင့် မမက ဝှဏ်ယူစဉ်ကြွားတဲ့မျက်နှာနဲ့ -

"ဝတ်ရည် မြင်ရင် အံ့သြသွားမယ် .. တကယ်"

ဝတ်ရည်က ပြုံးစိစိနဲ့ ...



"ဘာလဲ .. ကျိုပေါက်နေလို့လား"

"ဝတ်ရည်နော်၊ တချုပ် ကိုချက်က ဆိုက်ကားသမားသာ ပြောတယ်၊ အသားအရေက ဝင်းလို့ .."

"ဪ .. ဆိုသုတ်ထားတာကိုး .."

"ရုပ်က စမတ်ကျတယ်"

"စမတ်တဲ့ကျရင် ပြန်ကောက်လိုက်ပေါ့ မမရယ်"

မမက မျက်စောင်းထိုးသည်။

"ပြောသာပြောထား၊ ကိုချက်ကလည်း ကိုရီးယားမင်းသားလို ပါဝဲဟယ် .."

မမစကားကြောင့် သူမ တဟားဟားနဲ့ အော်ရယ်မိသည်။

ပြောရင်းနဲ့ သတိရလိုက်တာ ကိုချက်ရယ် ..၊

သူများတကာလို ချစ်သူကိုဘေးမှာထား ကားအကောင်းစားကြီး မစီးရပေမယ့် ကိုချက်နင်းတဲ့ ဆိုက်ကားပေါ်မှာ လေလေးတဖြူးဖြူးနဲ့ ချစ်သူရဲ့ ချွေးစို့နေတဲ့မျက်နှာကို ငေးကြည့်ရတဲ့ဘဝ။

ဒါဟာ ဘာနဲ့မှ မလဲနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



“ဟာ .. အနိစ္စ .. ဒုက္ခ .. အိမ်လခ ..”

ကိုဖိုးထောင်ဆီ ဓော်ကြီးနဲ့အတူသွားရင်း ဓော်ကြီးက လမ်းဘေး မှာ ကားနဲ့ ထိရောင်းနေတဲ့ကားပေါ်က ကောင်မလေးကိုငမ်းရင်း ထိ ဝင်ထိုးနေတော့ ကျွန်တော် ဘာရယ်မဟုတ် ဟိုကြည့်ဒီကြည့် ကြည့် ရင်း သူတို့ဆီ စကားတပြောပြောနဲ့ လျှောက်လာတဲ့ ပိုးဝတ်ရည်နဲ့ ရွှေရွက်ဝါကြောင့် အခုလို အလန့်တကြားပြောမိတော့ ထိထိုးနေတဲ့ ဓော်ကြီးက ...

“ဘာဖြစ်တာလဲဟ”

“ဟိုမှာ .. ရွှေရွက်ဝါနဲ့ ပိုးဝတ်ရည်”

“အမ် .. ဘယ်မှာလဲ”

“ဟိုမှာ ...”





ထိဆိုင်ထဲကကောင်မလေးကလည်း သူတို့စကားကြောင့် ဘာ ရယ်မဟုတ် လှမ်းကြည့်ပါတယ်။

“ဟော့ကောင် .. ပြေးတော့လေ”

“ဟာ .. နီးနေပြီဟ”

နီးတာတော့ အတော်နီးနေပါပြီ။ သူတို့ စကားပြောကောင်းနေ လို့ ပတ်ဝန်းကျင်ကို သတိမထားမိတာရယ်၊ လူနည်းနည်းရှုပ်နေတာ ကြောင့် ကွယ်နေတာရယ်က ကံကောင်းနေတဲ့အဖြစ်ပါ။

“မထူးဘူးကွာ၊ ညီမ တစ်ခုကူညီပါကွာ”

ကောင်မလေးကလည်း အမြန်ဆုံး နားလည်ပုံရပါတယ်။

“ကဲ .. ပြောမနေနဲ့၊ ကားပေါ်တက်”

ကျွန်တော် ဝုန်းခနဲ ကားပေါ်တက်တော့ ရှေ့ခန်းက ဒရိုင်ဘာ လား ဘာလားမသိဘူး ...

“ဟဲ့ .. စိုးလှဲ့၊ ဘယ်သူလဲ”

“နောက်မှရှင်းပြမယ်၊ လှည့်မကြည့်နဲ့ အချစ်”

အချစ်ဆိုတဲ့ ဦးလေးကြီးက ဘာမှမပြောတော့။

ကံကောင်းတဲ့အချက်က ဓော်ကြီးကို သူတို့မသိတာ ဖြစ်ပါတယ်။ စကားတပြောပြောနဲ့ ကျော်သွားပြီးမှ ဝပ်နေတဲ့ကျွန်တော့်ကို ထိရောင်း တဲ့ ကောင်မလေးက ...

“ကဲ .. ပုတ္တိုလ်ကြီး .. ထတော့၊ ကျော်သွားပြီ”

www.burmeseclassic.com



ကျွန်တော် ဝဝ်နေရာမှ ပြန်ထိုင်တော့ ခုနက ဘာနဲ့ခြစ်မိသွားလဲ မသိပါ။

နားထင်မှာ သွေးစို့နေတာကို ထိရောင်းတဲ့ ကောင်မလေးက မြင်တော့ ...

"ဟင် .. နားထင်မှာ ဘာနဲ့ခြစ်မိသွားလဲ မသိဘူး"

"ဟုတ်လား .."

ကျွန်တော် နားထင်ကိုစမ်းမိတော့ သွေးစို့နေပါသည်။ သူမက ဟိုကြည့်ဒီကြည့် ကြည့်ရင်း ...

"လက်ကိုင်ပဝါတော့ မရှိဘူး၊ ရော့ .. သတင်းစာစက္ကူဖြဲပြီး သွေးတိတ်အောင်ကပ်ထားလိုက်"

ကျွန်တော်လည်း ကောင်မလေးပြောတဲ့အတိုင်း လုပ်လိုက်ပါတယ်။

ဒော်ကြီးက ပြောပါတယ်။

"မင်း ထီတစ်စောင်ထိုးပါလား၊ အတိတ်က သွေးထွက်သံယို လို့ ပေးလိုက်လေ"

ကားဒရိုင်ဘာအဘိုးကြီးက ဆင်းလာရင်း နားစွန်နားဖျား ကြားကာ ...

"ငါကြားဖူးတာတော့ ဖရုံယို၊ နာနတ်ယိုပဲ ကြားဖူးတယ်၊ မင်းတို့ကျမှ ခွေးဖိနပ်ယို .. ထွီ .. ရွံစရာကွာ"





စိုးလှဲ့ ဆိုတဲ့ကောင်မလေးက ရယ်ရင်း ...

"ဟာ .. အချစ်ကလဲ၊ နားလေးပလေးနဲ့ ဘာတွေကြားမှန်း မသိပါဘူး။ ကဲ .. ဟိုလူကြီး ထီတစ်စောင်လောက်တော့ အားပေးသွားရမယ်နော်"

ကျွန်တော်လည်း ဒီလောက်တော့ ရင်းရတာတန်တာမို့ ဆယ်စောင်တွဲ ထိုးလိုက်သည်။

"ကဲ .. အတိတ်ပြော .."

"ဘာတိတ် .. ဘာလဲ .. ပိုက်ဆံပြနေလို့ ကပ်မလို့လား"

ကျွန်တော် ဘုမသိဘမသိနဲ့ပြောတော့ စိုးလှဲ့ ဆိုတဲ့ကောင်မလေးက ....

"ဟာ .. ရှင်ဖြစ်ချင်တာကို ပြောတာ .."

ကံထူးကံကောင်းရောင်းတဲ့ ကောင်မလေးစကားကြောင့် ကျွန်တော် အဖြစ်ချင်ဆုံးအရာကို အခုလို ပြောလိုက်ပါတယ်။

"မိန်းမသုံးယောက်ကို တစ်ပြိုင်တည်း ယူရန် .."

ကောင်မလေးက မျက်စောင်းထိုးပါတယ်။ ဒါပေမယ့် တကယ်ရေးပေးပါတယ်။ အင်း .. အချစ်က မျက်လုံးပြူးမျက်ဆံပြူး ဇရှော်သုတ်ခဆေန်လွှန်းပါတယ်။

"ဖြစ်ပါ့မလား၊ ငါ ဝင်ကူရမလား"

"ဟာ .. အချစ်က လုပ်ပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. စိုးလဲ့ရဲ့၊ ကောင်လေးပြောတာ မကြားဘူးလား၊ ထိပ်မှာ ထုံးပေါက်လို့ အနေအထိုင်ခက်နေပြန်ဆို .."

"ဟာ!... တော်ပါတော့ အချစ်ရယ်"

ကောင်မလေး မျက်နှာရဲနေသလောက် အချစ်ဆိုတဲ့ အူကြောင်ကြောင် ထိကားမောင်းတဲ့ အူလည်ချာလည်ကြီးက အတော်ရယ်ရပါတယ်။

ကျွန်တော်နဲ့ ဖော်ကြီးလည်း ထီထိုးပြီးတော့ ကျေးရွာတင်ကြောင်း ပြောပြီး ကိုဖိုးထောင် ဈေးရောင်းတဲ့နေရာကို ပြန်လာခဲ့ပါတယ်။

လမ်းမှာ ဖော်ကြီးက သူ့အစ်မရုံးကို ဝင်စရာရှိတယ်၊ ခင်းသွားနှင့်ဆိုတာကြောင့် နှစ်ယောက်သား လမ်းခွဲပြီး လျှောက်အလာ ...

"ကိုဆက် .."

ခေါ်သံကိုကြားလိုက်ကတည်းက 'သွားပြီ' လို့ ကိုယ့်ကိုယ်ကိုယ် မှတ်ချက်ပြုကာ လှည့်အကြည့်၊ ကျွန်တော့်ဆီလျှောက်လာတဲ့ ရွှေရှက်ဝါ။

သူမဘေးမှာ ပိုးဝတ်ရည်ကို မတွေ့။ ရင်မှာတော့ တဒိတ်ဒိတ်နဲ့ပေါ့။

"ဟိုလေ .. ဟိုဒင်းရော .."

ကျွန်တော် အယောင်ယောင်အမှားမှားနဲ့ ပြောမိတော့ သူမက



ျက်မှောင်လေးကြုတ်ရင်း ...

"ဘာဟိုဒင်းလဲ .. ဘယ်လာတာလဲ ကိုဆက်၊ အတော်ပဲ"

"ဘာ .. ဘာကိုလဲဟင် .."

သူမက အထစ်ထစ်အငေါ့ငေါ့နဲ့ ကျွန်တော့်စကားကြောင့် မျက်မှောင်ကြုတ်ရင်း ...

"ဘာဖြစ်နေတာလဲ ကိုဆက်"

"ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ပါဘူး"

သူမ ကျွန်တော့်စကားကြောင့် ...

"ဘာမှမဖြစ်ဘူးဆိုရင်လည်း လာ .. လိုက်ခဲ့"

"ဘယ်ကိုလဲ"

"ရှက်ဝါမမနဲ့ တွေ့ပေးဖို့ .."

ဗုဒ္ဓေါ လို့ မအော်မိရုံတမယ်။ ရှက်ဝါက ဘာမှမသိရှာဘဲ ဆက်ပြောနေပါသည်။

"ရှက်ဝါရဲ့ အစ်မဝမ်းကွဲ မမဝတ်ရည်နဲ့ မြို့ထဲကို ဈေးဝယ်လာတာ၊ အဲဒါ ဝယ်လာတဲ့ပစ္စည်း မေ့ကျန်ခဲ့လို့ ပြန်လာယူရင်း *ကိုဆက်နဲ့* တွေ့တာလေ၊ မမကိုတော့ ကော်ဖီဆိုင်မှာ စောင့်နေခိုင်းလိုက်တယ်၊ လိုက်ခဲ့လေ၊ ကိုဆက်ကို မမနဲ့လည်း မိတ်ဆက်ပေးချင်လို့ .."

သွားတွေ့လိုက်တော့ သူငယ်ထိပ်က အမွေးအမှင်တွေ တစ်မှင်မှမရှိအောင် ညီအစ်မနှစ်ယောက်က ကြက်မွေးနုတ်သလို ဝိုင်းနုတ်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရမှာ သေချာသည်။

"ဟိုနှင်းလေ .. ဟိုနှင်းကို သိလား၊ ဟိုဥစ္စာရဲ့ဟိုနှင်းလေ"

"ဟာ .. ဘာတွေလဲ"

ရွက်ဝါက စိတ်မရှည်စွာပြောတော့ ကျွန်တော်က ခေါင်းကုတ်ရင်း ...

"ဟိုလေ .. မေမေ့ရဲ့ဓာတ်ခွဲခန်း .. မဟုတ်ပါဘူး၊ ဓာတ်ခန်းမှာ လိုအပ်တဲ့ အစီအရင် အသုံးအဆောင်တွေအတွက် မေမေ့ရဲ့ ဘာဘ ဆရာ အောင်တော်မှ အောင်သူအင်းစိန်ဆီကို ဝင်စရာရှိလို့"

ဟုတ်တာမဟုတ်တာ အပထား။ ပါးစပ်ထဲမှာတွေ့တာတွေကို ရွတ်ပြတော့ ရွက်ဝါ မျက်လုံးလေးအဝိုင်းသားနဲ့ ...

"ဟယ် .. အဲဒီဆရာက စွမ်းလို့လား"

"ဟာ .. စွမ်းတာမှ အရမ်းကိုစွမ်းတာ ရွက်ဝါရဲ့"

"ဘယ်လိုစွမ်းတာလဲ ကိုဆက်"

"သူက စွမ်းဓာနည်အငြိမ့်မှာ လူပြက်"

"ဘာကြီး ..."

"အဲ .. ဟို .. စွမ်းတာမှာ တော်တော်စွမ်းတာလို့၊ သူ မန်းပေးတဲ့ရေမန်းက အမြုပ်ထတယ်၊ သောက်လိုက်ရင် ရင်ထဲကို အေးစိမ့်နေတာပဲ၊ ဘယ်လောက်တောင်စွမ်းသလဲဆိုရင် ခွက်တောင် ရေခဲသီးတယ်ဆိုပဲ"





ပြောရင်းနဲ့ သောက်ချင်လာတာကြောင့် တံတွေးတစ်ချက် မျိုချမိပါသည်။

"တော်တော်စွမ်းတာပဲနော်"

"ရှိသေးတယ် ရွက်ဝါ"

"သူ့အခန်းထဲကိုဝင်သွားရင် သူ့ကို မမြင်ရဘူးလေ"

"ဟယ် ..."

"အသားမည်းလို့လေ"

"ဘယ်လို .."

"အသားမည်းလို့လည်း မဟုတ်ဘူးလို့ ပြောတာ .."

ကြာကြာပြောရင် အလိမ်ပေါ်တော့မှာ သေချာပါသည်။

"အဲဒါဆိုရင် ရွက်ဝါနဲ့ ရွက်ဝါအစ်မကို လိုက်ပို့ပေးပါလားဟင်.."

ရှောင်ကာမှ တည့်တည့်ကို မှန်တော့သည်။

"မဖြစ်သေးဘူး ရွက်ဝါရဲ့"

သူမက မကျေမနပ် နှုတ်ခမ်းစူတော့ ...

"ဟို .. အဘက ဓာတ်ကျမှတွေ့တာ၊ ရွက်ဝါတို့တွေ့ချင်ရင် အဘက သူ့အလိုလို သိပြီး လှမ်းခေါ်လိမ့်မယ်"

"မနေ့ခဲ့လား"

"ဟင့်အင်း .. ဖုန်းဆက်ပြီး .."

"ဟာ .. ကိုဆက်ကလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆို .."

"ဒါဆိုလည်း ပြီးရော .."

ရွက်ဝါက မကျေမနပ်နဲ့ ပြောပါသည်။

"ဟို .. ကိုဆက် သွားတော့မယ်နော်၊ ဒီအချိန်ဆို အဘက ဆိုင်မှာ ရေအေးအေးတိုက်ဖို့ စောင့်နေမှာ .."

"ဟုတ်လား .. အင်း ..၊ အင်း .. သွားတော့ ..."

နှင့်ပြုချက်ရတာနဲ့ ကွန်ကော်လည်း တစ်ချိုးတည်း လစ်ရပါတော့သည်။

ခပ်ဝေးဝေးရောက်တော့မှ အဘဆိုတဲ့ပုဂ္ဂိုလ်ကြီးတိုက်မယ့် ရေမန်းအေးအေးကိုလည်း မစောင့်နိုင်တော့။

နီးရာဘီယာဆိုင်ထဲဝင်ပြီး အမောပြေ ဝင်သောက်နေလိုက်ပါတော့သည်။





"ဘယ်အဘလဲ ကိုဆက်"

ကိုဖိုးထောင်က တဟားဟားရယ်ရင်း မြောတော့ ...

"ဟဲ .. ဟဲ .. အဘတဘီယာဆိုင်က အဘလေ"

ကွန်တော့်စကားကြောင့် အားလုံးက တဟားဟား ..။

"ရှောင်ပါတယ်ဆိုမှ ထိပ်တိုက်ကို တိုးတော့တာပဲဗျာ၊ လူကို သေ[illegible]ဝ် နံသွားတာပဲ"

ဇော်ကြီးက ပြုံးစိစိနဲ့ ...

"ကိုဖိုးထောင် မြင်စေချင်တယ်ဗျာ၊ ထိရောင်းတဲ့ကောင်မလေး [illegible]နှာငယ်လေးနဲ့ပြောပုံက တကယ်သနားစရာ၊ ကောင်မလေး[illegible] အချက်ပြလိုက်တာနဲ့ ကားပေါ်ကို လွှားခနဲပဲ"

ဇော်ကြီး စကားကြောင့် ရယ်ကြပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲလောက်လည်း မဟုတ်ပါဘူးကွာ"

"ဘာ အဲလို မဟုတ်တာလဲ၊ မင်း ကံကောင်းတယ်နော်၊ ဟိုနှစ်ယောက်က သူတို့အာရုံနဲ့သူတို့ စကားပြောရင်းလျှောက်လာလို့ မင်းကို မမြင်တာနော်"

ခေါ်ကြီးပြောလည်း ပြောစရာပါ။ အောင်ညိမ်းက ကျွန်တော့်ကို လှမ်းနောက်ပါသည်။

"ဒီလိုလုပ်ပါလား ကိုဆက် .."

ကျွန်တော် မေးဆတ်ပြတော့ ...

"ဒီလိုကွာ၊ မင်းကောင်မလေးသုံးယောက်ပါတဲ့ Alarm ကို တွင်နိုင်းပါလား၊ ကိုက်တစ်ရာဝန်းကျင်မှာရှိနေရင် အချက်ပေးတဲ့ စနစ်နဲ့လေ"

ဒီနေ့တော့ သုံးယောက်ပေါင်းပြီး ကျွန်တော့်ကို ကောင်းကောင်း နှိပ်ကွပ်နေပါသည်။

ကိုဖိုးထောင်က စီးကရက် တဖွာဖွာနဲ့ ...

"မင်းဇာတာကိုက ဆန်းပါ့ကွာ၊ တစ်ယောက် အဆင်မပြေလို့ တစ်ယောက်ပြီးတစ်ယောက်ပြောင်းကာမှ သုံးယောက်လုံးနဲ့ ရည်းစားဖြစ်တဲ့ဇာတာ၊ တကယ့်စုံပါမင်းဇာတာကွ"

"တော်ပါတော့ ကိုဖိုးထောင်ရယ်၊ စုံပါမင်းဇာတာလား၊ ဝရှင်းပြေးဇာတာလား မသိပါဘူးဗျာ၊ အခုဆို တစ်ယောက်တည်း အပြင်





သွားရင် ကွန်မန်ဒိုတွေလို သတိနဲ့ အသိကို အမြဲထားရတာ၊ မျက်လုံးကိုလည်း အနားမပေးရဲဘူး။ တစ်ခါတစ်ခါ ငါ ခါးပိုက်နှိုက်လုပ်ရင်လည်း လုပ်၊ မလုပ်ရင်လည်း စုံထောက်လုပ်ရင် အဆင်ပြေမယ်လို့တောင် တွေးမိသေးတယ်"

ရယ်သံတွေ ဆူညံသွားပါသည်။

"ဒါပေါ့ကွ၊ ဆားပုလင်းမင်းဆက်နဲ့ မိန်းမချောသုံးယောက်အမှုဆိုပြီး နာမည်ကြီးသွားဦးမယ်"

ကိုဖိုးထောင်စကားကြောင့် ရယ်ကြပြန်ပါသည်။ ရယ်သင့်ပါတယ်လေ ..။



www.burmeseclassic.com

www.burmeseclassic.com



"မသိရင် မင်းအဖြစ်က ဝတ္ထုတွေ၊ ရုပ်ရှင်တွေအတိုင်းပဲ ကိုဆက်"

ကိုဖိုးထောင်ပြောတာ မှန်လည်း မှန်ပါတယ်။ အောင်ညိမ်းက စီးကရက်မီးညှိပြီး ပြန်လာထိုင်ရင်းက ...

"အဲဒီသုံးယောက်များ မင်းအကြောင်း စကားစပ်မိလို့ကတော့ သေပြီ ဆရာ"

"အဲဒါတော့ မဖြစ်နိုင်ဘူး အောင်ညိမ်း"

"ဘာဖြစ်လို့လဲ၊ ပြောစမ်း .. ဆရာဖော်"

အောင်ညိမ်းရဲ့ အထွေအထွေစကားကြောင့် ဖော်ကြီးက ပိုင်ပိုင်နိုင်နိုင်လေသံနဲ့ ...

"သူတို့သုံးယောက်ကို ဒီကောင်က နာမည်တစ်မျိုးစီ ပေးထားတာလေ၊ အေး .. ပြဿနာက တစ်ယောက်ယောက်နဲ့တွဲနေရင်း နောက်တစ်ယောက်နဲ့တွေ့မှာက ပြဿနာ"





ကျွန်တော် ဘာမှမပြော ငူငူငိုင်ငိုင်။ ကျွန်တော့်ပုံစံကိုကြည့်ပြီး ကိုဖိုးထောင်က ရယ်သည်။

"မင်းပုံစံက ဘာနဲ့တူလဲဆိုတော့ အရက်သမား အရက်နာကျနေတာနဲ့ တူတယ် ကိုဆက်"

ကိုဖိုးထောင်ရဲ့ဥပမာစကားကြောင့် ကျွန်တော်က ပခုံးတွန့်ရင်း..

"အဲဒီလိုပါပဲ၊ နှစ်ခုလုံးဟာ အသည်းဆိုးကျိုးပေးတွေပဲ၊ ဒီခွေးကောင်တွေကြောင့် ကျွန်တော် ဒုက္ခရောက်တာ .."

"အောင်မလေးဗျာ၊ ငါတို့က ဘယ်ကပါလာတာလဲ"

"အေးလေ .."

"ဟာ .. မင်းတို့ပဲ ရည်းစားထားတဲ့အရသာ မြိန်အောင်စားဖူးသင့်တယ်ဆို .."

ဖော်ကြီးက စပ်ဖြဲဖြဲနဲ့ လက်ညှိုးထောင်ရင်း ...

"ငါတို့က တစ်ယောက်ပဲ ထားခိုင်းတာလေ"

"ဟုတ်တယ်လေ၊ ငါကလည်း တစ်ယောက်ပဲထားချင်တာ"

"ဒါဆို ကျန်တဲ့ဟာတွေက ..."

ကိုဖိုးထောင်က ဝင်နှောက်သည်။

"ကျန်တာတွေက ဘောနပ်ရတာ နေ့မှာပေါ့"

ရယ်သံတွေ ဆူညံသွားပါတယ်။

"စိတ်ညစ်တယ်ဗျာ၊ သုံးယောက်လုံးကလည်း တစ်နေ့ မလာခိ

www.burmeseclassic.com

www.burmeseclassic.com



ရင် စိတ်ကောက်ချင်နေတာဗျ၊ ဘာလုပ်ရမှန်းကို မသိဘူး"

"ဒါဆို လှည့်ညှိကြည့်လိုက်လေ"

"ညှိကြည့်ရအောင် သူတို့က ဂစ်တာကြိုးတွေမှမဟုတ်တာ ကိုဖိုးထောင်ရယ်"

ကိုဖိုးထောင်က ပညာရှိဆန်ဆန် အတုအယောင်အပြုံးနဲ့ အခုလို ရှင်းပြပါတယ်။

"မိန်းမတွေဆိုတာ ဂစ်တာကြိုးတွေလိုပဲ ဖော်ကြီး"

"ဒါဆို သူတို့ကြိုးတွေက .."

ဖော်ကြီးစကားကြောင့် ကိုဖိုးထောင်လက်က ဒီကောင့်နားရင်းဆီ ရောက်သွားပါတယ်။

"မင်းကို ဥပမာပြောတာကွ"

"ဥပမာပါ ကိုဖိုးထောင်ရယ်"

"မင်းကလည်းကွာ၊ နည်းနည်းလေး မှားတာကို အတင်စီး မခံဘူး"

ကိုဖိုးထောင်အပြောကြောင့် အောင်ညီမ်းက မျက်လုံးကြီးပြူးပြီး ...

"ကျွန်တော့်အပေါ် အတင်စီးခံရအောင် ကျွန်တော်က မြင်းမှ မဟုတ်တာ .."

"အေးကွ၊ မင်းက မြင်းမ မဟုတ်ဘူး နွားမ .."



ဒီကောင့်မျက်နှာ ရှုံ့မဲ့သွားပါတယ်။

"ပြောပါဦး၊ အကြွေးအရှင်တွေကို ..."

"အတွေးအခေါ် ပါကွာ၊ ဒီလိုကွ .. မိန်းမတွေဆိုတာ ဂစ်တာကြိုးတွေလိုပဲ၊ နည်းနည်းချင်း တင်းရတယ်၊ တစ်ခါတည်း တင်းလိုက်ရင် ထောင်းခနဲ ဖြစ်သွားမှာ .."

ကိုဖိုးထောင်စကားကြောင့် အောင်ညီမ်းဇာ အခုလိုဝင်ပြောသည်။

"နေပါဦး၊ အဲဒီကိစ္စနဲ့ ဒီကောင်နဲ့ ဘာဆိုင်လို့လဲ"

"မဟုတ်ဘူးလေ၊ ဒီကောင် မိန်းမဆိုတဲ့ ကြိုးသုံးကြိုးကို ထောင်းခနဲ နေအောင်တင်းလိုက်ရင် ပြတ်ပြီ"

"ဟာ!... ခင်ဗျားကလဲ၊ သုံးယောက်လုံး ပြတ်သွားလို့ ဘယ်ဖြစ်မလဲ"

ဖော်ကြီးက မကျေမနပ်ဆိုတော့ နားထင်ကို လက်ထောက်ပြရင်း ...

"အဲဒါပဲ၊ မင်းတို့မှာ ဒါ မရှိဘူးဆိုတာ ..."

"ဘာလဲ .. လက်စွပ်လား၊ ပေါင်ထားတယ်လေဗျာ"

ဖော်ကြီးစကားကြောင့် ကိုဖိုးထောင်က သူထောင်ထားတဲ့လက်ကလက်စွပ်ကို ပြန်ကြည့်ရင်း ...

"ဟေ့ကောင် .. မင်းတို့ကို လက်စွပ်ပြတာ မဟုတ်ဘူး၊ ခေါင်းထဲက ဦးနှောက်အသိဉာဏ်ကို ပြောတာ ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ရှင်းရှင်းပြောလေဗျာ .."

"အေး .. ပြောမယ်၊ သုံးယောက်ထဲက တစ်ယောက်လောက်ကတော့ ဒီကောင့်အပေါ် တကယ်မေတ္တာရှိရင် ပြတ်မှာမဟုတ်ဘူး"

"ဩော် .. အချစ်ဆိုတာ သံမဏိကြိုးပေါ့"

အောင်ညိမ်းက လက်ဖျောက်တစ်ချက်တီးပြီး ပြောတော့ ...

"ဒါပေါ့၊ မင်း ငါနဲ့ပေါင်းလို့ အတွေးအခေါ်တွေ မြင့်လာပြီ"

"ကျွန်တော်က ခင်ဗျားနဲ့မပေါင်းချင်ဘူး၊ ခင်ဗျားညီမနဲ့ ပေါင်းချင်တာ .."

"ခွေးဆယ်ကောင်သား .."

ညီမကိုထိတော့ ကိုဖိုးထောင် ဆဲပါတော့သည်။ အင်းလေ .. ပြတ်မပြတ် စမ်းတော့ စမ်းကြည့်ရမှာပါ။

တကယ်တော့ အချစ်ဆိုတာ စိတ်ပျက်စရာပါလား ...။





"တကယ်ပြောတာ ဝတ်ရည်"

ကျွန်တော့်စကားဆုံးတော့ ဝတ်ရည်က တဟားဟားနဲ့ ရယ်သည်။ထုံးစံအတိုင်း ဘွတ်နဲ့ ရှုတ်နဲ့ စတိုင်နဲ့ ဝတ်စားထားပြီး ကျွန်တော့်ရဲ့လက်စွဲတော် ဆိုက်ကားနဲ့ပေါ့။ ဝတ်ရည်ကတော့ ရှေ့ခေါင်းခန်းမှာစီးပြီး ကျွန်တော်က ဒရိုင်ဘာနေရာက မောင်းပါတယ် အဲ..နင်းပါတယ်။

ဝတ်ရည်က ကျွန်တော့်စကားကို ဟာသတစ်ခုလိုပါပဲ။

"ဘယ်လို .. ကိုချက်မှာ ဝတ်ရည် အပါအဝင် နောက်ထပ်ရည်းစားနှစ်ယောက် ရှိတယ်"

ပြောပြီး ရယ်ပြန်ပါသည်။ စက်ရုံရှေ့ရောက်သည်အထိ ဝတ်ရည်က ရယ်လို့မဆုံး။ ဝတ်ရည်က ဆိုက်ကားပေါ်ကဆင်းပြီး သူ့ကို အရယ်မကုန်သေးတဲ့မျက်နှာနဲ့ ပြုံးစိစိကြည့်ပြီး ...

"ဒါဆို ကိုချက်က အရမ်းစွံတဲ့ ကိုဖိုးစွံပေါ့"

"တကယ်ပြောတာ ဝတ်ရည်"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်က ဘုရားသောက်တော်ရေသောက်ပြီး အမိန့်ခံထားသလို မယုံကြည်ဟန်နှင့် ...

"ဘာဖြစ်လဲ၊ သုံးယောက်ဆိုတော့လည်း ကောင်းတာပေါ့၊ အချစ်ဆိုတာ ဝေဖာလိုပါပဲ၊ တစ်ထက်ပြီးတစ်ထပ်ပေါ့၊ မဟုတ်ဘူးလား၊ ကဲ.. ညနေ လာမကြိုနဲ့ စက်ရုံကအဖော်တွေနဲ့ နာရေးတစ်ခု သွားစရာရှိလို့"

ကျွန်တော် နည်းနည်း ပျော်သွားပါတယ်။ ဘယ်လိုလဲဆိုတော့ ကိုယ့်အထက်အရာရှိက ဒီနေ့ စောစောပြန်ခိုင်းလိုက်လို့ ဝမ်းသာသွားတဲ့ ရုံးဝန်ထမ်းလိုပါပဲ။ ကျွန်တော် ဆိုက်ကားကိုကွေ့ပြီး ပြန်ထွက်ဖို့ ဆိုက်ကားကိုလှည့်တော့ ...

"ဪ .. ကိုချက်"

ကျွန်တော် လှည့်ကြည့်လိုက်ပါတယ်။

"ဟိုလေ ကိုချက် ဒီနေ့ ဝတ်ရည်ကို လာမကြိုရဘူးဆိုပြီး ကိုချက်ပြောတဲ့ ကောင်မလေးနှစ်ယောက်နဲ့ သွားချိန်းတွေ့မနေနဲ့ဦးနော်"

ဝတ်ရည် ပြောလည်းပြော၊ ရယ်လည်းရယ်ပါတယ်။

ဪ ... ဘဝ .. ဘဝ .. အမှန်အတိုင်းပြောတော့လည်း မယုံနိုင်ကြပါလား။ အဲဒီနေ့မှာပဲ ဖေဖေနဲ့ စကားလက်ဆုံကျရင်း ဖေဖေ့ကို အကြောင်း စုံပြောပြတော့ ဖေဖေက သဘောကျလွန်းလို့ ရယ်သည်။

"မင်းအဖြစ်ကလည်း တကယ်ကျားလာလို့ ကျား .. ကျားလို့ ပြောမှ ယုံမယ့်သူမရှိတဲ့ အဖြစ်လိုပဲ"



"ဟုတ်တယ် ဖေဖေရာ၊ သားလည်း အဲဒါကို စိတ်ညစ်နေတာ"

"အင်း .. ဒီအတိုင်းဆို မင်းကို ငါ့ကုမ္ပဏီမှာ အလုပ်ခန့်ဖို့ကို စဉ်းစားရတော့မယ်"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ငါ့ကုမ္ပဏီမှာက အမျိုးသမီးဝန်ထမ်း နှစ်ဆယ်ကျော်တယ်ကွ"

"ဟာ !... ဖေဖေကလဲဗျာ .."

ကျွန်တော် ရှုံ့ရှုံ့မဲ့မဲ့နဲ့ပြောတော့ ဖေဖေက ရယ်ပါသည်။ အဲဒီနေ့ပါပဲ .. ရွှေရွက်ဝါကို သင်တန်းပို့ရင်း ကားပေါ်မှာ ပြောမိသည်။

"ရွက်ဝါကို ပြောစရာရှိတယ်"

"ဘာများလဲ ကိုဆက်"

ကျွန်တော် ချောင်းတစ်ချက် ရှင်းလိုက်ရင်း ...

"အဟမ်း .. တကယ်လို့ လူတစ်ယောက်က ကောင်မလေး သုံးယောက်ကို တစ်ပြိုင်နက်တည်း ရည်းစားထားပြီး ဖုံးကွယ်ထားရင်.."

"သိပြီ၊ အဲဒါ ကျော်ရဲအောင်ပါတဲ့ ဗီဒီယိုဇာတ်လမ်းမို့လား၊ ဟိုလေ မင်းသမီးက ..."

အရေးထဲ ဗီဒီယိုသရဲနဲ့ လာတိုးနေပါသည်။ ဝတ်ရည်က မင်းသမီး နာမည်တွေကို အဆက်မပြတ် ရွတ်ပြရင်း ...

"သိလား ကိုဆက်၊ ကျော်ရဲအောင်ကြီး အရမ်းရယ်ရတာ၊ ဟိုတစ်ယောက်သိမှာစိုးလို့ အိုးနင်းခွက်နင်း လိုက်ဖုံးနေတာ .. ဟား ဟားဟား"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ရယ်လိုက်ပါသေးသည်။

'တကယ် အိုးနင်းခွက်နင်းဖြစ်တာက ကျော်ရဲအောင် မဟုတ်ပါဘူး၊ ကျွန်တော်မှ ကျွန်တော်အစစ်ပါ။ အချစ်ကြောင့် ကျွန်တော် ရှုံးပွဲရှုံးသာ ငိုလိုက်ချင်ပါသည်။

"တကယ်လို့ ကျော်ရဲအောင်လို ကိုဆက် ဖြစ်ခဲ့ရင်ရော .."

ရွှေရွက်ဝါက ပြုံးတုံ့တုံ့ဆိုတဲ့မျက်နှာလေးနဲ့ ကြည့်ပါတယ်။ ချက်ချင်းပဲ မျက်နှာဝေကဲ့သန်သွားကာ ...

"အဲဒီလိုလုပ်ကြည့်လေ၊ ထောင်းခနဲနေအောင် ရှင်းပစ်လိုက်မှာ၊ မုန့်တစ်ခုကို ကျီးထိုးသလို ဝိုင်းထိုးနေရတဲ့အဖြစ်ကနေ နုတ်ထွက်ပစ်လိုက်မှာ .."

ကျွန်တော် ရွက်ဝါစကားကြောင့် အားဆေးမထိုးရဘဲ အားတက်သွားပါသည်။ ကြိုးတစ်ချောင်းကတော့ 'ထောင်း'ခနဲ အသံ စဲပေးပြီ။

"ကိုယ်လည်း သူ့ကိုမညာဘူး။ သူလည်း ကိုယ့်ကိုညာတဲ့ အဖြစ်မျိုးကို လုံးဝ လုံးဝပဲ"

တစ်ပုံတော့ ရှင်းပါပြီ။ ရင်ထဲမှာ ကလိကလိ။ ကျွန်တော့် မျက်နှာကတော့ ခပ်ငယ်ငယ်။

"အဲဒီလိုပြောလိုက်တဲ့ စိုးမြတ်နန္ဒာစကားကို ရွက်ဝါ လုံးဝ နိုက်သွားတာ .. သိလား ကိုဆက်"

ကြိုးက အကောင်းစားကော်နဲ့ ကပ်လိုက်သလို အကောင်းပကာတီ။





ရွက်ဝါက ဆက်ပြောပါတယ်။

"ကိုဆက်လည်း အဲဒီလို သုံးယောက်ထားကြည့်ပါလား။ ဘယ်သူ့ကို ဘယ်လိုချိန်းရမလဲဆိုတာ ရွက်ဝါ အနီးကပ် အကြံပေးမယ်"

အောင်မာ့လေးဗျာ ... သူကာစတောင် ရည်းစားထပ်ထားဖို့ အကြံဉာဏ်ထပ်ပေးချင်တယ်တဲ့၊ တော်ပါတော့ .. မယ်မင်းကြီးမရယ်၊ ကျုပ်မှာ ဒီ လက်ရှိသုံးယောက်နဲ့တောင် သွေးတတိုးချင်နေတာပါ။

"ကိုဆက် .. အဲဒီလို သုံးယောက်ထားရင် အတော်ရယ်ရမှာ သိလား၊ ရွက်ဝါ မသိချင်ယောင်ဆောင်ပြီး နေပေးမယ်လေ"

"သေဟ .."

"ဘာဖြစ်လို့လဲဟင်"

"ဘာမှမဟုတ်တော့ပါဘူး ရွက်ဝါရယ် .."

သူမက နှုတ်ခမ်းစူ ပြုံးတုံ့တုံ့နဲ့ ...

"ကိုဆက်ဟာလေ .. တကယ့်ဂေါက်ပဲ"

အမှန်တော့ ကျွန်တော် သူတို့နဲ့ ရည်းစားဖြစ်ကတည်းက ဂေါက်နေတာပါလို့ ပြောလိုက်ချင်သည်။

ဒါလည်း ယုံမယ်မထင်ပါ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုငြင်း တစ်မျိုးမထင်နဲ့နော်"

ကော်ဖီနှစ်ခွက်လို့ သူမကမှာပြီး ဝန်ထမ်းကောင်လေး ထွက်သွားတော့ ယုဝေက အခုလိုပြောပါတယ်။

"ဘာများလဲ ယုဝေ .."

ယုဝေက အားတုံ့အားနာဟန်နဲ့ သူမရဲ့ လည်ပင်းကို ကုတ်သလိုလို အနေခက်ပုံ ပြသည်။

"ပြောမှာသာပြောပါ ယုဝေရယ်"

"ဟိုလေ .. ကိုငြင်း .. နောက်ထပ် ရည်းစားနှစ်ယောက်လောက် ထပ်ထားပါလားဟင်"

"ဗုဒ္ဓေါ ..."

ကိုယ်က ပြောမယ်ကြံကာရှိသေးတယ်၊ သူက မထင်မှတ်စွာ ပြောတော့ ကျွန်တော် ဘာပြောလို့ ပြောရမှန်း မသိတော့။





"ဟိုလေ .. စကားဆုံးအောင် နားထောင်ပေးဦးနော်"

"အင်း ..."

အင်း .. ဆိုတဲ့အသံကြီးက သက်ပြင်းအစင်းတစ်ရာလောက် ရှိမည်ထင်သည်။

"ယုဝေရဲ့လက်စွဲတော် အင်တာနက်မှာ ချိတ်မိတဲ့ ဗေဒင်ဆရာရှိတယ်"

ဗေဒင်ဆရာတောင် အင်တာနက်ပေါ် ရောက်နေမှတော့ မိန္နော ဆရာဆိုရင် လကမ္ဘာပေါ် ရောက်နေလောက်ပြီ ထင်သည်။

ပြောမရဘူးလေ .. လကမ္ဘာပေါ်ကို ထီအကြိမ်တစ်ရာလောက် ပေါက်လို့ ရောက်သွားခဲ့ရင် ကိုယ့်ထက် အကြံအစည်ဦးသူတွေက လကမ္ဘာပေါ်မှာ ဆရာကြီးဟိုနင်းရဲ့ တပည့်အဖျားဆိုပြီး ဆိုင်ခန်းတွေ ဖွင့်ချင် ဖွင့်ထားမှာ ..။

"အဲဒီဗေဒင်ဆရာက ရှာမှရှားပဲ ကိုငြင်းရဲ့"

"ဘာဖြစ်လို့လဲ"

"သူက တပည့်ရင်း မဟုတ်ဘူး၊ တပည့်ဖျားတဲ့"

ဗုဒ္ဓေါလို့ မအော်မိရုံ ..။

ဒီကောင်မလေး ကျွန်တော့် အတွေးတွေကို အလွတ်ရနေတဲ့ စုပ်ပါပါဝါတွေများ ရှိနေလား မသိ ..။

"ယုဝေ ဗေဒင်မေးဖို့ လိုက်စနည်းနာကြည့်တော့ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



များများက တပည့်အရင်းတွေချည်းပဲ၊ သူကတစ်ယောက်တည်း တပည့်အများတဲ့၊ ဘယ်လောက်အံ့သြဖို့ကောင်းလဲ ကြည့်၊ သူ့ရဲ့ဆောင်ပုဒ်က 'အရင်းမစိုက် လှေထိုးလိုက်' တဲ့"

တော်တော် ကပ်စေးနဲတဲ့ဗေဒင်ဆရာ ထင်ပါတယ်။

"သူ့ကို အင်တာနက်ကနေ မေးကြည့်တော့ ယုဝေ .. ကိုငြင်းနဲ့ ပေါင်းရဖို့ မြင်တယ်၊ နောက်ထပ်နှစ်ယောက်ကို ရည်းစားထားရမယ်တဲ့၊ ဖြစ်နိုင်ရင် ဗုဒ္ဓဟူးနာမ်ရှိတဲ့ ကောင်မလေးတစ်ယောက်နဲ့ ကြာသပတေးနာမ်ရှိတဲ့ ကောင်မလေးဆိုရင် ပိုအဆင်ပြေမယ်တဲ့"

ဘုရား .. ဘုရား .. ကွက်တိကို ကျနေပါလားနော်။

"လုပ်ပါ ကိုငြင်းရယ် .. နော် .. နှစ်ယောက်တည်းပါ"

"အင်း .. ဟုတ် .. ဟာ!... ဘာတွေလဲ ရှုတ် .. ဟာ .. ယုဝေရယ်"

အရေးထဲ စကားမှားမလိုဖြစ်တော့ ယုဝေက မျက်စောင်းထိုး နှုတ်ခမ်းစူရင်း ...

"ဘာလဲ ... ဒါလေးတောင် ကိုငြင်းက မကူညီချင်ဘူးလား"

"မဟုတ်ပါဘူး ယုဝေရယ်"

"ဘာမဟုတ်လို့လဲ၊ ကိုငြင်းနဲ့ ယုဝေ ပေါင်းဖက်ဖို့ကို ကိုငြင်းက မကူညီနိုင်ဘူးလား"

"ကိုယ်ပြောတာက .."





"သိပါပြီ၊ အခုတော့ ဘယ်ကူညီနိုင်တော့မလဲ၊ ကိုငြင်းက ယုဝေကို တကယ်မှ မချစ်တာ .. ဟင် .."

ပြောရင်းဆိုရင်းနဲ့ ငိုသံလေးက စပါလာတော့ ကျွန်တော် ကမန်းကတန်းနဲ့ ....

"ကူညီမယ်၊ နှစ်ယောက် မဟုတ်ဘူး၊ အများကြီး ရည်းစားထားမယ်"

သူမကလည်း ကျွန်တော့်လိုပဲ ..၊

"ဟာ .. အများကြီး မရဘူး၊ နှစ်ယောက်တည်းပဲ ထားရမှာ"

"အေးပါကွာ၊ ဗုဒ္ဓဟူးတစ်ယောက်၊ ကြာသပတေးတစ်ယောက် အစရှုက်ချင်း ရည်းစားရလိုက်သလိုကို ကြိုးစားမယ်"

သူမ ပျော်ရွှင်သွားပါတယ်။

ကျွန်တော်က ငိုချင်လာပါတယ်..၊ တကယ်ပြောတာပါ။



www.burmeseclassic.com

www.burmeseclassic.com



**ကျွန်**တော် ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်အားလုံးကို လူပုံအလယ်မှာ ပုံချပြတော့ ကိုဖိုးထောင်တို့မှာ ရယ်လိုက်ကြတာ ကိုယ်တောင် ငပေါကြီး ဖြစ်တဲ့အထိပါ။

"တစ်နေ့တစ်မျိုး မရိုးရအောင်ပါလား မင်းဆက်ရယ်"

"ဘယ်တတ်နိုင်မလဲဗျာ"

"မတက်နိုင်ရင် ဆင်းနေခဲ့ပေါ့ သူငယ်ချင်းရယ်"

ဖော်ကြီးက နောက်နေသေးသည်။

"ဒါပဲကွာ၊ မင်းက အမှန်အတိုင်းပြောတော့လည်း မယုံကြည်တဲ့သူက မယုံကြည်နိုင်ဘူး"

"အခုဆို ကျွန်တော့်မှာ တစ်နေ့တစ်ယောက်ပဲ ချိန်းနိုင်တော့တယ်"

"ပေါတဲ့သူများကွာ .. တစ်ခါချစ်မိရင် သုံးယောက် .."

အောင်ညိမ်းက မဲ့မဲ့ရွဲ့ရွဲ့နဲ့ပြောတော့ ဖော်ကြီးက ...





"ပေါလွန်းအားကြီးလို့ ငပေါကြီး ဖြစ်နေဦးမယ်နော်"

"မင်းကြီးတော် ငါက ငပေါဖြစ်ရမှာလား"

"နောက်တော့ပါကွာ၊ မင်းရင်ထဲက လေးနေတဲ့စိတ်တွေ ပေါ့သွားအောင် ပြောပေးတာ .."

အောင်ညိမ်း စကားကြောင့် ကျွန်တော်က ...

"ဒီထက်ပေါ့အောင် ကိုယ့်ကိုယ်ကိုယ် လေထိုးပိုက်နဲ့ ထိုးမှရတော့မှာ .."

ကျွန်တော် စိတ်ရှုပ်ရှုပ်နဲ့ပြောတော့ ဝိုင်းရယ်ကြပါတယ်။

"မင်း ဒီပြဿနာကို ရှင်းချင်လား"

"ဟာ .. ရှင်းချင်တာပေါ့ ကိုဖိုးထောင်ရယ်"

"သွား .. ဂျူတ်နဲ့ဓားနဲ့ သွားယူ .."

"ဟာဗျာ ... အကောင်းအောက်မေ့လို့ .."

ဒီနေ့တော့ မြားဦးက ကျွန်တော့်ဆီမှာ ..။

"လွယ်ပါတယ်ကွာ"

"လုပ်စမ်းပါဦး ဖော်ကြီး .."

ဒီကောင့်ပုံစံက ရယ်ချင်ချင် ..။

"မင်းကောင်မလေးတွေကို ဒစ်စခဲကောင့်နဲ့ ရောင်းထုတ်လိုက်ပါလား"

"အေး .. ဟိုကကြားလို့ကတော့ မင်းပါးအကွဲပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ကိုဖိုးထောင်က တစ်ခုခုကို စဉ်းစားမိပုံနဲ့ ...

"ဒါနဲ့ မင်းကောင်မလေးတွေက တစ်ယောက်နဲ့တစ်ယောက် ပတ်သက်မှုရှိကြတယ်နော်"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

ကျွန်တော်က ပေါ့ပေါ့တန်တန် ပြန်ပြောမိတော့ ...

"ဟ .. ပေါ့ပေါ့လေး မပြောနဲ့"

"ဒါဆို လျှာကို ခဲဆွဲပြီးပြောရမှာလား"

"ဟေ့ကောင် .. ငါပြောတာက မင်းသတိထားဖို့ ပြောတာ၊ ကံဆိုးပြီး သုံးယောက်တွဲကြီးနဲ့ မင်း ထိပ်တိုက်တိုးလို့ကတော့ ဟုတ်ပေ့ဖြစ်နေမယ်"

"တွေ့တော့လည်း ပွဲပြီးသွားတာပေါ့ဗျာ"

"တကယ်နော်၊ ငါ အခု ဖုန်းဆက်ပြီး သုံးယောက်လုံးကို ခေါ်လိုက်ရမလား"

အဲဒါကျတော့ ကျွန်တော် စပ်ဖြဲဖြဲနဲ့ ...

"အဟီး .. နောက်တာပါဗျာ၊ ကျွန်တော့်ကို ဘယ်သူက မေတ္တာစစ်နဲ့ချစ်လဲဆိုတာ ဆန်းစစ်ကြည့်လိုက်ဦးမယ်"

"သူ့ကိုယ်သူ ပပဝတီမင်းသမီးလောက်ရှိတယ် ထင်ပြီး စုန္ဒြည်ထောင်မင်းသားတွေကို ရွေးသလို ရွေးနေတယ်"





ကိုဖိုးထောင်က အမြင်ကပ်ကပ်နဲ့ပြောတော့ ခော်ကြီးက လက်ဖျောက်တစ်ချက်တီးလိုက်ပြီး ...

"ဟာ .. အဲဒီလိုဆို ဒီလိုလုပ်ပါလား"

"ဘယ်လိုလုပ်ရမှာလဲ"

"ဒီလိုကွ၊ ရှေးထုံးလည်းမပယ်နဲ့၊ ဈေးဖိုးလည်း မဘတ်နဲ့ ဆိုတဲ့အတိုင်း .."

"ဈေးသုံးလည်း မကြွယ်နဲ့ပါကွာ"

"သိပ်မကွာပါဘူးကွာ"

"အရမ်းကွာနေရင် သံရိုက်လိုက်လေ"

"တော်ပါတော့ကွာ"

"မရိုက်ရသေးပါဘူးကွ"

ကပေါက်တိကပေါက်ချာ စကားတွေကြောင့် ကိုဖိုးထောင် ခေါင်းတချွင်းချင်းကုတ်ရင်း ...

"မင်းတို့နဲ့ စကားပြောရတာ ခေါင်းတောင်ခြောက်လာပြီ"

"ခြောက်နေရင် ဂျိုပုံးကြီးဖြစ်မယ်"

"မင်းကြီးတော် ဂျိုပုံးရမှာလား"

ကိုဖိုးထောင် စိတ်တိုတိုနဲ့ အောင်ညိမ်းကို လှမ်းကန်ပါတော့၊ ခော်ကြီးက စပ်ဖြဲဖြဲနဲ့ ...

"ကဲ .. ကဲ .. စကားတောင် ဘယ်ရောက်သွားပြီလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စိတ်ပေါက်ပေါက်နဲ့ ...

"ဈေးထဲရောက်သွားပြီ"

"အေး .. ဈေးသုံးလည်း မကြွယ်နဲ့တဲ့၊ အဲဒီတော့ မင်း ကောင်မလေးသုံးယောက်ကို ခေါ်လိုက်"

"ဘာလုပ်ခိုင်းမလို့လဲ၊ မဟုတ်ကဟုတ်က မလုပ်ခိုင်းနဲ့နော်"

"မတော်မရော်ဆိုရလား"

ကျွန်တော်က ဖော်ကြီးကိုဆဲလိုက်သည်။ ဖော်ကြီးက အပြုံးမပျက်။

"ဒီလိုကွာ၊ သုံးယောက်စလုံးကို ခေါ်၊ လက်မကို သံနဲ့ရိုက်၊ တွန့်တဲ့လူက မင်းကို တကယ်ချစ်တာ မဟုတ်ဘူး"

အားလုံး ထဆဲကြပါသည်။ ကိုဖိုးထောင်က ...

"အပ်လောက်ဆိုရင်တောင် တွေးရင်းနဲ့ တွန့်ချင်နေတာ၊ သံနဲ့ဆိုရင်တော့ မင်းအစ်မအပျိုကြီးတွေကိုရိုက်၊ လက်မတော့ မဟုတ်ဘူး"

"ဟော့လူ ..."

"ခေါင်းကို ပြောတာပါ"

ဖော်ကြီးက 'တော်သေးတာပေါ့'လို့ ပြောပါတယ်။ အဲဒီမှာတင် မိန်းမသုံးယောက်နဲ့ပတ်သက်၍ ဆိုတဲ့ ခေါင်းစဉ်အောက်မှာ မပြီးဆုံးနိုင်တဲ့ဝေဖန်မှုတွေကို အဆုံးသတ်လိုက်ကြပါတယ်။







ဒီပဒေါင်နဲ့

ဒီအချစ်မီးက

ငါ့ရင်ကို လောင်မီးလို အကြိမ်ကြိမ်လောင်ကျွမ်း ...

အမြဲကိုပူနေတဲ့ ပြာတွေက

နှင်းလိုလို မြူလိုလိုနဲ့

ပေါ့ .. အရိပ်တရိပ်ဖြစ်လာ ..

အဲဒီအရိပ်က ..

အမြဲမှန်ကို ရှာကြမယ့်လူ ...။





www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ တနင်္ဂနွေနေ့ ..။

တနင်္ဂနွေနေ့ဆိုတော့ ဘာဖြစ်လဲပေါ့၊ ပြောချင်မှာပဲ။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ တနင်္ဂနွေနေ့ဆိုတာ ဟိုနှစ်ယောက်ထက်စာရင် ပိုးဝတ်ရည်အပြွက် ဦးစားပေးနေ့ဆိုလည်း မမှားပါဘူး။

ဝတ်ရည်က တစ်ပတ်လုံးမှ အဲဒီရက်တစ်ရက်သာ ပိတ်ရက်ဆိုတော့ သူမအတွက် အထူးစပါယ်ရှယ်အေးပေါ့။ အဲဒီနေ့မတိုင်ခင် သူမက ပြောပါတယ်။

"တစ်ရက်တလေ ပန်းခြံလေးဘာလေး သွားရအောင်"

"အင်း .. ကောင်းပါတယ်၊ ကိုချက်လည်း အမှောပြေတာပေါ့"

"ကိုချက်နော် .."

သူမက ကျွန်တော့်ကို ဆွဲဆိတ်သည်။

ကျွန်တော်က တဟဲဟဲ ..။





"မဟုတ်ပါဘူး၊ လတ်ဆတ်တဲ့လေကို ရှူရလို့ အမောပြေတယ် ပြောတာ၊ ဘာဖြစ်လို့လဲ"

သူမက မျက်စောင်းထိုးရင်း ...

"ဟွန့် .. မသိတာကျနေတာပဲ"

"သဘောရိုးနဲ့ အမှန်တကယ် ပြောတာပါကွာ၊ ဝတ်ရည်နဲ့ ကိုယ်နဲ့ တွေ့ရတာ ဆိုက်ကားတစ်စီးနဲ့ လမ်းပေါ်မှာချည်းပဲ၊ တနင်္ဂနွေလေးတစ်ရက် လွတ်လွတ်လပ်လပ် တွေ့ရမလား အောက်မေ့တယ်၊ အိမ်မှာလျှော်ရမှာတွေတို့ ဘာဖြစ်တယ်ညာဖြစ်တယ်တို့နဲ့ တွေ့ရလို့လား"

ကျွန်တော့်စကားကြောင့် သူမက ရယ်ရင်း ...

"အင်းနော် ... ကိုချက်နဲ့ အပြင်မှာ လွတ်လွတ်လပ်လပ် မတွေ့ရတာကြာပြီ၊ ကဲ .. ဘယ်သွားမလဲ"

"မြေပဒေသာကျွန်း .."

"ကောင်းပြီလေ၊ ဒါနဲ့ ထီးယူလာဦးနော်"

သူမက ဘာမှမသိဘဲ ...

"အင်း .. ယူခဲ့ .. ဟာ!... ကိုချက် ဘယ်လိုဖြစ်နေတာလဲ"

"အဲဒီနေ့မှ ပြောပြမယ်"

သူမက ကျွန်တော့်ကျောကို ထုသည်။ ကျွန်တော်က ဆိုက်ကားနင်းနေရင်း ...

"အပြောင်းအလဲလေး ဖြစ်သွားအောင် ဒီလိုလုပ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာလဲဆိုတဲ့သဘောနဲ့ မေးဆတ်ပြသည်။

"ဒီလိုလေ၊ အပြောင်းအလဲလေး ဖြစ်သွားအောင် ဝတ်ရည်က ဆိုက်ကားနင်း၊ ကိုချက်က စီးမယ်"

သူမ သဘောကျစွာ ရယ်ပါတော့သည်။

"ကဲ .. မမ၊ ကျုပ်က ဘယ်ကစောင့်ရမှာလဲ"

"ဘယ်ကမှမစောင့်နဲ့၊ ပန်းခြံထဲက စောင့်နေ .."

"ဟင် .. ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး၊ အဲဒီနေ့မနက် မေမေနဲ့ ဒေါ်လေးတို့အိမ် ဝင်ရဦးမှာ၊ အဲဒီကအပြန်မှ ပန်းခြံကိုလာခဲ့မယ်၊ ကိုချက်က ဆယ်နာရီလောက် ပန်းခြံထဲက စောင့်နေ .."

"နောက်မကျနဲ့နော် ဝတ်ရည်"

"ဘာဖြစ်လို့လဲဟင် ကိုချက် .."

"ဩော် .. ကိုချက်က တစ်ယောက်တည်း မတော် လှရမ်းကားမလေးတွေနဲ့တွေ့ရင် ကိုချက်ဘဝ ကိုယ်ကျိုးနည်းမှာ .."

"အောင်မယ် .. တင်တင်စီးစီး ..."

"အင်းလေ .. ဝတ်ရည်ကို ဆိုက်ကားပေါ် တင်ပြီး စီးလာတာပဲဟာ"

ဝတ်ရည်က အပြုံးနဲ့ မျက်စောင်းထိုးပါသည်။





"နာရီတကြည့်ကြည့်နဲ့ မမ ဘာဖြစ်နေတာလဲ"

ရွက်ဝါ စကားကြောင့် ဝတ်ရည်က ...

"ဟို .. ဩော် .. မမ အလုပ်ကသူငယ်ချင်းအလှူ ရှိလို့"

ရွက်ဝါ ရယ်ချင်ဟန်နဲ့ ...

"ဒါဆို ညီမလေး လိုက်ခဲ့ရမလား"

ဝတ်ရည် ရွက်ဝါကို မျက်လုံးပြူးပြမိပါသည်။ အန်တီနုရီက ဘာမှ မသိဘဲ ...

"နေပါဦး ဝတ်ရည်ရယ်၊ တစ်ခါတလေ ကိုယ့်အဒေါ် အိမ်လာတဲ့ဟာ ..."

အန်တီနုရီက အခုလိုပြောတော့ ဝတ်ရည်မေမေက ...

"နုရီရေ .. ပြောမနေနဲ့တော့၊ တစ်ရက်တလေလေး အလုပ်အားရက်မို့ ညည်းအိမ်လာတာ၊ မအားဘူးဘာဘူးလုပ်နေလို့ အတင်းခေါ်လာခဲ့ရတာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကြောင့် ရှက်ဝါက မမကို မျက်လုံးမှိတ်ပြရင်း ...

"အန်တီနုရီသမီးက ရည်းစားနဲ့ချိန်းထားလို့ နေမှာပေါ့"

"ညည်းပြောတဲ့အတိုင်းဆို ကောင်းတာပေါ့ ရှက်ဝါရယ်၊ ညည်း အစ်မကို ကောင်းမယ်ထင်တာလေးတွေတွေ့ရင် ရွေးပေးလိုက်ပါအေး ယောကျ်ားမြန်မြန်ရသွားလည်း ကောင်းတာပဲ"

"ရွေးထားတာတွေ ရှိတယ်၊ တန်းစီနေတာပဲ"

"ဟဲ့ .. ဘယ်သူတွေလဲ"

"ဘားလမ်းမှာ ဘောထုပ်ရောင်းတဲ့သူတွေ တန်းစီပြီးရောင်းနေတာလေ အန်တီချို"

"ခွေးမလေး .. ကဲ .. ကဲ .. ဒီမှာပြန်ချင်နေပြီတကဲကဲ လုပ်နေတာ၊ နုရီ .. ငါ့အိမ် လာခဲ့ဦးလေဟယ်"

"ဟုတ်ကဲ့ မမ"

"သွားမယ်နော် အန်တီနုရီ .."

"အေး အေး .."

ဝတ်ရည် ရှက်ဝါကို လက်ပြနှုတ်ဆက်ကာ ထွက်လာခဲ့သည်။ အပြင်ရောက်တော့ မေမေ့ကို တက္ကစီငှားပေးပြီး သူမက ကားကိုမောင်းလာကာ ကိုချက်နဲ့ချိန်းထားတဲ့ မြေပဒေသာကျွန်းကိုထွက်လာခဲ့ပါသည်။





ဘယ်နစ်ကြိမ်မြောက်မှန်းမသိ နာရီကို ကြည့်မိသည်။ နာရီလက်တံက ဆယ့်ရှစ်နာရီထိုးဖို့ တာစူနေပါသည်။

ကျွန်တော့်အတွက် အပင်ပန်းဆုံးနဲ့ စိတ်အညစ်ဆုံးက အခုလို တစ်ယောက်ယောက်ကို စောင့်နေရခြင်း ဖြစ်သည်။

စောင့်နေရမယ့်အတူတူ အဖော်အပေါင်းလေးနဲ့ ပိုတာလေးဆွဲ၊ ကိုးမီးလေးရိုက်နေရင်း စောင့်ရသည်က အချိန်ကုန်လို့ ကုန်မှန်းမသိ အဆင်ပြေသည်။

အခုလိုတစ်ယောက်တည်း ငေါင်ကြောင်ကြောင်နဲ့ စောင့်နေရသည်က စိတ်မရှည်ချင်..။

အဲဒီလိုအချိန်မှာပဲ ရွှေရှက်ဝါနဲ့ ယုဝေ ပန်းခြံထဲကိုဝင်လာရင်း...

"ဟဲ့ .. ဟိုကောင်တွေက ဘယ်မှာချိန်းထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ယုဝေ အမေးကြောင့် ရွှေရှက်ဝါက ...

"ဟဲ့ .. မနေ့ကဖုန်းဆက်တော့ ဒီမှာဆို .."

မတွေ့ရတာကြာပြီဖြစ်တဲ့ ကျောင်းတုန်းကသူငယ်ချင်းတွေစုပြီး စားကြသောက်ကြဖို့ မနေ့က အေးမင်းဇော်က ဖုန်းဆက်ပြီး ချိန်းတာကြောင့် ဒီနေ့မနက်ပဲ မမတို့ပြန်တော့ ယုဝေကို ဝင်ခေါ်ပြီး ဒီကိုတန်း လာခဲ့ခြင်း ဖြစ်သည်။

"ဖုန်းဆက်ကြည့်ပါဦး ရှက်ဝါရယ်၊ အဲဒီ အေးမင်းဇော်ဆိုတဲ့ ကောင်က နမော်နမဲ့ သိပ်နိုင်တဲ့ကောင် .."

"အေး .. ဖုတ်တယ်"

ပြောလည်းပြော ရှက်ဝါ ဖုန်းကိုဖွင့်ပြီး ဆက်ကြည့်သည်။

"ဟဲ့ကောင် .. နင်တို့က ဘယ်မှာလဲ၊ ဘယ်လို .. ကန်တော်ကြီး ထဲမှာ .."

ယုဝေက အဲဒီကောင်အကြောင်း သိနေသည်မို့ ရယ်မိသည်။

"ဟဲ့ .. အဲဒါများ မနေ့ကတည်းက ပြန်ဆက်လိုက်ပါလား ခွေး ကောင်ရဲ့၊ ဘယ်လို .. မေ့နေတယ်၊ ဩော် .. နီးနီးလေး .. နီးနီးလေးဆို နင် လာလျှောက်ကြည့်ပါလား၊ ကားမပါလို့ပေါ့ဟဲ့၊ အေး အေး .. ဒါပဲ"

ရှက်ဝါ ဆောင့်ဆောင့်အောင့်အောင့်နဲ့ ဖုန်းကိုပိတ်တော့ ...

"ဘာပြောလဲ"

"ဝတ်လမ်းက တံတားအတိုင်း လျှောက်လာခဲ့ပေါ့တဲ့"





"ဗုဒ္ဓေါ .."

မြေပဒေသာကျွန်းနဲ့ ကန်တော်ကြီးပတ်လမ်းတံတားအတိုင်း လျှောက်လိုက်ကတော့ နီးမှမနီးတာ ..။

"ကဲပါ ရှက်ဝါရယ်၊ ကားငှားပြီးတော့ပဲ သွားရအောင် .."

ရှက်ဝါက ရှုံ့မဲ့မဲ့နဲ့ ...

"နေဦး .. မနက်က မုန့်ဟင်းခါးတွေစားတာ များသွားတယ်ဟ၊ တိုင်းလက် ပြေးလိုက်ဦးမယ်၊ ဒီမှာ ခဏစောင့် .."

"လုပ်ပြီ"

ယုဝေက မျက်စောင်းထိုးရင်း ကျန်ခဲ့ပါသည်။ ရှက်ဝါ မရှိတော့ ယုဝေ အနီးအနားကို လျှောက်ကြည့်မိသည်။ ဖြစ်ချင်တော့ မင်းဆက် တလည်း ဆေးလိပ်သောက်ချင်တာကြောင့် နီးရာဆိုင်တစ်ဆိုင်မှာ ဆေးလိပ် လာအဝယ် ...

"ဟယ် .. ကိုငြင်း .."

"ဟာ .. ယုဝေ .."

ယုဝေကိုမြင်မြင်ချင်း ဆံပင်တွေ ထောင်သွားမတတ်။ အခုအချိန် သာ ဝတ်ရည်ရောက်လာလို့ကတော့ ပြဿနာတက်မှာသေချာပါသည်။

"ဘယ်လာတာလဲ ကိုငြင်း .."

"ဟို .. ဟိုလေ .."

ယုဝေက ဝမ်းသာအားရနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. ယုဝေကို ဗေဒင်ဟောထားတဲ့အတိုင်း ကောင်မလေး နှစ်ယောက်ကို ရည်းစားထားပေးဖို့လား .."

မင်းဆက် ယုဝေစကားကြောင့် ထွက်ပေါက်ရသွားပါသည်။

"ဟာ .. ဟုတ်တယ်၊ အဲဒါ ဘယ်သူ့ကိုလိုက်လို့ အဆင်ပြေမလဲ ကွင်းဆင်းလေ့လာတာ .."

"အတော်ပဲ၊ ယုဝေသူငယ်ချင်းနဲ့ မိတ်ဆက်ပေးမယ်၊ ရွှေရွက်ဝါတဲ့"

"ဗုဒ္ဓေါ .."

အလန့်တကြားပြောမိတော့ ယုဝေက နားမလည်ဟန်နဲ့ ...

"ဘာဖြစ်လို့လဲ"

"ဟို .. လာ .. ဆိုင်ထဲမှာ အအေးသောက်ရင်း စကားပြောရအောင်"

"ကောင်းတယ်၊ ကိုဆက် ခဏလေး"

ယုဝေက သူ့လက်ထဲက ဟမ်းဖုန်းနဲ့ လှမ်းဆက်ပါတယ်။

"ဟဲ့ .. ပြီးပြီလား။ အေး .. ငါချစ်ချစ်နဲ့တွေ့နေလို့၊ တိုင်းလယ်ကနေ ဆက်လျှောက်လာခဲ့၊ ဆိုင်တွေ့လိမ့်မယ်"

ယုဝေက ဘာမှမသိဘဲ ဖုန်းဆက်နေပေမယ့် ကျွန်တော့်ရင်မှာတော့ တဒိတ်ဒိတ်။ ဘုရား .. ဘုရား .. ရှိသမျှဘုရားအပေါင်း ကယ်တော်မူပါ။





"ဟိုလေ .. ယုဝေ .. ဆိုင်ထဲမှာ ခဏစောင့်နော်"

"ဟင် .. ကိုငြင်းက ဘယ်လဲ"

"ဟို .. ဩော် .. ဝန်းခြံအဝင်ဝကထွက်လိုက်ရင် ပွဲငှက်ရှိတယ်လေ"

"အင်းလေ .. အဲဒါ ဘာဖြစ်လဲ"

"အဲဒီမှာ ဦးထုပ်အဖြူရောင်ဆောင်းထားတဲ့လူကို သတိထားမိလား။ ရုပ်နေတာ တော်တော်ကြာပြီ"

ဘိုမ ချက်မှောင်ကြုတ်ရင်း ခေါင်းခါတော့ ...

"ဟိုကွာ .. ကိုယ် ဒီကိုလာတော့ တစ်ဖက်က လက်ပြပြီး နှုတ်ဆက်တယ်၊ လက်တစ်ဖက်က သူ့သွားမယ့်နေရာကို ညွှန်ပြတယ်ကွ"

"သူက ကိုငြင်း အသိလား"

"ကိုယ်လည်း တစ်ခါမှ မမြင်ဖူးဘူး။ ကြည့်ရတာ လမ်းလယ်ခေါင်မှာ ကားလမ်းဖြတ်ကူးဖို့ ကြောက်နေသလိုပဲ၊ ကိုယ် ဒီဘက်ကို ကူးပေးပြီးရင် ပြန်လာခဲ့မယ်"

"မြန်မြန်ပြန်လာနော်"

"စိတ်ချပါ"

ကျွန်တော် ကမန်းကတန်းပြောပြီး ထွက်လာခဲ့ပါသည်။ နောက်တလိုက်လာမှာလည်း ကြောက်တာကြောင့် နောက်ကို လှည့်ကြည့် လှည့်ကြည့်နဲ့ပေါ့။

"ကိုဆက် ..."



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေးဗျ"

ရုတ်တရက် ရှေ့က လက်ခေါင်းကိုပုတ်ပြီး လှမ်းခေါ်လိုက်တဲ့ အသံကြောင့် ယောင်ပြီး အော်မိပါတယ်။ ရုတ်တရက် ရှေ့မှာရပ်နေသူက ရွှေရွက်ဝါ..။ (တိုက်ဆိုင်လိုက်တာများကွာ .. ခုန်နဝါရီ ကိုးရက် .. ဆိုရှောက်က ရင်နင့်စရာ ..) ဟာစ်ပောသီချင်းပဲ ညည်းရတော့မလိုလို။

"ဘာတွေဖြစ်နေတာလဲ၊ မျှေးတွေလည်း ပြန်လို့ပါလား"

ကျွန်တော် နဖူးကချွေးကို သုတ်ရင်း ...

"ဟိုဟာလေ .."

"ဘယ်ဟာလဲ .."

"ဟိုဟာ .. မေမေက အပင်စိုက်ချင်လို့ .. အပင်လာဝယ်တာ.."

"ဘာပင်မို့လို့လဲ"

"ကျွန်းပင် .. ကိုဆက် ပြန်လာခဲ့မယ်နော်"

"ဟာ .. ကိုဆက်၊ ဘာတွေဖြစ်နေတာလဲ"

ကျွန်တော် ကမန်းကတန်းပြောပြီး ထွက်လာခဲ့ရပါသည်။ ရွက်ဝါ ကြောင်တောင်တောင်နဲ့ ကျန်ခဲ့ပါသည်။ ပြီးတော့ ကိုဆက် ပြောသွားတဲ့စကားကို ပြန်စဉ်းစားတယ်။

"ကျွန်းပင် .. ဟာ!.. ကျွန်းပင်က နိုင်ငံတော်ပိုင်တဲ့ဟာ၊ အိမ်မှာ စိုက်လို့မှ မရဘဲ .."

ရွက်ဝါ မှစ်ပွစိနဲ့ မကျေမနပ်ပြောရင်း ယုဝေ ထိုင်နေတဲ့ဆိုင်ကို





လျှောက်လာခဲ့ပါသည်။

ရွက်ဝါလိုပဲ ယုဝေ ကိုငြင်းပြောသွားတဲ့စကားကို စဉ်းစားကြည့်နေမိပါတယ်။

"ဦးထုပ်အဖြူဆောင်းထားတဲ့လူ၊ လမ်းလယ်ခေါင်မှာ၊ လက်တစ်ဖက်က လက်ပြနှုတ်ဆက်တယ်၊ လက်တစ်ဖက်က သူသွားမယ့်နေရာကို ညွှန်ပြ ဟင် .. ဒါ .. မော်တော်ပီကယ်ပဲ၊ ဟာ .. ငါ့ကို အရူးလုပ်သွားတာပဲ၊ တောက် .. တွေ့မယ်"

မကျေမနပ်နဲ့ ရှုပ်ပုပ်ပုပ်ဖြစ်နေတဲ့ ယုဝေကိုမြင်တော့ ဆိုင်ထဲဝင်လာရင်း ရွက်ဝါက မေးပါတယ်။

"ဟဲ့ .. ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ၊ ငါ့ရည်းစားပေါ့"

"ဘာလဲ .. နောက်တစ်ယောက်နဲ့ ပန်းခြံထဲကို ရောက်လာလို့လား"

"ဟာ .. ဘာတွေပြောနေတာလဲ၊ မဦးမချွတ် .. ဒီလိုဟာ"

ယုဝေ အစအဆုံးပြောပြတော့ ရွက်ဝါ ရယ်လိုက်တာ ..။

"တော်းမ .. နင့်ကောင်က နင့်ကို အရူးလုပ်သွားတာဟ"

"အေးပါ .. ရယ်မနေနဲ့ နင်ကလည်း ကြာလိုက်တာ ရွက်ဝါရယ်.."

"ကြာမှာပေါ့ဟဲ့၊ ငါ့ဘဲဘဲနဲ့ တွေ့နေလို့ .."

"အဲဒါများ ခေါ်ခဲ့လိုက်ရင် ပြီးတဲ့ဟာ၊ ငါလည်း မြင်ဖူးရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဟဲ့”

ယုဝေစကားကြောင့် ရှက်ဝါက မဲ့ရွဲ့ရင်း ...

“ယောက်ျားတွေများ မထူးပါဘူးဟာ”

ရှက်ဝါကလည်း သူကြုံခဲ့သမျှကို ဖောက်သည်ချမိပါသည်။

“သြော် ... သူများကျတော့ ပြောတတ်ပြီး နင်လည်း ဘာထူးလို့လဲ”

“ငါ့ ကိုဇော်က အဲလို မဟုတ်ပါဘူးဟ၊ သူ့မှာ အရေးတကြီးကိစ္စရှိလို့နေမှာပါ”

“ပြောတတ်တယ်”

“ကဲ .. ပြောမတတ်မနေနဲ့ မိန်းမ၊ ထ .. ကားရှုသွားရအောင်ဟိုကောင်တွေကြာလို့ ပွစိပွစိဖြစ်နေဦးမယ်”

“အေးပါ၊ ပိုက်ဆံရှင်းမယ်ဟေ့”

ပိုက်ဆံရှင်းပြီး မြေပဒေသာကျွန်းကထွက်လာတော့ အဝင်ဝမှာတဖွဲ့စီတစ်စီးပေါ်က ကမန်းကတန်းဆင်းလာတဲ့ ပိုးဝတ်ရည်နဲ့ ဆုံပါတယ်။

ရှက်ဝါ တအံ့တသြနဲ့ ...

“ဟင် .. မမ ..”

“ရှက်ဝါ ..”

ဝတ်ရည်က ကမန်းကတန်း ပန်းခြံထဲကိုလှမ်းကြည့်တော့ ရှက်ဝါ





ဟက်ဟက်ပက်ပက်ရယ်ရင်း ...

“သြော် .. ငါ့အစ်မက သူငယ်ချင်းအလှူက ရေစက်ချပွဲကို ပန်းခြံထဲမှာ လာလုပ်တာကိုး”

“ရှက်ဝါနော် ..”

ဝတ်ရည် ရှက်ကိုးရှက်ကန်းနဲ့ပြောတော့ ...

“ရှက်မနေပါနဲ့ မမရယ်၊ ရည်းစားနဲ့ချိန်းထားရင် ချိန်းထားတယ်ပေါ့၊ သြော် .. မမကို မိတ်ဆက်ပေးရဦးမယ်”

ယုဝေက အလိုက်တသိ ပြုံးပြလိုက်ပါတယ်။ ဝတ်ရည်ကလည်း ပြန်ပြုံးပြမိပါတယ်။

“ယုဝေ .. ဒါ ငါ့အစ်မဝမ်းကွဲ၊ ပိုးဝတ်ရည်တဲ့၊ မမ .. ဒါ တက္ကသိုလ်မှာကတည်းက သူငယ်ချင်းတွေ .. ယုဝေ တဲ့”

“တွေ့ရတာ ဝမ်းသာပါတယ် မမ”

“မမလည်း တွေ့ရတာ ဝမ်းသာပါတယ်ကွယ်၊ ကဲ .. သွားလိုက်ဦးမယ်နော်”

“ဒါနဲ့ မမကားရော ..”

ဝတ်ရည်က ချွေးစို့နေတဲ့လည်တိုင်ကို တစ်ရှူးနဲ့ ခပ်ဖွဖွသုတ်ရင်း ...

“မပြောချင်တော့ပါဘူး ရှက်ဝါရယ်၊ ညီမလေးတို့အိမ်ကထွက်လာပြီးတော့ မေမေ့ကို ကားပေါ်တင်ပေးလိုက်ပြီး ဒီကိုအလာ လမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာကားပျက်လို့ ဝပ်ရှော့ကိုလှမ်းခေါ်၊ ဝပ်ရှော့က ကားပြင်ဆရာလာမှ ကားအပ်ပြီး ဒီကိုထွက်လာခဲ့ရတာ ..."

ရွှက်ဝါက ရယ်သည်။

"ကဲ .. မမ သွားတော့၊ တော်ကြာ နောက်ကျလို့ မေလူ ကောက်နေဦးမယ်"

မမက ရှက်ရှက်နဲ့ လှမ်းရိုက်ပါသည်။

"ကဲ .. သွားမယ်နော်"

ရွှက်ဝါတို့နှစ်ယောက်လည်း မမကိုနှုတ်ဆက်ပြီး ကားဂိုဒေါင် ကန်တော်ကြီးပန်းခြံဘက် ထွက်လာခဲ့ပါသည်။





"ဟော့ကောင် .. ဟိုမှာ .. ယုဝေဆိုတဲ့ ဒေါ်သနုတ်သမီး လာနေပါပြီဗျာ"

အာပေါင်အာရင်းသန်သန်နဲ့ ကိုဖိုးထောင်ရဲ့ အကူ အရောင်းဝန်ထမ်းအဖြစ် အော်ဟစ်ရောင်းနေစဉ်မှာ ကိုဖိုးထောင် စကားကြောင့် လှမ်းကြည့်တော့ ပုပ်သိုးသိုးမျက်နှာနဲ့ သူ့ဆီဦးတည်လာတဲ့ ရေနွေးငွေ့ စက်ခေါင်းကြီး .. အဲလေ .. ယုဝေ။

မစိမ်းက ပြုံးစိစိနဲ့ ...

"ကိုယ်တော် .. ဘယ်လိုချော့ရမလဲ ကြံ့စဉ်းစားထားနော်"

မစိမ်းက သူ့အကြောင်းတွေကို ကိုဖိုးထောင်က သိနေတာကြောင့် လှမ်းပြောပါသည်။ သူမက ဆိုင်ထိပ်မှာ ပိတ်ရပ်ပြီး ...

"ကဲ .. ရှောင်လင်ကိုယ်တော်၊ ကျွန်မနောက်က လိုက်ခဲ့ပါဦး"

သူက ရယ်ကျဲကျဲနဲ့ ခေါင်းကုတ်ရင်း ထရပ်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"လိမ်တယ် ညာတယ် လူညာကြီးရယ်၊ ယုံအောင်ဖြီးတတ်တယ်"

ကိုဖိုးထောင်က မင်သေသေနဲ့ သီချင်းဆိုတော့ သူက ခလုတ်တိုက်သလိုနဲ့ ကိုဖိုးထောင်ကျောကို ဒူးနဲ့တိုက်ရင်းထွက်လာတော့...

"ဟာ... အသလွှတ်ကြီးပါလား"

ကျွန်တော် ယုဝေ မမြင်အောင် အံကြိတ်ဖြဲမိပါသည်။ ကိုဖိုးထောင်က ကျိတ်ရယ်ပါသည်။

ယုဝေက ဆောင့်ဆောင့်နဲ့ ရှေ့ကလျှောက်ပါတယ်။ ကျွန်တော်က ကုပ်ကုပ် ကုပ်ကုပ်နဲ့ နောက်ကလိုက်ရပါတယ်။ အမှန်ဆို သူနဲ့ကျွန်တော် သင်တန်းပြီးချိန်မှ ဆုံနေကျကော်ဖီဆိုင်လေးမှာ တွေ့နေကျပါ။

ဒီနေ့ သင်တန်းမတက်ခင် ရောက်လာသည်ဆိုတော့ အသောင်ချီ့ခွေသီချင်းထဲကလို (ရာသီဥတု ကိုယ့်ဘက်မပါဘူး ကောင်လေးရေ) ဖြစ်နေတဲ့သဘောပေါ့။

ဆိုင်ထဲရောက်တော့ သူမက မျက်နှာကြီးပုပ်သိုးပြီး ဘာမှမမှာ၊ ကျွန်တော် အောက်လေလေးနဲ့ ...

"ကော်ဖီနှစ်ခွက် မှာလိုက်မယ်နော်"

ကျွန်တော့်စကားကြောင့် မျက်စောင်းက ဒိုင်းခနဲ။ ကျွန်တော်အလိုက်တသိပဲ ကော်ဖီနှစ်ခွက် လှမ်းမှာလိုက်ပါတယ်။

"ကဲ .. ပြော .."

သူမအသံက မာဆတ်ဆတ်။ ကျွန်တော် မသိချင်ယောင်ဆောင်ပြီး ...

"ပုံပြောရမှာလား"

"ကိုပြြင်း .."

သူမအသံက နည်းနည်းကျယ်သွားတာကြောင့် ကျွန်တော်ဘေးဘီကို လှမ်းကြည့်ရင်း ...

"ဖြည်းဖြည်း အော်ပါ ယုဝေရယ်"

"ဘာဖြစ်လဲ၊ ကိုယ့်အသံနဲ့ကိုယ် ပြောတာ .."

"အဟဲ .. အသံဝင်သွားရင် ဘယ်လိုလုပ်မလဲ"

သူမက ကျွန်တော့်ကို ဆွဲဆိတ်သည်။

"အား .. နာလိုက်တာ ယုဝေရယ်"

သူမက မကျေမနပ်နဲ့ ကြည့်ရင်း ...

"နာပစေလေ၊ ပြော .. မနေ့က ဘာလို့ ယုဝေကို လိမ်သွားတာလဲ"

ကျွန်တော် ခေါင်းကုတ်မိပါသည်။ ပြီးတော့ ကြိုတင်စဉ်းစားလာတဲ့အတိုင်း ...

"မညာပါဘူး ယုဝေရယ်၊ အဲဒီနေ့က ဒီလို .. ကိုယ် ကောင်မလေးနှစ်ယောက်ကို တွေ့လိုက်တယ်လေ၊ အဲဒီကောင်မလေးနှစ်ယောက်က ယုဝေ မလာခင်ကတည်းက ကိုယ့်ကို အထာပေးနေတာ"

"ဘာ !..."

"လန့်လိုက်တာ ယုဝေရယ်"







www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း .. ရှင် ကျွန်မကွယ်ရာမှာ ဖောက်ပြန်တယ်ပေါ့"

"ဟာ .. မဖောက်ပါဘူး"

"ကိုငြင်းနော် .."

"ဟုတ်တယ်လေ၊ ဖောက်ပြီးပြန်လာရအောင် သူတို့တွေက အအေးပုလင်းတွေမှ မဟုတ်တာ .."

"ကိုငြင်း .."

"ဟိုလေ .. ယုဝေပဲ ဇေဒင်အရဲဆို .."

ချက်ကောင်းကို လှမ်းကိုင်လိုက်ပါသည်။ မိမိရရပါပဲ။ သူမက မကျေလည် ကျေလည်မျက်စောင်းနဲ့ ...

"အစေကြီးကတည်းက အဲဒီလိုပြောပါလား၊ ဒါပဲနော်.. အဖျော်စတိတ်တွဲရမှာ၊ ပြီးတော့ ယုဝေက ရည်းစားကြီးနော်"

ယုဝေ ပြောပုံကြောင့် ကျွန်တော် ရယ်မိတော့ သူမက မကျေနပ်။

"အောင်မာ .. ဘာရယ်တာလဲ"

"ယုဝေရယ်၊ မယားကြီးပဲ ကြားဖူးပါတယ်၊ ယုဝေကျမှ ရည်းစားကြီးဆိုတော့ ..."

သူမလည်း အခုမှပြန်တွေးကာ ရယ်မိပါသည်။

"မသိဘူးလေ၊ ပြောတတ်သလိုပြောတာ၊ ဒါနဲ့ ကိုငြင်းနဲ့ အဆင်ပြေသွားရောလား"

"ပြေတာမှ သိပ်ပြေတာပေါ့၊ ကိုငြင်းကို သူတို့ရပ်စောင့်နေတာ"





"ဟာ .. အဲဒီတော့ .."

သူမက အားတက်သရောပြောတော့ ကျွန်တော် ရှုံ့မဲ့မဲ့နဲ့ ...

"ဒါဖေမယ့် သူတို့တွေက အခြောက်တွေကွ"

"အဲ ..."

သူမ ပထမ မျက်ခုံးမြင့်တက်သွားပါတယ်။ နောက်တော့ သဘောကျစွာ ရယ်ပါသည်။ အခုတော့ ရာသီဥတုက ကိုယ့်ဘက် ပါလာပါပြီ။

"အေးပေါ့လေ .. ရာသီဥတုက ပူတာကိုး .."

သူမက ကျွန်တော့်ရဲ့ အနောက်အခြောင်ကြောင့် ဆိမ်ပါသည်။ ခါးကို ..။

"နာတယ် ယုဝေရယ်"

နောက်တော့ ဟိုအကြောင်းဒီအကြောင်းပြောပြီး ခဏတဖြုတ်ထိုင်ကာ လမ်းခွဲလိုက်ကြပါသည်။ ကျွန်တော် သင်တန်းအထိ လိုက်ပို့ပေးပြီး ကိုဖိုးထောင်ဆိုင်ကို ပြန်လျှောက်လာခဲ့ပါသည်။

"ကဲ .. အခြေအနေ .."

ကျွန်တော် စစ်ပွဲပြီးလို့ အောင်ပွဲရစစ်သူကြီးလို ဝင်ထိုင်ရင်း ...

"အခြေအနေက ရေသေပါ ပုဆိုးပေါင်တဲ့ ကိုဖိုးထောင်ရယ်"

ကိုဖိုးထောင်က အမြင်ကပ်သလိုကြည့်ပြီး ...

"မိုးကောင်းတုန်းကတော့ ရွာထားဦးပေါ့ကွာ၊ ရှေ့ကျော့ ခြေလှမ်း လာတဲ့ကျမှ 'ကိန်' လို့ အော်မနေနဲ့"

www.burmeseclassic.com



“ခင်ဗျားပြောမှပဲ ကျွန်တော် ခွေးလုံးလုံး ဖြစ်တော့တယ်”

နှစ်ယောက်သား သဘောကျစွာ ရယ်မိကြပါသည်။

“တစ်ပွဲကတော့ နိုင်လိုက်ပြီ ကိုဖိုးထောင်ရေ .. ဟူး ...”

“အဆင်ပြေမှာပါကွာ၊ ထိပ်တိုက်မတွေ့မချင်းကတော့ ဟောဒီမှာ .. ဩ ..”

ကိုဖိုးထောင်က လက်ညှိုးနဲ့ ပါးစပ်ကိုထောက်ပြတော့ ...

“ဘာလဲ .. ဖော်ကိုက်ရမှာလား”

ကိုဖိုးထောင်က ကျွန်တော့်ကို လှမ်းထိုးရင်း ...

“ခွေးကောင် ... ပါးစပ်လေးနဲ့ မုသာဝါဒလေး ပြောလိုက်ရုံလို့ ပြောတာကွ”

ကျွန်တော် တဟဲဟဲ..။

ပြီးတော့ စဉ်းစားမိပါသည်။ ကျွန်တော့်အချစ်က ကံငါးပါးမှာ တစ်ပါးကို အခါခါ ချိုးဖျက်နေရသည့်အဖြစ်ပါ။





“တောင်းပန်ပါတယ် ကိုချက်ရယ်”

ကျွန်တော် မေမေ့ဆီက ပိုက်ဆံတောင်းတာ အဆင်မပြေတာကြောင့် မျှန်ကုပ်ကုပ်နဲ့ရှိနေတုန်း ဝတ်ရည် ရောက်လာတာကြောင့် ဆိုက်ကားခွဲပြီး ဝတ်ရည်ကို တင်နင်းလာရင်း ဝတ်ရည်က အခုလို ပြောတာကြောင့် အံ့ဩသွားမိပါတယ်။

ဒါပေမယ့် ဟန်မပျက် နေလိုက်ပါတယ်။

“ဟိုလေ .. ဘားက လမ်းမှာပျက်နေလို့ စိတ်တော်တော် ညစ်သွားတယ်၊ ထင်တော့ထင်ပါတယ်၊ ကိုချက် စောင့်ရတာ စိတ်မရှည်လို့ ပြန်သွားလောက်ပြီလို့လေ .. နော် ကိုချက် .. စိတ်မဆိုးပါနဲ့နော်”

နိုးရိမ်မကောင်းတဲ့လေသံလေးနဲ့ သူမ ပြောတော့ ကျွန်တော် မရယ်မိအောင် ကျိတ်နေရပါတယ်။ ဒါပေမယ့် ကျွန်တော့်မျက်နှာကို စိတ်ဆိုးနေသေးတဲ့ပုံစံ လုပ်ထားရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က တစ်ယောက်တည်း ဘယ်လောက် ကြောင်တောင်တောင်နိုင်လဲ၊ ဝတ်ရည် ကိုယ်ချင်းစာကြည့်ပေါ့"

ဝတ်ရည်က ဆိုက်ကားနင်းနေတဲ့ ကျွန်တော့်ကို မရဲတရဲလှမ်းကြည့်ရင်း ...

"ကိုယ်ချင်းစာပါတယ် ကိုချက်ရယ်၊ ဟိုလေ .. ကိုချက် ဝတ်ရည်ဆီ ဖုန်းဆက်သေးလား"

အမှန်တော့ ကျွန်တော် မဆက်ဖြစ်ပါ။

"ဆက်တာပေါ့ ဝတ်ရည်ရယ်"

ဝတ်ရည် သက်ပြင်းချနေတာ ကျွန်တော် မြင်ပါသည်။ ကျွန်တော်လိမ်တာ ပေါ်သွားပြီ ထင်မိသည်။

"ဖြစ်ချင်တော့ ဘက်ထရီကခေါင်းနေတာ၊ ဝတ်ရည် ကားပျက်လို့ဖုန်းဆက်တာတောင် လမ်းဘေးက အများသုံးကနေ ဆက်ရတာ၊ စိတ်မဆိုးနဲ့တော့နော်၊ နောက်တစ်ခါ မဖြစ်စေရဘူးနော် ကိုချက်"

စက်ရုံဝင်းရှေ့ရောက်တော့ ရပ်ပေးလိုက်ပါသည်။ ဆိုက်ကား ရပ်ထားတဲ့နားမှာ ဝတ်ရည်ရဲ့ တပည့်တပန်းမလေးတွေ ..။ တစ်ယောက်က လှမ်းစသည်။

"ဆိုက်ကားဆရာ ကိုဘသောင်း"

တစ်ယောက်က အဆုံးသတ်တယ်။

"အနေးယာဉ်စီးခ ဈေးပိုဇတောင်း"





ခင်မင်ရင်းနှီးနေတာကြောင့် သူမတို့က စနောက်နေခြင်းဖြစ်သည်။ ကျွန်တော်ကလည်း အားကျမခံ ပြန်ပြောပါတယ်။

"အထည်ချုပ်သူ မဗိုက်ပူ၊ အပ်ချည်ခိုးဖို့ သူတာခူ .."

ကောင်မလေးတွေ ပွစိပွစိဖြစ်ကုန်ပါတယ်။ ကျွန်တော် တဟားဟားရယ်ရင်း မနည်း နင်းပြေးလာရပါတယ်။

ဒုတိယစစ်ပွဲကို အောင်နိုင်လာသူမို့ လေလေးတချွန်ချွန်နဲ့ပေါ့။ ဓိတ်ကိုပြန်ရောက်တော့ ဦးလေးသက်က အသွားနဲ့အပြန် ပုံစံမတူလာတဲ့ ကျွန်တော့်ကို လှမ်းစပါတယ်။

"မင်းဆက်တို့ကတော့ မှိုရလာတဲ့မျက်နှာနဲ့ပါလား"

ကျွန်တော်က ဆိုက်ကားသော့ကို ကိုသောင်းရွှေထံ ပစ်ပေးရင်း ဦးလေးသက်ကို လှမ်းပြောလိုက်ပါတယ်။

"မှိုတင်မဟုတ်ဘူး ဦးလေးရေ၊ ဆီနဲ့ ဒယ်အိုးပါ ရလာတာဗျ"

ကျွန်တော့်စကားကြောင့် ဦးလေးသက်က တဟားဟား ..။ ဆိုက်ကားပြန်ပေးပြီး ကျွန်တော် သီချင်းလေးတအေးအေးနဲ့ အိမ်ကို ပြန်လာခဲ့ပါတယ်။ ဒီနေ့ ရုံးပိတ်ရက်မို့ အိမ်မှာ လူစုံပါတယ်။

"မေမေရေ .. ထမင်းကျက် .. ဟိုက် .."

ဗိုက်ဆာဆာနဲ့အော်ပြောရင်း ဝင်လာတဲ့ကျွန်တော် .. ဧည့်ခန်းမှာ ထော်တတ်ရပ် ခါးထောက်ပြီး သူ့ကို မကျေမနပ်ကြည့်နေတဲ့ ဖေဖေ့ကြောင့် ကျွန်တော် လန့်သွားမိသည်။ ဖေဖေက ရှက်ပါ့နောက်တ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမှာ သတင်းစာကိုင်ရင်း ကျွန်တော့်ကို ရွှက်ဝါထံ မေးဆတ်ဖြ သည်။ ဘယ်လိုရှင်းမလဲတော့။

"ဪ .. ရွှက်ဝါ ရောက်နေတယ်၊ ဪ .. မမေတို့ကလည်း ရွှက်ဝါလာတာ ဘာမှညွှန်မခံပါလား။ ရွှက်ဝါ .. ဘာ ..."

"ကိုဆက် .."

ရွှက်ဝါရဲ့ ခပ်ဆတ်ဆတ်အသံနဲ့အတူ ကျွန်တော့်လက်ကို ဆွဲပြီး ခြံထဲခေါ်သွားတော့ ဖေဖေ့ရဲ့ရယ်သံကို ကြားရပါတယ်။

ခြံထဲကခုံမှာ ကျွန်တော့်ကို ထိုင်ခိုင်းရင်း သူမက မတ်တတ်ရပ် ခါးထောက်ကာ ...

"တဲ .. ကိုမုန့်ကြိုးလိမ် .. ရှင်းစမ်းပါဦး။ ကျွန်းပင်စိုက်မလို့ဆို.."

"အဟဲ ..."

ကျွန်တော် ခေါင်းကုတ်တော့ ...

"အဟဲတွေ အငဲတွေ လုပ်မနေနဲ့ ပြော .."

"စိတ်လေး နည်းနည်းလျှော့ပါလား"

"မလျှော့နိုင်ပါဘူး"

"မလျှော့နိုင်ရင် မဝယ်တော့ပါဘူး"

"ကိုဆက် ... အူကြောင်ကြောင် လုပ်မနေနဲ့နော်"

"မဟုတ်ပါဘူး ရွှက်ဝါရယ်၊ ကိစ္စက ဒီလိုကွ၊ ဗေဒင်အရ .."

"ဘာဗေဒင်လဲ၊ ကိုဆက် ဗေဒင်ဝါသနာမပါတာ ရွှက်ဝါ သိတယ်"





ကျွန်တော်က မျက်နှာငယ်လေးနဲ့ အခုလိုပြောပါတယ်။

"အဟုတ်ပြောတာပါ ရွှက်ဝါရယ်၊ မေမေ ဗေဒင်သွားမေးတော့ ဗေဒင်ဆရာကပြောတယ်၊ ဒီနှစ်ထဲမှာ ကိုဆက် ယောကျ်ားရမယ်တဲ့"

"ဘာကြီး ..."

ရွှက်ဝါ နားမလည်ဟန်နဲ့မေးတော့ ...

"ဟုတ်တယ်၊ ကိုဆက်လိုချင်တာက မိန်းမလေ၊ ယောကျ်ား ရမယ်ဆိုတော့ ကိုဆက် လန့်သွားတာပေါ့"

ရွှက်ဝါ ကြောင်တောင်တောင်နဲ့ ခေါင်းညိတ်ပြီး ကျွန်တော့်ဘေးမှာ ဝင်ထိုင်ပါတယ်။ ဒီလောက်ဆို ချက်ကောင်းကိုထိပြီဆိုတာ အလိုလို သိလိုက်ပါတယ်။

"အဲဒီတော့ကွာ .. ဆရာစိန်စတင်းဆီမှာ ဗေဒင်သွားမေးတော့.."

"ဟာ .. စိန်စတင်းက ဆိုင်းဆရာပါ"

"မဟုတ်ဘူး။ သူ့ဗေဒင်ဟောချက်က လက်သံမြှောင်လောက်အောင် မှန်လွန်းလို့ ဒီနာမည်ရထားတာ .."

"ဟုတ်လား .."

"ဒါပေါ့ ရွှက်ဝါရယ်၊ သူက ကျွန်းစိုက်ရမယ်တဲ့"

"ဟင် .. စိုက်လို့မှ မရတာ .."

"အေးပေါ့၊ ကိုယ်လည်း ယု .. အဲ .. ရွှက်ဝါပြောသလို ပြောလိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှက်ဝါ မျက်လုံးလေးဝိုင်းရင်း ခေါင်းညိတ်ပါသည်။

“ဆရာက ရယ်တာပေါ့”

“ကိုဆက်က ကလိထိုးလိုက်လို့လား”

“ဟာ .. ဘယ်ကလာ ကလိထိုးရမှာလဲ ရွှက်ဝါရယ်၊ ကိုဆက်တို့ တုံးတယ် အတယ်ဆိုပြီး ရယ်တာ ..”

“ဪ ...”

“ဟုတ်တယ်၊ ကျွန်းပင်စိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ၊ အဖြစ်နိုင်ဆုံးက ကျွန်းပင်ရှိတာ ဘယ်နေရာလဲ”

“မြေပဒေသာကျွန်းမှာလေ ..”

“အဲ .. ကျွန်းပါတယ်လေ”

“အင်းနော် ...”

ကျွန်တော် ပြောလည်းပြော၊ ရှေ့ဆက်ဖို့လည်း စဉ်းစားရပ်သည်။ မျက်လုံးက ခြံထောင့်ကတစ်ခုခုကို သွားမြင်လိုက်ပါတယ်။

“ဟိုမှာ တွေ့လား”

ကျွန်တော် ညွှန်ပြရာကိုကြည့်တော့ ...

“ဘာလဲ .. မြွေလား”

“ဟာ .. လုပ်ပြီ ရွှက်ဝါကလဲ၊ ဟိုမှာ သစ်ငုတ်စလေ”

“အဲဒါဘာဖြစ်လဲ”

“အဲဒါ မြေပဒေသာကျွန်းက ယူလာတာ”





“ဘာလုပ်ဖို့လဲ”

ကျွန်တော်က နားမလည်နိုင်ရန်ကော ဆိုတဲ့အကြည့်နဲ့ကြည့်ပြီး

“အဲဒီ မီးကျွမ်းနေတဲ့သစ်သားငုတ်တိုကို မြေပဒေသာကျွန်းကနေ ချည်းရှာလာခဲ့ရတာ၊ အဲဒီက စားသောက်ဆိုင်ကို ပိုက်ဆံပေးပြီး ဝယ်လာရတာလေ၊ တော်သေးတယ် ရလို့ပေါ့၊ ကျွန်းပင်စိုက်လို့ မရတော့”

ရွှက်ဝါ ဝမ်းသာအားရနဲ့ ...

“သိပြီ၊ မီးကျွမ်းနေတဲ့သစ်ငုတ်ကို စိုက်ထားတာပေါ့”

“ဒါပေါ့၊ ဇာဒင်အရ အားလုံးပြီးစီးသွားတာပေါ့”

“ကံကောင်းလို့ပေါ့နော်၊ ဒါဆို ကိုဆက်က ယောကျ်ားမယူရတော့ဘူးပေါ့”

“ဒါပေါ့၊ ယောကျ်ား မရတော့ဘူး၊ မိန်းမပဲ ရတော့မှာ၊ ရွှက်ဝါ ဝမ်းမသာဘူးလား”

သူမက သဘောတွေကျနေပါသည်။ ကျွန်တော် သက်ပြင်းရှိုက်ချမိပါသည်။

သစ်ငုတ်တို ကယ်ပေလို့သာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"
ဘာလဲ"

"ဘာမှမဟုတ်တော့ပါဘူးဟာ .."

"ဘာဖြစ်နေမှန်းကို မသိဘူး .. နင်ကတော့၊ ကဲ .. ငါ့ဆီလည်း ဖုန်းဆက်ဦး"

"အေးပါဟဲ့၊ သွားပြီ၊ နင်လည်း သင်တန်းတက်ရဦးမှာ မှတ်လား"

ယုဝေက ခေါင်းညိတ်သည်။

ရှက်ဝါ ယုဝေကို ကမန်းကတန်း နှုတ်ဆက်ပြီး ခုနက ရိပ်ခနဲ တွေ့လိုက်ရတဲ့ ကိုဆက်ကို အသည်းအသန် ရှာမိသည်။

မြို့ထဲလာရင်း ယုဝေ တက်နေတဲ့ သင်တန်းအောက်ကဆိုင်မှာ ထိုင်စောင့်နေတုန်း ယုဝေ ရောက်လာတော့ ယုဝေနဲ့ စကားပြောနေရင်း ကိုဆက်ကို ရိပ်ခနဲတွေ့လိုက်တာပါ။

သိပ်မကြာခင် မိနစ်ပိုင်းလောက်က တွေ့လိုက်ရတဲ့ ကိုဆက်





မယုံကြည်နိုင်စရာ ပျောက်ချင်းမလှပျောက်သွားပုံက အံ့ဩစရာကောင်းလွန်းလှသည်။

"ငါလည်း မျက်လုံး မမှားနိုင်ပါဘူး"

တကယ့်ကို ရှင်းရှင်းလေးပါ။ ဒီနားမှာ ဘယာကြော်သည်ရယ်၊ အားနဲ့လှည့်ရောင်းတဲ့ ထီသည်ရယ်၊ မလှမ်းမကမ်းမှာ တက္ကစီတစ်စီးပဲ ရှိတာပါ။ တက္ကစီပေါ်မှာ ဒရိုင်ဘာတောင် မရှိ။

"ဒီမှာ ဘယာကြီး .."

သူမ ခေါ်သံကြောင့် ဘယာကြော်ကုလားကြီးက ရှုတင်းတင်းနဲ့ ...

"ကန်မလေး .. ငါ ဘယာကြီး မဟုတ်ဘူး။ ဘာဘူကြီး .."

"ဟို .. ကန်တော့နော်"

"အဲလိုလုပ်ပါ ကန်မလေး။ ဘာလဲ .. ဘာဘူကြော်.. မှားသွားပြီ.. ဘယာကြော် စားမလို့လား"

"မစားပါဘူး။ ဟိုလေ .. ခုနက ဒီနားမှာ ရှပ်အကျီအပြာကွက်နဲ့ လူကို တွေ့မိလား"

ဘာဘူကြီးက သူမကိုကြည့်ပြီး ထီကားပေါ်က ကောင်မလေးကို ကြည့်တော့ ကောင်မလေးက ဘာဘူကြီးကို ပြန်ကြည့်သည်။ ဘာဘူကြီးက သူမဘက် လှည့်ကြည့်ကာ ...

"တွေ့တယ်လို့လည်း ပြောလို့ရတယ်၊ မတွေ့ဘူးလို့လည်း ပြော

www.burmeseclassic.com



လို့ရတယ်၊ ဘာဘူကြီး ဘုရားမှာ သစ္စာဆိုတယ်နော်၊ အကျီအပြာကွက်တွေ အများကြီး၊ ဘာဘူကြီး မြင်ရင်လည်း မြင်မိမှာပေါ့၊ ဘာဘူကြီး မျက်စိမှောက်ပြီး မမြင်မိရင်လည်း မမြင်မိဘူးပေါ့၊ ကန်မလေး ..”

“ဟာ .. ရှုပ်နေတာပဲ ဘာဘူကြီးကလဲ၊ မမြင်ဘူးဆိုလည်း မမြင်ဘူးလို့ပြောလိုက် .. ပြီးရော”

“ဟုတ်တယ် ကောင်မလေး၊ ဘုရားရှင် ဟောထားတယ်နော်၊ လူဆိုတာ ဖျတ်ခနဲ ပျောက်ကွယ်သွားတတ်တယ်တဲ့”

ကြာရင် ရွက်ဝါခများ လက်အုပ်လေးချီပြီး ကျုံ့ကျုံ့လေး ထိုင်ကန်တော့ရမယ့်ကိန်းပါ။ ဘုရားဖြစ်မယ့် အုတ်နီခဲလား၊ ကမ္ဘာ့ဝါဖတ်မယ့် ဘာဘူကြီးလားတော့ မသိပါ။ ရွက်ဝါ မချင့်မရဲနဲ့ထွက်လာရင်း ဟိုကြည့်ဒီကြည့်နဲ့ ...

“တောက် .. ဘယ်လိုများ ပျောက်သွားလဲ မသိပါဘူး”

ရွက်ဝါ စိတ်တိုတိုနဲ့ တက္ကစီတစ်စီးတားပြီး အိမ်ကိုပြန်ခဲ့ပါတယ်။ ရွက်ဝါ ငှားစီးတဲ့တက္ကစီ ထွက်သွားတာကြာမှ ထီးရောင်းတဲ့ ကောင်မလေးက ...

“ကဲ .. ကိုနင်ဂျာ၊ ထွက်တော်မူပါတော့၊ ကျွန်မကားလည်း ရှင်နဲ့တွေ့မှ ပြောက်ကျားကား ဖြစ်တော့တယ်”

ကောင်မလေးစကားသံကြောင့် မင်းဆက် ရယ်ကျဲကျဲနဲ့ ထွက်လာကာ ကားပေါ်က ဆင်းပါတယ်။ ထီးရောင်းတဲ့ကောင်မလေးက





မလှမ်းမကမ်းက ဘယာကြော်ဘာဘူကြီးကို မျက်စောင်းထိုးကာ ..

“အဲဒီဘာဘူကြီးက မတွေ့ဘူးပြောလိုက်ရင် ပြီးတဲ့ဟာကို၊ ဘာမှန်းလည်း မသိဘူး”

ထီးသည်ကောင်မလေးစကားကြောင့် မင်းဆက်လည်း ဝင်ပြောမိပါသည်။

“ဟုတ်တယ်၊ ငါ့မှာ ပုန်းနေရင်း အသံတွေကြားနေရတာ၊ သွားပြီလို့တောင် တွေးမိသေးတယ်”

ကျွန်တော့်စကားကြောင့် ဘာဘူကြီးက ဘယာကြော်လုံးလေးတွေကို ဆီပူထဲဆယ်ပြီး ဆန်ကာထဲထည့်နေရင်းက ...

“ဘာဘူကြီး မှန်သောစကားကို ကျေ့ငိုက်ပြီးဆိုတယ်၊ ဘာဘူကြီး မဟုတ်တာလုပ်ချင်လုပ်မယ်၊ ဒါပေမယ့် မှတ်တာဝါဒ မပြောဘူး”

“မုသာဝါဒပါ ဘာဘူကြီးရယ်”

ဘာဘူကြီးက ဖြူးအလှပိုင်ရှင် သွားသွားဖွေးဖွေးတွေကို ဖော်ပြရင်း ...

“ဘာ့ကြောင့် စကားမပီတာ၊ ဘာဘူစိတ်နော် .. ဒီဆီပူတွေလို ပွတ်ပွတ် မဆူချင်ဘူး။ ဘာဘူစိတ်တ သစ်ရွက်စိမ်းတွေလို ငြိမ်းချမ်းနဲ့ အေးမြတို့လိုပဲ ..”

“ငြိမ်းချမ်းနဲ့အေးမြက ဘာဘူ့သားသမီးတွေလား”

ကျွန်တော် သိသိနဲ့နောက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေး .. လူကြီးကို မနှောက်ကောင်းဘူးနော်၊ ငရဲက အလကားမနေဘူး"

"ငရဲက ဘယ်သူ့သားမို့လို့လဲ"

ကျွန်တော်က ရယ်ရယ်မောမောနဲ့နှောက်တော့ ထိရောင်းတဲ့ ကောင်မလေးက တခစ်ခစ်ရယ်သည်။

"ခင်လို့ အလကားစတာပါ ဘဘူကြီးရယ် ကဲ .. ခင်ဗျား အခုလို မှန်သောစကားကို ကွေ့ဝိုက်ပြီးဆိုတဲ့အတွက် ဘယာကြော် နှစ်ရာဖိုး အားပေးမယ်"

"အဲလိုလုပ်ပါ ကောင်လေး"

ဘယာကြော်ကုလားကြီးက စက္ကူကန်တော့နဲ့ ထည့်ပေးပါတယ်။ အချဉ်ရည်ကိုတော့ ပလတ်စတစ်အိတ်နဲ့ ထည့်ပေးပါတယ်။

"သပ်သပ်စီထည့်တော့ အကုန်အကျ များမှာပေါ့၊ ရောထည့် လိုက်ပါလား ဘဘူကြီးရယ်"

ဘဘူကြီးက ခေါင်းတခါခါ ..။

"ကျွတ်ကျွတ်အိတ်က လူသားတွေအတွက် အန္တရာယ်ကြီးတယ် ကောင်လေး၊ သဘာဝတရားကြီးကို ပျက်စီးစေတယ်၊ ဘဘူ အသား မည်းပေမယ့် သဘာဝတရားကို တတ်နိုင်တဲ့ဘက်က စောင့်ရှောက် မယ်၊ ရေတွေ၊ တောတောင်တွေ၊ သစ်ပင်တွေ၊ ငါးတွေ၊ ငှက်တွေ၊ သဘာဝနဲ့ပတ်သက်တဲ့အရာတွေ ဘဘူ ချစ်တယ်"





အခုမှ သဘာဝထိန်းသိမ်းရေးကုလားနဲ့ လာတိုးနေပါတယ်။ ကျွန်တော် ဘဘူပေးတဲ့ ဘယာကြော်ကို ထိရောင်းတဲ့ကောင်မလေး ကို လှမ်းပေးတော့ ကောင်မလေးက မငြင်းပါ။

"ရှင် အကုန်အကျတွေ များနေဦးမယ်"

ကျွန်တော် တဟဲဟဲနဲ့ ရယ်ရင်း ...

"နောက်ကြုံလည်း ပုန်းရှဦးမှာပဲ၊ အဲဒီတော့မှ ကောင်းကောင်း ကျွေးတော့မယ်"

"ဘာလဲ .."

"ကောင်းကောင်း ဆီးထုပ် .."

ကောင်မလေးက မျက်စောင်းထိုးပါတယ်။ ကျွန်တော် ကံထူး ကံကောင်းရောင်းတဲ့ကောင်မလေးကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**အိပ်**ရာထဲမှာ နဖူးပေါ် လက်တင် စဉ်းစားမိရင် ငါလေစိတ်အားငယ် .. ဟုတ်ပါဘူး .. သီချင်းတွေနဲ့တောင် ရောသွားမိသည်။ နဖူးပေါ် လက်တင်ရင်း စဉ်းစားလိုက်၊ လက်ပေါ် နဖူးတင်ပြီး မှောက်ခုံကြီး စဉ်းစားလိုက်နဲ့ သူမ မကျေမနပ် ဖြစ်နေမိသည်။

နောက်တော့ ကြမ်းပြင်ပေါ် ခြေထောက်တင်ပြီး ဝရံတာကိုထွက်ကာ ချဲ့ပြီး စဉ်းစားကြည့်ပြန်သည်။

"တော်က် .. ခဏလေးအတွင်းမှာပျောက်သွားတာ ရိုးကိုမရိုးဘူး။ ဒါ အကြောင်းတစ်ခုခု ရှိရမယ်"

ညနေဆည်းဆာရဲ့ ပန်းချီကားချပ်ကို လှမ်းကြည့်ရင်း ရင်ထဲမှာ ရှုပ်ထွေးနေပါတယ်။

တစ်ခါ ကိုဆက်နဲ့ စတွေ့တဲ့နေ့ကလည်း ပန်းခြံထဲကို စဝင်ရုံ ရှိသေးတယ်။ ကိုဆက်ကို တစ်ယောက်ယောက်က ဖုန်းဆက်တယ်။





ကိုဆက် တို့င်းလက်သွားမယ် ချက်ချင်းဖြစ်ပြန်ရော။ တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ တရေးရေး စဉ်းစားပြီးမှ တရိပ်ရိပ် ပေါ်လာသလိုလို။

ဒါဆိုရင် ယုဝေနဲ့ ကိုဆက် ပတ်သက်မှုရှိနေလား။ သူမတစ်ယောက်တည်း ခေါင်းခါ ငြင်းမိပြန်ပါသည်။ ယုဝေဆီမှာ လမ်းဘေးဈေးသည် ကိုငြင်းဆိုတဲ့ နာမည်ဆန်းဆန်းနဲ့လူ ရှိနေတာပဲ။

သူမ စဉ်းစားရင်း ခေါင်းခြောက်လာပါတယ်။ ခေါင်းကို ရေဆွတ်လို့ကလည်း မဖြစ်။ ညနေစောင်းပြီဆိုတော့ နည်းနည်း အေးချင်နေပြီလေ။

ပြီးတော့ ပန်းခြံထဲမှာ ကိုဆက် ဘာလို့ ကမူးရှူးထိုး သူမကို ညာပြီး ထွက်သွားရတာလဲ။ အဲဒီတစ်ချက်ကလည်း ရှိသေးသည်။

ယုဝေနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုက်ရင် ကောင်းမလား။ နောက်ဆုံး သူမ ယတိပြတ် စိတ်ဆုံးဖြတ်လိုက်သည်။ ယုဝေဆီကို ဖုန်းလှမ်းဆက်လိုက်ပါသည်။

ဖြစ်ချင်တော့ အဲဒီအချိန်မှာ ယုဝေ သင်တန်းပြီးလို့ မင်းဆက်နဲ့ ကော်ဖီဆိုင်ထိုင်နေတဲ့အချိန်ပါ။

"ဟလို .. ရွက်ဝါ .. ပြော .."

ရွက်ဝါ ဆိုတဲ့အသံ ကြားတာနဲ့ မင်းဆက် တွန့်သွားပါတယ်။ ပြီးတော့ ခေါင်းထဲမှာ အန္တရာယ်အချက်ပေးခေါင်းလောင်းသံတွေတ



www.burmeseclassic.com

www.burmeseclassic.com



ဆူညံနေခဲ့ပါတယ်။

"ယုဝေ .. ခဏနော်"

ယုဝေက ဖုန်းဆက်နေတာမို့ ခေါင်းညိတ်ပြပြီး အကြောင်းပြန်တော့ သူ အိမ်သာသွားသလိုလိုနဲ့ အသာလစ်ခဲ့ပါတယ်။

"ဟိုလေ .. ငါ သိချင်လို့ .."

"ဟဲ့ .. ဘာသိချင်တာလဲ .. ပြော .."

"ယုဝေ .. နင့်ရဲ့ကိုငြိမ်း ဆိုတာ ဘယ်လိုပုံစံလဲ"

ရှက်ဝါစကားကြောင့် ယုဝေ ရယ်မိပြီး ...

"နင်က ဘာလုပ်မလို့လဲ"

"ကိစ္စရှိလို့ပါဟာ .."

ယုဝေလည်း ပေါ့ပေါ့တန်တန်ပဲ ပြောမိပါတယ်။

"အသားက မဖြူမညိုဟာ .."

"ပြီးတော့ရော .."

ယုဝေ မျက်မှောင်ကြုတ် စဉ်းစားမိရင်း ...

"အင်း .. အရပ်က ငါးပေကိုးလက်မလောက် ရှိမယ်၊ ဆံပင်က တိုတို .."

"ထင်ရှားတဲ့အမှတ်အသား ရှိလား"

ရှက်ဝါအမေးကြောင့် ယုဝေ စဉ်းစားရင်း ...

"အင်း .. သိပ်ပြီး ထွေထွေထူးထူးတော့ မရှိပါဘူး"





ရှက်ဝါက တစ်ဖက်က နားထောင်နေရင်း ယုဝေ ပြောတဲ့ ပုံစံနဲ့ သဏ္ဌာန်က ကိုဆက်နဲ့ တူသလိုလိုရှိပေမယ့် ဒီလောက်ကြီး သံသယ မဝင်မိ။

"အေး .. အေး ဒါပဲနော် .. ကျေးဇူးပဲ ယုဝေ"

"အေး .. အေး .."

ယုဝေ ဖုန်းကို ပြန်ပိတ်လိုက်သည်။ ယုဝေ ဖုန်းပိတ်လိုက်တာ မြင်တော့မှ တစ်နေရာကချောင်းကြည့်နေတဲ့ မင်းဆက် ဘာမှအရေး မကြီးဟန်နဲ့ ပြန်ထိုင်ရင်း ...

"ဘယ်သူဆက်တာလဲ ယုဝေ .."

ယုဝေက အပြုံးလေးနဲ့ ...

"သူငယ်ချင်းတစ်ယောက်ပါ။ ဟိုတစ်ခါ ယုဝေ ပြောဖြစ်တဲ့ ရှက်ဝါ ဆိုတာလေ .."

မင်းဆက် ရင်တထိတ်ထိတ်နဲ့ ...

"ဘာကိစ္စရှိလို့လဲ"

ယုဝေ ပုံစံက ဘာမှမသိနားမလည်တဲ့ အရိုးရှင်းဆုံးပုံစံ ပေါ်ထိနေတာ သူ အကဲခတ်မိပါသည်။

"ပြော် .. ကိုငြိမ်းဆိုတာ ဘယ်လိုပုံစံလဲတဲ့"

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ ဒါပေမယ့် ...

"ယုဝေက ဘယ်လိုပြောလိုက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. အရပ်ကျ ငါးပေကိုးလက်မ၊ အသား မဖြူမညို၊ ဒါ လောက်ပါပဲ"

မင်းဆက် ခေါင်းထဲမှာ အလုပ်တွေ ရှုပ်သွားသည်။

ရွက်ဝါ ဒီအကြောင်းတွေကို သိသွားပြီလား။ သိသွားတာတော့ မဖြစ်နိုင်။ တကယ်လို့ သိသွားခဲ့သည်ဆိုပါတော့၊ ယုဝေကို ပြောပြမှာတော့ ကျိန်းသေသည်။ ဒါမှမဟုတ် သူ့ကိုဖုန်းဆက်ပြီး ပြဿနာရှာ မှာတော့ ကျိန်းသေပေါက် သေချာသည်။

ဒါပေမယ့် သတိထားပြီးနေရမှာကတော့ သေချာသည်လေ။ ယုဝေဆီကပြန်လာပြီး ညနေစောင်းတော့ ရုပ်ကွက်ထဲက လက်ဖက် ရည်ဆိုင်မှာထိုင်ရင်း ကိုဖိုးထောင်တို့ကို ပြောပြမိတော့ ကိုဖိုးထောင် က ...

"တစ်နေ့နေ့ ဘူးပေါ်သလိုပေါ်လာရင် ပြဿနာက မသေးဘူး နော်"

ကျွန်တော် ခေါင်းညိတ်ပြတော့ ဇော်ကြီးက ...

"မင်းစိတ်ထဲမှာ ရွက်ဝါ သိနေလောက်ပြီလို့ ထင်လား"

သူ့ လေးပင်စွာ ခေါင်းခါပြရင်း ...

"ငါ့အထင်တော့ မသိလောက်သေးဘူးထင်တယ် ဇော်ကြီး၊ ရွက်ဝါ စိတ်ထဲမှာ လိမ်ထားတဲ့ကိစ္စလောက်ကို မယုံသင်္ကာ ဖြစ်ပုံပေါ်တယ် ကွ"





"လျှော့မတွက်နဲ့နော် မင်းဆက်"

အောင်ညိမ်း စကားကြောင့် ကျွန်တော် ခေါင်းညိတ်မိပါသည်။ ကိုဖိုးထောင်က စီးကရက်ကို ဇော်ကြီးလက်ထဲကစီးကရက်နဲ့ လှမ်းယူ မီးတို့ရင်း ...

"မင်းပြဿနာကို အမြန်ရှင်းမှဖြစ်မယ်ထင်တယ် မင်းဆက်"

ကိုဖိုးထောင်စကားကြောင့် ကျွန်တော် သက်ပြင်းမှုတ်ထုတ်ရင်း...

"သိတာပေါ့ ကိုဖိုးထောင်ရာ၊ တစ်ချိန်ချိန်မှာ ဒီပြဿနာက ဖုံးဖိလို့မရအောင် ပေါ်လာမှာဆိုတာ ကျွန်တော်သိတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့သုံးယောက်က တစ်ယောက်နဲ့တစ်ယောက် ပတ်သက် နေတာကိုး"

"အေးကွ၊ တစ်ယောက်နဲ့တစ်ယောက် မသိကြဘူးဆိုရင်လည်း ရှေ့ရတာ အကောင်းသား .."

"ထိပ်တိုက်တိုးလို့ကတော့ သေပြီ မင်းဆက်"

အောင်ညိမ်းက ပခုံးတွန့်ပြီး ပြောပါသည်။ ကျွန်တော့်အဖြစ်က တွေးရင်းနဲ့တောင် ရှောချမ်းစရာ။ အင်း .. အချစ်တွေ များတော့ လည်း တစ်ဒုက္ခပါလား။



www.burmeseclassic.com

www.burmeseclassic.com



ယုဝေ ပါးစပ်အဟောင်းသား ...၊ ကိုယ့်မျက်လုံးတွေကိုလည်း ကိုယ် မယုံနိုင်သလို ဖြစ်မိပါသည်။ ဒီနေ့မှ မထင်မှတ်ဘဲ သင်တန်းက ဆရာမဆီကိုအလာမှာ မထင်မှတ်ဘဲ အခုလို အထည်ချုပ်စက်ရုံရှေ့ကအဖြတ်၊ ခပ်လှမ်းလှမ်းက ဆိုက်ကားတစ်စီးပေါ် ကနေ ဆင်းလာတဲ့ မမပိုးနဲ့အတူ ဆိုက်ကားဆရာအဖြစ်တွေ့လိုက်ရတဲ့ ကိုငြင်းကြောင့် သူမ မယုံနိုင်အောင် ပါးစပ်အဟောင်းသားနဲ့ ဖြစ်ခဲ့ရပါတယ်။

မမပိုးနဲ့ ကိုငြင်းတို့ ပြောဆိုရင်းနှီးဟန်က ဆိုက်ကားသမားတစ်ယောက်နဲ့ ခရီးသည်တစ်ယောက်ရဲ့ ရင်းနှီးမှုပုံစံ မပေါက်။ မမပိုးက သူမရဲ့ လက်ကိုင်ပဝါကို လှမ်းပေးတယ်။ ကိုငြင်းကယူပြီး ချွေးသုတ်တယ်။ ဒါဟာ ဘာသဘောလဲ၊ သူမ ကောင်းကောင်းနားမလည်နိုင်။

အံ့အားသင့်စွာ သူမ ငေးကြည့်နေတာကို မမပိုးနဲ့ ကိုငြင်းတို့က မသိရှာ။





ပြီးတော့ မမပိုးက စက်ရုံဝင်းထဲကိုဝင်သွားပြီး ကိုငြင်းက ဆိုက်ကားကိုကွေ့ကာ လာလမ်းအတိုင်း ပြန်လှည့်သွားခဲ့ပါတယ်။

သူမကတော့ ရပ်မြဲရပ်နေမိပါတယ်။

နောက်မှ သတိရလို့ အနီးအနားက အထည်ချုပ်ဝန်ထမ်းယူနီဖောင်းနဲ့ ကောင်မလေးနှစ်ယောက်ကို မသိမသာ မေးကြည့်မိသည်။

"ညီမ .."

"ဘာလဲ မမ"

"ဟိုလေ .. ဒီစက်ရုံမှာ မပိုးဝတ်ရည်ဆိုတာ ရှိလားဟင်"

ကောင်မလေးက အားတက်သရော ပြောပါတယ်။

"ဟာ .. ရှိတာပေါ့၊ သမီးတို့ရဲ့အရာရှိပဲ မမ၊ ဘာလဲ .. မမ အသိလား"

ယုဝေ ယောင်အအနဲ့ ခေါင်းညိတ်ပြမိရင်း ...

"ဟိုလေ .. သူ့ရည်းစားက ဟိုနှင်း .."

သူမ မေးရခက်သလိုလို၊ သိသလိုလိုပြောတော့ ...

"သြော်.. ကိုချက်ဆိုတဲ့ ဆိုက်ကားနင်းတဲ့အစ်ကိုကြီးကို ပြောတာလား။ ဆိုက်ကားဆရာပေမယ့် ခပ်ချောချောလေ၊ မမပိုးရဲ့ ဖယ်ရီပေါ့"

"အေး .. အေး ဟုတ်တယ်၊ ကျေးဇူးပဲနော် ညီမလေး"

အရမ်း ပြောပြချင်နေတဲ့ ကောင်မလေးတွေက ခေါင်းညိတ်ပြီး ပြုံးပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေရာကထွက်လာတော့ သူမ မငိုမိအောင် ထိန်းထားရသလို ရင်ထဲမှာလည်း နာကျင်ဒေါသက အဆမတန်။

လုပ်ရက်လိုက်တာ ကိုငြင်းရယ်၊ ရိုးသားကြိုးစားတတ်တဲ့ ချစ်သူတစ်ယောက်လို့ ချစ်သူကို လေးစားအထင်ကြီးခဲ့သမျှ ကိုယ့်ချစ်သူဟာ ယုန်မျက်နှာဖုံးနဲ့ သားစားကျားမှန်း အခုတော့ သိခဲ့ရပါပြီ။

ယုဝေ .. ညည်း ဘာဆက်လုပ်သင့်သလဲ ..၊ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်မိသည်။

ကိုယ့်ကို နောက်ကျောကထိုးတဲ့ဓားတစ်ချောင်းအတွက် အဲဒီဓားကို နုတ်ယူပြီး နင် အရည်ကျိုပစ်သင့်တယ်လို့ ကိုယ့်ကိုယ်ကိုယ် အားပေးခဲ့မိပါတယ်။

အချိန်ကာလတစ်ခုကို နင်စောင့်စမ်း၊ ဣန္ဒြေမပျက်စေနဲ့ ယုဝေ။





ဒေါသစကားနဲ့ ပြောမှားဆိုမှားရှိခဲ့သမျှ ..
ကြာပါမှမခံလို့တဲ့ ဟန်ဆောင်သူတို့ရဲ့ပွဲမှာ
မရိုးသားခြင်း တေးတစ်ပုဒ်ကို
သီချင်းလုပ်၍ ဆိုပါရစေ ..။
ငိုကြွေးနေသူတွေ
သူတို့ရဲ့မျက်ရည်ကို ကောက်ကြပါစို့ ..။
မနေ့က နေထွက်ရွှန်းလားတဲ့
ပရော်ပတာ အလွမ်းတွေနဲ့ ပေါင်းစပ်
ကောင်းမြတ်တဲ့ တေးတစ်ချောင်း
ဟန်ဆောင်သူတို့ရဲ့ပွဲမှာ အသုံးဝင်စွာသော ..။
ကဲ .. အခုဒီနေ့မှာ နေသာပါရဲ့လား ..။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ပြောစမ်းပါဦး ဒေါ်ယုဝေ"

သူမ ချိန်းထားတဲ့ဆိုင်ကို ရှက်ဝါ ရောက်ရောက်ချင်း ရှက်ဝါ ကြိုက်တတ်တဲ့ သခွားသီးဖျော်ရည်ကို အသင့် မှာပေးထားတော့ ရှက်ဝါ တစ်ငုံစုပ်သောက်ရင်း မေးသည်။

ယုဝေ ဘာစကားမှ မပြောနိုင်သေး..။ ယုဝေဆီက ဘာသံမှ မကြားရတာကြောင့် ရှက်ဝါ မော့ကြည့်လိုက်မိသည်။ ယုဝေပုံစံကြောင့် မျက်မှောင်ကြုတ်မိသည်။

"ဟဲ့ .. ဘာဖြစ်နေတာလဲ"

ယုဝေ သက်ပြင်းချမိပါသည်။ ရှက်ဝါ ယုဝေပုံစံကြောင့် ..

"နင် တစ်ခုခုဖြစ်နေတယ် ထင်တယ်"

ယုဝေ ခေါင်းကို ခပ်လေးလေး ညိတ်ပြရင်း ...

"နင် ငါ့ကို စိတ်မဆိုးရဘူးနော်"





ယုဝေစကားကြောင့် ရှက်ဝါက ရယ်ရင်း ...

"ပြောမှာသာ ပြောစမ်းပါ ယုဝေရယ်၊ နင်နဲ့ ငါနဲ့က စိတ်ဆိုးရမယ့်သူတွေလားဟဲ့"

ယုဝေ စားပွဲပေါ်တင်ထားတဲ့အိတ်ထဲက ဓာတ်ပုံတစ်ပုံကို ထုတ်လိုက်ပါတယ်။ ပြီးတော့ ရှက်ဝါရှေ့ကို ချပေးရင်း ...

"ဒါ ဘယ်သူလဲ ရှက်ဝါ"

ရှက်ဝါက ရယ်ရင်း ပြောလည်းပြော လှမ်းယူကြည့်မိပါသည်။

"ဘယ်ကိုရီးယားမင်းသားပုံလဲ၊ ကေ့နှ နင့်ရည်း .. ဟင်!..."

ပြောလက်စ စကားတွေ ရပ်ဆိုင်းသွားပါတယ်။

ရှက်ဝါ ပါးစပ်အဟောင်းသားနဲ့ ကိုဆက်ရဲ့ဓာတ်ပုံကို ငေးကြည့်နေရင်း ...

"ဒါ .. ဒါ .. ကိုဆက် .."

ယုဝေ သက်ပြင်းချမိရင်း ...

"သူက .."

ရှက်ဝါက အထစ်ထစ်အငေါ့ငေါ့နဲ့ ...

"သူက ငါ့ချစ်သူလေ ယုဝေ၊ သူ့ဓာတ်ပုံက ..."

ယုဝေ မျက်လုံးအစုံမှိတ်ပစ်ရင်း အံတင်းတင်းကြိတ်မိသည်။ သူ ထင်ထားတာထက် ပိုဆိုးနေပါလား ကိုငြိမ်း။

"အဲဒါဓာတ်ပုံ သူ ငါ့ကိုပေးထားတာဆိုရင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ !..."

ယုဇဝ အားတင်းကာပြုံးရင်း ခေါင်းညိတ်တော့ ရွက်ဝါက ...

"ဒါ .. ဒါဆိုရင် .. သူက .."

"အေး .. ငါလည်း သူ့ရည်းစားပဲ ရွက်ဝါ"

"ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ ယုဇဝရယ်"

"နောက်တစ်ယောက် ရှိသေးတယ် ယုဇဝ"

ရွက်ဝါ အလောတကြီး မေးမိပါသည်။

"ဘယ်သူလဲ ယုဇဝ"

ယုဇဝ မပြောချင်ပေမယ့် နှုတ်က ထွက်သွားခဲ့ပါတယ်။

"နှင့်ရဲ့အစ်မ မမပိုးဝတ်ရည်"

"ဟင် !..."

ရွက်ဝါ နားထဲမှာ ဗုံးတစ်လုံး ပေါက်ကွဲသွားသလိုပါပဲ။ ဒါဆိုရင် သူ့ရင်ထဲက သံသယက ပိုနိုင်မာသွားခဲ့ပြီပေါ့။

"ငါထင်ထားတာက နှင်လို့မထင်ခဲ့ဘူး ရွက်ဝါ၊ နှင့်အစ်မကိစ္စကို ငါ နှင်နဲ့တိုင်ပင်မလို့ လှမ်းခေါ်လိုက်တာဟ"

"တောက် .."

"မနေ့က ငါ မမပိုးတို့စက်ရုံရှေ့ကနေ ဖြတ်လျှောက်တော့ သူတို့ စုံတွဲကို မျက်ဝါးထင်ထင် တွေ့လိုက်ရတယ် ရွက်ဝါ၊ ငါ့ကိုယ်ငါ ယုံကြည်အောင် ဖြစ်မိပေမယ့် စက်ရုံကကောင်မလေးကို သေချာအောင်





မေးကြည့်လိုက်တယ်၊ ငါ့ရဲ့ကိုငြင်းဆိုတာ မမပိုးရဲ့ကိုချက် တဲ့၊ နှင့်အတွက်တော့ ကိုဆက်ပေါ့ဟာ"

ရွက်ဝါ နာကျင်စိတ်နဲ့ နှုတ်ခမ်းတွန့်ကွေးမိပါသည်။

"ငါ သံသယဖြစ်တာတော့ ကြာပြီ ယုဇဝ၊ ဒါပေမယ့် မဖြစ်နိုင်ပါဘူးလေလို့ ချစ်သူကိုယုံစားမိရင်း သံသယကို ခဏခဏ ဖျောက်ဖျက်ပစ်ခဲ့မိတယ်၊ ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမလဲ ယုဇဝ"

ယုဇဝက အဝေးကိုငေးရင်း ...

"ဒီကိစ္စကို မမပိုး သိထားရင် ကောင်းမယ်ထင်တယ် ရွက်ဝါ"

"အေး ဟုတ်တယ်၊ ငါ ဖုန်းဆက်ခေါ်ကြည့်မယ်"

ရွက်ဝါ ချက်ချင်း ဖုန်းလှမ်းဆက်ပါတယ်။ ပြီးတော့ ဒီဆိုင်ကို ချက်ချင်းလာဖို့ လှမ်းပြောလိုက်ပါတယ်။ ရွက်ဝါနဲ့ ယုဇဝရဲ့ရင်ထဲမှာ ကိုဆက်ဆိုတဲ့ ကိုငြင်း ပေးတဲ့ အပူငွေ့တွေ တမြည့်မြည့်..။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောလိုက်တယ် ရှက်ဝါ"

မထင်မှတ်တဲ့စကားကြောင့် ပိုးဝတ်ရည် တုန်လှုပ်ချောက်ချား သွားရပါတယ်။ ယုဝေ သက်ပြင်းခိုးရှိုက်လိုက်မိသည်။ သူမရဲ့ရှေ့မှာ ရှက်ဝါရဲ့စကားတစ်ခွန်းကြောင့် မယုံကြည်နိုင်ဟန် ကြေကွဲတုန်လှုပ် ချောက်ချားမှုတွေနဲ့ မမပိုးဝတ်ရည်ကို သူမ တိုယ်ချင်းစာမိပါတယ်။

သူမတုန်းကလည်း ဒီလိုပါပဲလေ၊ ဒါပေမယ့် သူမက ပိုဆိုးလွန်းခဲ့ သည်။ မျက်ဝါးထင်ထင် တွေ့မြင်ရုံသာမက နားနဲ့ဆတ်ဆတ် ကြား လိုက်ရတာလေ။

"ဟုတ်တယ် မမ၊ မမရဲ့ကိုချက်ဆိုတဲ့ချစ်သူဟာ ညီမလေးရဲ့ ချစ်သူ ကိုဆက်ပါပဲ၊ ပြီးတော့ ..."

ရှက်ဝါက ဆက်ပြောရမယ့်စကားအတွက် စရခက်နေဟန်နဲ့ ယုဝေကို အားကိုးတကြီး ကြည့်သည်။





ရှက်ဝါရဲ့အကြည့်ကြောင့် မမပိုးက ယုဝေကို စိုက်ကြည့်နေပါ သည်။ ယုဝေ ခေါင်းငုံ့လိုက်မိသည်။ တင်းကျပ်မောပန်းလွန်းတဲ့ မွန်းကျပ် မှုကို သက်ပြင်းနဲ့ရောလွှတ်ရင်း ရှက်ဝါ မကေို မကြည့်မိတော့ဘဲ...

"ညီမလေးနဲ့ မမနဲ့ပတ်သက်တဲ့ အဲဒီလူဟာ ယုဝေနဲ့လည်း ပတ် သက်နေတယ် မမ"

"ဟင်!..."

ဒီစကားတစ်ခွန်းက မမပိုးဝတ်ရည်အတွက် မျက်ရည်ကျစေခဲ့ တာ မဆန်းပါဘူး။ ဘေးဝိုင်းကစုံတွဲက ပိုးဝတ်ရည် မျက်ရည်ကျတာကို လှမ်းကြည့်သည်။

ပိုးဝတ်ရည် ဂရုမစိုက်နိုင်တော့။

ရှင် ဘယ်လိုလူလဲ ကိုချက်ရယ် ...။ ရှင့်ရဲ့ စာရိတ္တပိုင်းဆိုင်ရာ အားနည်းချက်တွေက တော်တော်ဆိုးရွားနေပြီ။ မိန်းမသားတိုင်းရဲ့ နှလုံးသားကို သုံးလို့မရအောင်ဖျက်ဆီးဖို့ အချစ်ဆိုတဲ့ 'မိုင်းရုပ်စ်'ပိုးတွေ နဲ့ ရှင် အသုံးချနေတာလား ...။

ရှင့်အပြုံးတွေအောက်မှာ မိန်းမသား ဘယ်နှစ်ယောက်ရဲ့ နှလုံး သားတွေ သေဆုံးခဲ့ပြီလဲဟင် ...။

အမြင်အာရုံတွေမှာ ပန်းလှလှလို့ထင်ရတဲ့ ရှင့်ရဲ့အယုအယတွေ ဒါပေမယ့် အဲဒီပန်းတစ်ပွင့်ကိုနမ်းမိရင် ဆုံးရှုံးမှုကြီးမားတဲ့ အဆိပ်တွေရှိ မှန်း ဘယ်သူသိခဲ့မှာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ရှင်ဟာ အဆိပ်တွေကို လိပ်ပြာတောင်ပံပေါ်က အဆင်အသွေးလို ဆေးရေးလိမ်းခြယ်ထားတဲ့ အံ့ဩဖို့ကောင်းတဲ့လူပါ။

သုံးယောက်သား စကားမပြောဖြစ်ကြ။ စက္ကန့်တံတွေက မိနစ်တွေရဲ့ခိုင်းစေမှုအောက်မှာ : တို့သုံးဦး ကျေးကျွန်တွေလို၊ ကျောက်ရုပ်တွေလို။ ဒါပေမယ့် သူ့ ‌ အတွေးတွေထဲမှာ မင်းဆက်ဆိုတဲ့ ယောကျ်ားတစ်ယောက်က သူတို့ကို လှောင်ပြောင်နေပါတယ်။

“ဘာဆက်လုပ်ရမလဲဟင်”

တစ်ယောက်က ပြောသည်။

“ဘာဆက်လုပ်ရမှာထက် ဘာဆက်လုပ်သင့်တယ် ထင်လဲ”

“တစ်ခုခုတော့ တုံ့ပြန်ရမှာပေ့ါ”

အဲဒီအဖြေကို ဘယ်သူကလက်ခံတယ်၊ ဘယ်သူကလက်မခံဘူး မပြောမိကြ။ သုံးဦးထဲကတစ်ယောက်က စကားစပြောသည်။

အချစ်ဆိုတာ အခုတော့ အေးမြတဲ့ ရေခဲတောင် မဟုတ်တော့၊ မကြာခင်ပေါက်ကွဲတော့မယ့် မီးတောင် ...။

မကြာခင် လုပ်တဲ့ရောင်စဉ်တန်းတွေ ဖြာကျ စီးဆင်းပါလိမ့်မယ်၊ ဒါပေမယ့် ဘယ်အတားအဆီးမဆို ပွပြင်းလောင်ကျွမ်း ပျောက်ကွယ်နိုင်တဲ့ စွမ်းအားတွေ ရှိတယ်လေ။

♡ ♡ ♡ ♡





“ဟလို .. ဘယ်မှာလဲ ဝတ်ရည်”

ထူးထူးဆန်းဆန်း အိပ်ရာကနိုးနိုးချင်း ဝတ်ရည်က ဖုန်းဆက်ပါတယ်။ အဲဒါနဲ့ သူမ ချိန်းဆိုထားရာ မိုလ်ချုပ်ပန်းခြံထဲကို ရောက်လာခဲ့ပါတယ်။ အရေးတကြီးကိစ္စ ရှိလို့ပါတဲ့။

ကျွန်တော် ရောက်တော့ မနက်ကိုးနာရီထိုးနေပါပြီ။ ကျွန်တော် ပန်းခြံထဲကိုရောက်တော့ သူမကို မတွေ့။ ဝတ်ရည်ရဲ့ဖုန်းကို ဆက်ကြည့်တော့ ‘ဆက်သွယ်မှုရှိယာပြင်ပ’ တဲ့။ စိတ်မောမောနဲ့ ဖုန်းကို ဝိတ်လိုက်တော့ ဖုန်းခေါ်သံက အရှိန်ကိုက်ဝင်လာပါတယ်။ ဝတ်ရည်ရဲ့ဖုန်းထင်ပြီး ဝမ်းသာအားရနဲ့ ဖုန်းကိုဖွင့်ကြည့်လိုက်တော့ ...

“ဘုရားရေ .. ယုဝေ ..”

ကမန်းကတန်း ဖုန်းကိုဖွင့် နားထောင်တော့ ...

“ကိုငြင်းလား .. ယုဝေဆီ အမြန်လာခဲ့ပါလား”



www.burmeseclassic.com

www.burmeseclassic.com



"ယုဝေက ဘယ်မှာလဲ"

"မြေပဒေသာကျွန်းမှာလေ"

သူ ဆုံးဖြတ်ရခက်သွားတယ်။ တကယ်လို့ ဝတ်ရည် မရောက်သေးဘူးဆိုရင် ကိစ္စမရှိ။

"ဟိုလေ .. ကိုငြင်း မြို့ထဲမှာ ကိစ္စအရေးကြီးနေလို့ .."

"ဩော် .. မြို့ထဲမှာလား၊ အဲဒါဆိုထားတော့ .. ဘိုင်"

"ဘိုင် .. ယုဝေ"

ဖုန်းကိုပိတ်ပြီး ခြေပစ်လက်ပစ်ထိုင်ဖယ်လုပ်တုန်း ဖုန်းက ထပ်ဝင်လာပါတယ်။

"ဟလို .. ကိုချက်.. ဝတ်ရည် ပြောနေတယ်၊ ကိုချက် ရောက်ပြီလား"

"ရောက်ပြီ ဝတ်ရည်"

"ဘယ်နားမှာလဲ"

"မိုလ်ချုပ်ပန်းခြံနဲ့ မြေပဒေသာကျွန်းဆက်ထားတဲ့ တံတားအစပ်မှာ"

"ဟင် .. အဲဒီမှာလား၊ အတော်ပဲ၊ ဒီဘက်ကို တံတားအတိုင်း လျှောက်လာခဲ့"

သူ ဘယ်လိုနည်းနဲ့မှ တစ်ဖက်ကိုသွားလို့မဖြစ်၊ အဲဒီတစ်ဖက်ခြမ်းမှာ ယုဝေ ရောက်နေသည်လေ။

"ဟို .. မိုလ်ချုပ်ပန်းခြံဘက်ပဲ လာခဲ့ပါလား ဝတ်ရည်ရယ်"





တစ်ဖက်က ရှယ်သံ ကြားရသည်။

"လာခဲ့ပါ ကိုချက်ရယ် .. နော်"

ကျွန်တော် ပင့်သက်ရှိုက်မိသည်။ နောက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါတယ်။ ဒါ သွေးရိုးသားရိုး လုံးဝမဖြစ်နိုင်။ ဒါကြောင့် ကျွန်တော် တံတားအတိုင်း ခြေလှမ်းမှန်မှန်နဲ့ လျှောက်လာခဲ့ပါတယ်။

တံတားအလယ်နားအရောက် မျက်နှာချင်းဆိုင်တံတားရဲ့ အဆုံးမှာ ရှက်ဝါက မတ်တတ်ရပ် လက်ပိုက်ပြုံးနေပါတယ်။

ကျွန်တော် ပြုံးလိုက်ပါသည်။ အဲဒါအချိန်မှာ ဖုန်းက ထပ်မြည်လာပြန်ပါသည်။ ဖုန်းနံပါတ်က ယုဝေရဲ့ဖုန်း။ ကျွန်တော့်ရင်ထဲမှာ ဘာစိုးရိမ်စိတ်မှ မရှိတော့။ ခြေလှမ်းကိုရပ်လိုက်သည်။ ကျွန်တော် ရှောင်လင့်ထားတဲ့နေ့တစ်နေ့ကို ရောက်ရှိလာပါပြီ။ ပတ်သတ်မှုတွေနဲ့ နွယ်ဆက်နေကြတဲ့ ဒီမိန်းမသုံးယောက်နဲ့ ကျွန်တော်ချစ်သူ ဖြစ်ခဲ့တာကို။

"ဟလို .. ပြောပါ"

"ဟလို .. ဆရာကြီးရဲ့နောက်ကို လှည့်ကြည့်လိုက်ပါဦး"

ကျွန်တော် နောက်လှည့်ကြည့်တော့ ကျွန်တော် လျှောက်လာခဲ့တဲ့ မိုလ်ချုပ်ပန်းခြံတံတားအစပ်မှာ ယုဝေ ..။

"ကျွန်မတို့သုံးယောက်လုံး ရှင် လိမ်ထားသမျှကို အကုန်သိပြီးပါပြီ ကိုငြင်း"

"ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှဲ့ပြောခြင်း မဟုတ်ပါ။ ဒီဝင့်ကြေးက လွတ်မြောက်ချင်လို့ အမှန်တကယ်ပြောမိခြင်း ဖြစ်သည်။ တစ်ဖက်က ယုဝေ ကျွန်တော့်စကားကြောင့် ခဲ့ပြုံးပြုံးလေမလား။ သူမက ကျွန်တော့်ဆီ လျှောက်လာပါတယ်။ ကျွန်တော်က အလယ်မှာ။ ဝတ်ရည်ရဲ့ခြေလှမ်းတွေကလည်း ကျွန်တော့်ဆီ ..။

"ကို ဆတ် .."

ခပ်ထန်ထန် စကားတစ်ခွန်းကြောင့် ကျွန်တော် လှည့်ကြည့်မိသည်။ ကျွန်တော်နဲ့အနီးဆုံးနေရာက ကောင်မလေး။ ကျွန်တော့်ကို ကျောပေးထားပြီး ထီးနဲ့ကွယ်ကာ ကန်ရေပြင်ကိုငေးကြည့်နေသူ။ သူမ ကျွန်တော့်ဘက် တဖြည်းဖြည်း လှည့်လာပါတယ်။

ကျွန်တော် မျှော်လင့်ထားတဲ့အတိုင်း ရွှေရွက်ဝါ ..။ သူမ ပြုံးသည်။ နူးညံ့ကြင်နာခြင်းတွေပေးမယ့် အပြုံးတော့မဟုတ်ဘူး။ နာကျင်မုန်းတီးမှုတွေကို သယ်ဆောင်လာတဲ့ မုန်တိုင်းဆန်တဲ့အပြုံး။

"ဖြန်း .."

သူပါးတစ်ဖက် ပူထူသွားပါသည်။ ကျွန်တော် အပြုံးမပျက်။ ရွက်ဝါက မျက်ရည်တွေ စီးကျနေပါသည်။

"ဒါက ကျွန်မအစ်မနဲ့ ကျွန်မသူငယ်ချင်းအတွက် .."

"ဖြန်း ..."

"မင်းစိတ်ကြိုက် ရိုက်နိုင်ပါသေးတယ် ရွက်ဝါ"





"တောက် ..."

သူမက တက်ခေါက်ရင်း မျက်ရည်တွေနဲ့ နှုတ်ခမ်းကိုကိုက်သည်။ မင်းတို့လို ငါလည်း နာကျင်ရပါတယ် ရွက်ဝါ။

မကြာမီမှာဘဲ ကျွန်တော် သူမတို့သုံးဦးရဲ့ သုံးပွင့်ဆိုင်အလယ်ကို ရောက် ရှိသွားပါတော့ယ်။ ကျွန်တော် ပိုးဝတ်ရည်ဘက် လှည့်ကြည့်လိုက်သည်။

"ကျွန်တော် မပိုးဝတ်ရည်ရဲ့နှလုံးသားကို ခလောက်ဆန်သလိုဖြစ်မိရင် ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ဖြန်း .."

သူမရဲ့ လက်ဝါးရိုက်ချက်က ပြင်းထန်သည်။ တံတားတစ်ဖက်ဆီဖြတ်မယ့် ကောင်လေးသုံးယောက်က အဲဒီအဖြစ်အပျက်ကြောင့် ထီးစပ်အဟောင်းသားနဲ့ တုံ့ဆိုင်းသွားရင်း ...

"ဟ .. ဆော်တယ်ဟ"

"ရှင့်လို ယုတ်မာကောက်ကျစ်တဲ့ ယောက်ျားမျိုး ကျွန်မ ခွင့်မလွှတ်ဘူး"

ရွက်ဝါပြီးတော့ ယုဝေဘက် ကျွန်တော် လှည့်သည်။

"နှမချင်းမစာနာတဲ့ လူယုတ်မာ .."

"ဖြန်း ..."

ကောင်လေးတွေ ရွက်ဝါနဲ့ ယုဝေရဲ့စကားတွေကြောင့် လှစ်လှစ်



www.burmeseclassic.com

www.burmeseclassic.com



ရှားရှားဖြစ်သွားရင်း ...

"ဒီကောင် မုဒိမ်းကောင်ဖြစ်မယ်"

"အေး .. ကောင်မလေးတွေကို လိုက်ဖျက်ဆီးနေတဲ့ကောင် ဖြစ်မယ် .. ချကွာ"

ရုတ်တရက်မို့ ဝတ်ရည်တို့ မင်သက်သွားသည်။ သတိရချိန်မှာ ကောင်လေးတွေလက်ထဲမှာပါလာတဲ့ အင်ဂျင်နီယာကျောင်းသုံး သံသားပေတံတွေလည်း ကျိုးပဲ့နေသလို ကိုဆက်ခေါင်းမှာလည်း သွေးတွေ ရွှဲနေပါသည်။ စာတားအလယ်မှာမို့ အဖြစ်အပျက်ကလည်း မြန်ဆန်လွန်းတာကြောင့် ဘယ်သူမှ မသိလိုက်ကြ။ ရွက်ဝါတို့ မင်းဆက်နဲ့ ကောင်လေးတွေကြား ဝင်တားလိုက်ရင်း ...

"မဟုတ်ဘူး .. လက်လွန်မယ်"

ကောင်လေးတစ်ယောက်က ဒေါသမပြေသေးဟန်နဲ့ ...

"ဟာ .. အစ်မတို့ကို စော်ကားချင်တိုင်းစော်ကားနေတဲ့သူကို..."

ကောင်လေးစကားကြောင့် ရွက်ဝါတို့ မျက်နှာကို ဘယ်လိုထားရမှန်း မသိတော့။

"ဟာ .. ဘာတွေ လျှောက်ပြောနေတာလဲ"

ယုဝေနဲ့ ဝတ်ရည်က မင်းဆက်ကို တစ်ဖက်စီ တွဲထူသည်။

"ဗျာ!..."

ကောင်လေးတွေ အံ့အားသင့်သွားရင်း တစ်ယောက်ကိုတစ်





ယောက် ကြည့်လိုက်ကြသည်။ ဝတ်ရည်လည်း မထူးတော့ပြီမို့ ရှင်းပြလိုက်ရသည်။

"သူက အစ်မတို့သုံးယောက်လုံးကို တစ်ပြိုင်တည်း ရည်းစားထားလို့ ရှင်းနေတာဟဲ့"

"ဗျာ!..."

"အဲဒီလို .."

ချာတိတ်တွေ အားနာရမလိုလို။ ပြီးတော့ လက်လွန်သွားပြီမို့ ဘာလုပ်လို့ဘာကိုင်ရမှန်း မသိကြတော့..။

"ဟေ့ကောင် သူရ .. မင်း အရင်စတာနော်"

"ဟေ့ကောင်တွေ .. ဒီကိစ္စမှာ အားလုံး တက်ညီလက်ညီ ဝိုင်းဆော်ကြတာပဲ၊ အခုမှ ခေါင်း လာတည်မနေနဲ့"

"ဟို .. အစ်ကိုကြီး .. ကျွန်တော်တို့ .."

ကောင်လေးတွေပုံစံကြောင့် ခေါင်းကသွေးတွေ စီးကျနေလို့ မျက်နှာမှာ သွေးစီးကြောင်းတွေပေကျံနေတဲ့ မင်းဆက်က အားတင်းပြုံးပြရင်း ...

"ရပါတယ်ကွာ၊ ကိစ္စမရှိပါဘူး"

"ဟာ .. အဲလိုမလုပ်ပါနဲ့၊ ကျွန်တော်တို့ပဲ ဆေးခန်းလိုက်ပို့ပေးမယ်၊ တကယ်လို့ အစ်ကိုမကျေနပ်ရင် အမှုဖွင့်ပါ အစ်ကို၊ ကျွန်တော်တို့ အစ်ကိုပေးတဲ့အပြစ်ဒဏ်ကို ခံယူပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးကွာ"

"လာ .. အစ်ကို"

ကောင်လေးတွေက ပျာပျာသလဲ သူ့ကိုတွဲတော့ ဝတ်ရည်က မေ့ပြီး ...

"ကိုချက် .. ဝတ်ရည် လိုက်ခဲ့ ..."

● "အဟမ်း .."

"အဟွတ် .."

ရွှက်ဝါနဲ့ယုဝေဆီက ချောင်းဆိုးသံတွေကြောင့် ဝတ်ရည် စကား ရပ်သွားပါတယ်။ မင်းဆက် အားလုံးကို ပြုံးပြလိုက်ရင်း ...

"အခုလို အဆုံးသတ်သွားတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါ တယ်ဗျာ"

"ကိုဆက် .."

"ကိုချက် .."

"ကိုငြင်း ..."

မင်းဆက် လှည့်မကြည့်တော့။

ကောင်လေးတွေ တွဲခေါ်ရာ နောက်ကိုပဲ လိုက်ခဲ့ပါတော့တယ်။





"အဖြစ်ကတော့ ဒါပါပဲဗျာ"

မင်းဆက်ရဲ့သူငယ်ချင်းတွေဖြစ်ကြတဲ့ အောင်ညီမိမ်းနဲ့ ဖော်ကြီး အပါအဝင် ကိုဖိုးထောင်တို့က တစ်ယောက်တစ်ပေါက်နဲ့ ဘာဖြစ်လို့ သုံးယောက်စလုံးကို ရည်းစားထားဖြစ်ခဲ့သလဲဆိုတဲ့အကြောင်းကို အလုအယက် ရှင်းပြကြပါတယ်။

ကိုဖိုးထောင်က နာမည်ရ အထူးကုအခန်းကြီးရဲ့ သီးသန့်ခန်းထဲ က ခုတင်ထက်မှာ အိပ်စက်အနားယူနေတဲ့ မင်းဆက်ကိုကြည့်ပြီး သက်ပြင်းချကာ ယုဝေ၊ ဝတ်ရည်နဲ့ ရွှက်ဝါတို့ကို အခုလိုပြောခဲ့ပါတယ်။

"တကယ်တော့ မထင်မှတ်ဘဲ ကံကြမ္မာက ခင်ဗျားတို့ နှလုံးသား တွေကို ကျီစားလိုက်သလိုဖြစ်သွားတာပါ။ ဒီကောင်လည်း ခင်ဗျားတို့ကို အပျော်ဆိုတဲ့သဘောမျိုးနဲ့ တွဲတာတော့ မဟုတ်ပါဘူး။ အဲဒီအတွက် သူလည်း ခင်ဗျားတို့တစ်ယောက်ယောက်နဲ့တွဲပြီး အပြင်ထွက်တိုင်း ရင်တထိတ်ထိတ်နဲ့ ကျီးလန့်စာစားရသလို ကြောက်နေရတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရွက်ဝါ ခုတင်ထက်က အိပ်မောကျနေတဲ့ ကိုဆက်ကို သနား ကရုဏာဖြစ်မိသလို အဖြစ်မှန်တွေကြောင့် သံ[illegible]ဥ်မကုန်နိုင်သေးတဲ့မျက်ဝန်းနဲ့ ငေးကြည့်ရင်း ...

"ကိုဆက် ပြောပါသေးတယ်၊ ဗီဒီယိုထဲကလို သူလည်း ရည်းစားသုံးယောက် ရှိတယ်တဲ့၊ အမှန်အတိုင်းပြောတော့ ရွက်ဝါက ဟားတိုက်မိသေးတယ်၊ ကိုဆက်ရယ် .. ရွက်ဝါ မှားမိပါတယ် .."

"အဟမ်း .."

"အဟင်း .."

ဝတ်ရည်နဲ့ ယုဝေရဲ့ ချောင်းဟန့်သံတွေကြောင့် ရွက်ဝါ ဆက်မပြောနိုင်တော့ဘဲ မျက်စောင်းကြီးထိုးပြီး ငြိမ်နေလိုက်ရပါတယ်၊ ကိုဖိုးထောင်က ပြုံးစိစိ၊ အောင်ညီမ်းနဲ့ ဖော်ကြီးက ကျိတ်ရယ်သည်။

ယုဝေကလည်း အခွင့်အရေးရတုန်း ...

"ကျွန်မကိုယ်တိုင်က မေမေအရ ကိုငြင်းနဲ့ ယုဝေ ပေါင်းဖက်ရအောင် ..."

"နင် မုန့်ဖက်ထုပ်လုပ်မလို့လား"

ရွက်ဝါက အမြင်ကပ်ကပ်နဲ့ပြောတော့ ယုဝေ ဗိုလင်အောက်သွားတာကြောင့် မျက်စောင်းထိုးပြီး ...

"ဘာလို့ ငါက မုန့်ဖက်ထုပ်လုပ်ရမှာလဲ"

"ဟဲ့ .. ပေါင်းထားပြီး ဖက်နဲ့ထုပ်မယ်ဆို .."





"ရွက်ဝါနော်၊ နင် ဖို့သူယယ်ချင်းမို့လို့ ကြည့်နေတာ၊ ငါကိုယ်တိုင် ရည်းစားနှစ်ယောက် ထပ်ထားခိုင်းတာကို ပြောနေတာဟဲ့ .."

အရေးထဲ ရန်ဖြစ်နေတာကြောင့် ကိုဖိုးထောင် စိတ်လည်းညစ်မိသလို ရယ်လည်းရယ်ချင်မိပါသည်။

"ဟော .. နိုးလာပြီ"

ဖော်ကြီးစကားကြောင့် ဟိုသုံးယောက်က မင်းဆက် နိုးနိုးချင်း အလုအယက် ဝိုင်းပြောကြပါတယ်။

"ကိုဆက် .. ဘာစားချင်လဲဟင်"

"ကိုချက် .. ညနေ ကြက်ပေါင်းရည်လုပ်ခဲ့မယ်နော်"

"မဖြစ်ပါဘူး၊ ကိုငြင်းကို သင်တန်းကနားပြီး ကိုယ်တိုင် ပြုစုမဖြစ်မှာ ..."

တစ်ယောက်နဲ့တစ်ယောက် အကျော့ပေးချင်ဟန် မရှိကြ။

"မင်းဒဏ်ရာက ဘယ်လိုလဲ .. မင်းဆက်"

အောင်ညီမ်းအမေးကြောင့် မင်းဆက်က ...

"သိပ်မဖြစ်ပါဘူး၊ မနက်ဖြန်ဆို ဆင်းလို့ရပါပြီ၊ ဒဏ်ရာက ငါးချက်ယောက်တော့ ချုပ်ရတာပေါ့"

"ချာတိတ်တွေကိုရော .. အမှုဖွင့်ထားသေးလား"

"ဘာမှုမှမဖြစ်တာကွ၊ သူတို့လည်း လူနာသတင်း လာမေးကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းဆက် ထိုသုံးယောက်ကို တစ်ယောက်မှမကြည့်။ သူတို့လည်း ခေါင်းချင်းဆိုင်ပြီး ဘာတွေ တိုင်ပင်နေကြသည်မသိ။

"ဒါနဲ့ အန်တီတို့ရော .."

"ညနေမှလာမယ်လေ၊ မင်းတို့ ရှိနေတာပဲ၊ ကိုဖိုးထောင်လည်း နေဦးမှာ မှတ်လား"

ကိုဖိုးထောင်က ခေါင်းညိတ်သည်။

"ကိုချက် ..."

ဝတ်ရည် ခေါ်သံကြောင့် မင်းဆက် လှည့်ကြည့်သည်။ ဝတ်ရည် ဆက်ပြောရမလိုလို၊ မပြောရဲသလိုလို ဖြစ်တာကြောင့် ရွှက်ဝါနဲ့ ယုဝေကို ငဲ့စောင်းကြည့်တော့ ယုဝေနဲ့ ရွှက်ဝါက တံတောင်နဲ့တွတ်ရင်း သတိပေးသည်။

"ဘာမေးစရာရှိလို့လဲ ဝတ်ရည်"

ဝတ်ရည် နောက်တော့ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ...

"ကျွန်မတို့သုံးယောက်စလုံး အမှန်အတိုင်း သိချင်တာ တစ်ခုရှိတယ် ကိုချက်"

"ဟုတ်ကဲ့ .. ပြောပါ"

ဝတ်ရည် ကိုချက် မျက်ဝန်းတွေကို စူးစိုက်ကြည့်မိသည်။

"အဲဒီမေးခွန်းကို အမှန်အတိုင်းဖြေပေးပါလို့ ကျွန်မတို့ တောင်းဆိုချင်ပါတယ်" ..





မင်းဆက် ဝတ်ရည်ကို ငေးကြည့်နေသည်။ ဝတ်ရည် ပြောရမယ့် စကားတစ်ခွန်းအတွက် မောပန်းနေမိသည်။

"ကိုချက်ရင်ထဲမှာ ကျွန်မ၊ ရွှက်ဝါနဲ့ ယုဝေအပေါ် ဘယ်သူ့ကို ချစ်ခဲ့မိလဲ၊ အမှန်အတိုင်း သိခွင့်ရချင်တယ်"

ဝတ်ရည် စကားအဆုံးမှာတော့ အခန်းတစ်ခုလုံး တိတ်ဆိတ်သွားပါတယ်။ အဲဒီမေးခွန်းရဲ့အဖြေကို ဝတ်ရည်တို့သုံးယောက်လိုပဲ ကိုဖိုးထောင်တို့အုပ်စုကလည်း တကယ် သိချင်နေခဲ့တာကြောင့် မင်းဆက် ပြောလာမယ့်အဖြေကို စိတ်ဝင်တစား ငေးစိုက်နားထောင်မိကြပါတယ်။

မင်းဆက် ရဲ့နှုတ်ခမ်းအဖွင့်အပိတ်က လက်ဆောင်တစ်ခုဖြစ်ချင်ဖြစ်မယ် ဒါမှမဟုတ် ကံဆိုးတဲ့ဝမ်းနည်းမှုလည်း သူမတို့အတွက် ဖြစ်နိုင်တာပါပဲ။

"ကျွန်တော် ချစ်ခဲ့တယ် .."

အားလုံး ပါးစပ်အဟောင်းသား ..။ သူမတို့ တစ်ယောက်ကို တစ်ယောက် ကြည့်မိသည်။

"ထင်မိတယ်၊ ခင်ဗျားတို့နဲ့ တစ်လွဲတစ်ချော် ရည်းစားဖြစ်တော့ ကျွန်တော် ချစ်ခဲ့တယ် ထင်မိပါတယ်၊ ဒါပေမယ့် ဘယ်သူ့ကိုချစ်မိလဲ ဆိုတာတော့ အဲဒီတုန်းက အဖြေရှာမရခဲ့ဘူး"

"အခုတော့ရော ..."



www.burmeseclassic.com

www.burmeseclassic.com



ရွက်ဝါရဲ့ အလေ့တကြီးအမေးကြောင့် မင်းဆက် ပြုံးမိပါတယ်။

"အဲဒီလို ခင်ဗျားတို့နဲ့ပတ်သက်တဲ့အချိန်ကာလမှာပဲ ကျွန်တော် ဘယ်သူ့ကိုချစ်မိလဲဆိုတာ အခုတော့ သိခဲ့ရတယ်"

"ဘယ်သူလဲဟင် .. ကိုငြင်း"

အခန်းတံခါးတွန်းဖွင့်သံ ကြားရပါသည်။ ရိုးရိုးယဉ်ယဉ်နဲ့ မိန်းကလေးတစ်ယောက်။ ကိုဆက်က ခေါင်းညိတ်ပြသည်။ သူမ လျှောက်လာပါတယ်။ အားလုံး ထိုမိန်းကလေးကို နတ်ပြည်ကဆင်းလာတဲ့ နတ်သမီးတစ်ပါးလို တအံ့တဩ ငေးကြည့်နေကြပါတယ်။

"ခင်ဗျားတို့နဲ့တွေ့လို့ ရောင်ပုန်းရတဲ့အချိန်တွေမှာပေါ့"

ရွက်ဝါ မှတ်မိသွားပါပြီ။ ကိုဆက်ကို ယုဝေတို့သင်တန်းနားမှာ လှစ်ခနဲ တွေ့လိုက်ရပြီး ကိုယ်ယောင်ဖျောက်သွားတဲ့အချိန် ကားနဲ့ ထိလိုက်ရောင်းတဲ့ကောင်မလေး ..။

"သူနာမည်က စိုးလဲ့ရည်မိုး တဲ့၊ ကားနဲ့ထိလိုက်ရောင်းတဲ့ ကောင်မလေးပေါ့၊ သူ့ကိုချစ်မိတာ ခင်ဗျားတို့ကျေးဇူးပါ"

ပါးကွက်ကျားလေးနဲ့ မိန်းကလေးက ရှက်သွေးဖြာပြီး ခေါင်းငုံ့သွားပါတယ်။ သူမတို့ ကျေနပ်ကြပါတယ်။ ဝတ်ရည်က ပြုံးလိုက်ပေမယ့် မျက်ရည်တွေက စေ့လို့ပါ။

"အခုလို ဖြေရှင်းပေးတဲ့အတွက် ကိုချက်ကို ကျေးဇူးတင်ပါတယ်၊ နောင်လည်း မိတ်ဆွေတစ်ယောက်လို ဆက်ပြီး ခင်မင်နိုင်ပါတယ်"





ကျန်နှစ်ယောက်ကလည်း မျက်ရည်စိုသွားကြသည်။

"သွားမယ်နော်"

အသီးသီး နှုတ်ဆက်ပြီး ထွက်သွားကြပါတယ်။ သူတို့ထွက်သွားပြီး အတော်ကြာမှ ကိုဖိုးထောင်က ဝမ်းသာအားရနဲ့ မင်းဆက်ကို သတ်ဆွဲနှုတ်ဆက်ကာ ...

"ဟာ .. ကွန်ဂရက်ကျူလေးရှင်း မင်းဆက်၊ အခုလို အချစ်ကို သိခွင့်ရလိုက်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်ကွာ"

"ဘရာဗို .. မင်းဆက်"

ဟိုနှစ်ကောင်ကလည်း ဩဘာပေးသည်။ မင်းဆက်နဲ့ စိုးလဲ့လည်း ရပ်တည်တွေနဲ့ဖြစ်နေတာကြောင့် ဟိုလူတွေ ဘာဆက်ပြောရမှန်းမသိဘဲ ကြောင်တောင်တောင်နဲ့ကြည့်နေတာကြောင့် ပထမဆုံး အူလှိုက်သည်းလှိုက် ထရယ်သူက မင်းဆက်၊ နောက်ပြီးတော့ စိုးလဲ့။

သူတို့ အူလှိုက်သည်းလှိုက်ရယ်နေပုံကြောင့် ကိုဖိုးထောင် နောက်ပြီးတော့ ဖော်ကြီး၊ နောက်ဆုံး အောင်ညီမိုး ..။

စိတ်ကျေနပ်လောက်အောင် ရယ်မောပြီးတော့ ကိုဖိုးထောင် အကျီစနဲ့ မျက်ရည်ကိုသုတ်ရင်း ...

"မင်းတို့နှစ်ယောက်က ဘာကိုရယ်တာလဲ"

ကိုဖိုးထောင်စကားကြောင့် စိုးလဲ့က မင်းဆက်ကို မျက်စပစ်ပြတော့ မင်းဆက် မထိန်းနိုင်ဘဲ ရယ်တော့ စိုးလဲ့ကပါ လိုက်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူသုံးယောက်က လိုက်မရယ်နိုင်ဘဲ ကြောင်တောင်တောင်။

*အခန်းတံခါး ပွင့်လာပါတယ်။ ကုပ်ချောင်းချောင်းနဲ့ ဝင်လာသူ*တွေက မင်းဆက်ကို ပန်းခြံမှာ အမြင်မှားပြီး ရိုက်လိုက်တဲ့ကောင်လေးတွေ၊ နောက်ဆုံးမှာ မျက်နှာခက်ထန်ထန်နဲ့ လူကြီးလူကောင်းဆန်ဆန် စတိုင်ကျကျနဲ့ အသက်ကြီးကြီးလူတစ်ယောက်။ ထိုလူကြီးက မင်းဆက်ကို ပြောပါတယ်။

"ဟိုကောင် .. ဆေးရုံက မနက်ဖြန်ဆင်းတော့"

မင်းဆက်က မရယ်မိအောင် နေရင်း ...

"ဟုတ်ကဲ့ .. အန်ကယ်ရျော"

အန်ကယ်ရျောဆိုတဲ့ပုဂ္ဂိုလ်ကြီးက မင်းဆက်ကို မကျေနပ်ဟန်နဲ့ ကြည့်ပြီး ပြန်ထွက်သွားတော့မှ နောက်ဆုံးက ကောင်လေးက တံခါးကို အသာပိတ်သည်။ တံခါးပိတ်ပြီးတာနဲ့ အဲဒီကောင်လေးသုံးယောက်နဲ့ မင်းဆက်၊ စိုးလှဲ့တို့ ရယ်လိုက်ကြတာ ပြောမနေပါနဲ့တော့။

ကိုဖိုးထောင်တို့က ကြောင်တောင်တောင်နဲ့ ဟိုကြည့်ဒီကြည့်ပေါ့။

"ဘာတွေဖြစ်နေကြတာလဲကွ၊ ငါတို့ကိုလည်း ပြောပြပါဦး"

ဖော်ကြီးက ကြောင်စိစိနဲ့ အောင်ညီမိုးကို အစုလိုပြောသည်။

"ဒီကောင် ခေါင်းထိသွားပြီး ရူးကြောင်မူးကြောင်ဖြစ်သွားတာ ဘင်တယ်"

"အေး .. ဖြစ်နိုင်တယ်"





သူတို့ရဲ့ မှတ်ချက်ချတဲ့အသံတွေကြောင့် မင်းဆက်က ...

"စိုးလှဲ့ .."

စိုးလှဲ့ က ခေါင်းညိတ်ပြုံးပြကာ ...

"အမှန်တော့ စိုးလှဲ့နဲ့ ကိုဆက်က ဘာမှမဟုတ်ကြဘူး"

"ဟေ .."

"ဘာမှမဟုတ်ကြဘူးဆိုတော့ ..."

နားမရှင်းတာကြောင့် ကိုဖိုးထောင်က ဆက်မေးတော့ စိုးလှဲ့က လွှတ်လွှတ်လပ်လပ် ရယ်ရင်း ...

"ဘာမှမဟုတ်ကြဘူးဆိုတာ ဘာမှမဟုတ်ကြလို့ပေါ့၊ ဘာမှ မဟုတ်တာလေ"

"ဪ .. ဘာမှမဟုတ်တာပေါ့၊ ဟာ .. ရှုပ်နေတာပဲ၊ ဘာမှ မဟုတ်တာလေးနဲ့ .."

ကိုဖိုးထောင် ပြောရင်း ခေါင်းရှုပ်လာကာ ပြောတော့ ရယ်သံတွေ ဆူညံသွားပါကွယ်။ မင်းဆက် ဝင်ရှင်းရပါတယ်။

"သူတို့သုံးယောက် ပေါင်းဆုံမိပြီး ငါ့ကို ချောင်ပိတ်ဖမ်းတော့မယ်ဆိုတာ ငါ ကြိုသိခဲ့ရတယ်၊ အဲဒီလို သိခွင့်ရတာက .. ကိုညီ .."

ချာတိတ်သုံးယောက်ထဲက ပါးချိုင့်လေးနဲ့ကောင်လေးက ...

"ကျွန်တော်နဲ့ ကျွန်တော့်ကောင်မလေး ကော်ဖီဆိုင်မှာ ကော်ဖီသောက်နေတုန်း ဘေးဝိုင်းက အစ်မကြီးနှစ်ယောက်ရဲ့ ပြောဆိုသံတို



www.burmeseclassic.com

www.burmeseclassic.com



ကြားမိလိုက်တယ်၊ ပထမတော့ ကိုဆက်လို့ ကြားပေမယ့် တခြားလူပဲ ထင်တာပေါ့၊ အဟဲ .. သူတို့ကိစ္စက နားထောင်နေရင်းနဲ့ စိတ်ဝင်စားစရာကောင်းလာတယ်၊ ဘယ်လောက်ထိ စိတ်ဝင်စားစရာကောင်းသလဲ ဆိုရင် ကျွန်တော်နဲ့ ကျွန်တော့်ကောင်မလေး ကော်ဖီသောက်ရင်း စကားလမ်းတစ်ပုဒ် နားထောင်နေရသလိုပဲ၊ အဲဒီအထိလည်း ကျွန်တော့် အစ်ကိုဝမ်းကွဲ ကိုဆက်မှန်း မသိသေးဘူး၊ အဲ .. နောက်တစ်ယောက်.. ဘယ်သူ .."

"ပိုးဝတ်ရည်လေကွာ၊ မင်းကလဲ .."

ကိုညီ့သားကကောင်လေးက ပြောတော့ ကိုညီက ...

"အငယ်ကောင်နော်၊ ဒါမျိုးတော့ရတယ်၊ စာမေးလိုက်ရင်တော့ တအုပ် ခေါင်းမိုးဆိုးပြီး ..."

ကိုညီ့စကားကြောင့် အားလုံးရယ်ကြပြန်ပါသည်။

"ကဲ .. ပြောစမ်းပါကွာ၊ ကောင်းခန်းရောက်နေပြီ"

ကိုဖိုးထောင်က စိတ်မရှည်စွာပြောတော့ ကောင်လေးက ရယ်ကျဲ ကျဲနဲ့ ...

"အဲ .. မပိုးဝတ်ရည် ရောက်လာတော့ အဲဒီအစ်မကြီး အမှန်အတိုင်းသိသွားပြီး မျက်ရည်သုတ်တော့မှ ကိုဆက်အိမ်ကိုလာတုန်းက ကိုဆက်ပြတဲ့ဓာတ်ပုံထဲက အစ်မကြီးနဲ့တူတယ်လို့ထင်ပြီး အပြန်မှာ ကိုဆက်ဆီကို ဖုန်းဆက်ကြည့်လိုက်တယ်၊ အဲဒီမှာ ကျွန်တော့်အထင်





မှန်တယ်ဆိုတာ သိလိုက်ရတယ်လေ၊ ကျွန်တော်လည်း ကိုဆက် သူတို့သုံးယောက် ပညာပေးမယ့်အစီအစဉ်ကို ဆိုင်မှာ သူတို့ကိုင် တုန်းက သိထားတာဆိုတော့ ကိုဆက်ကို ပြောပြလိုက်တယ်၊ အဲဒီ တင် ကိုဆက်က ကျွန်တော်တို့ဝမ်းကွဲ ညီအစ်ကိုသုံးယောက်ရဲ့ ကိုဆက် သူငယ်ချင်း မမစိုးလဲ့ကိုခေါ်ပြီး သူ့အစီအစဉ်အတိုင်းလုပ်ကြဖို့ ပြော တယ်၊ ဒါပါပဲ"

အောင်ညီမိုးက တအံ့တသြနဲ့ ..

"ဒါဆို .. အရိုက်ခံရတုန်းကထွက်တဲ့ သွေးတွေက .."

ကိုညီက စပ်ဖြဲဖြဲနဲ့ ...

"ဆိုးဆေးတွေ .."

"မင်းတို့ကျောင်းမှာသုံးတဲ့ အင်ဂျင်နီယာသုံးဖော်တွေက .."

"ဟိဟိ .. ကျွန်တော့်သူငယ်ချင်းအဖေက ရုပ်ရှင်ရိုက်ကွင်းမှာ အတုလုပ်တဲ့သူ ..."

ကိုဖိုးထောင် သဘောပေါက်ဟန်နဲ့ ...

"ခွေးကောင် .. ငါတို့ကိုတောင် ပြောမထားဘူး"

မင်းဆက်က ပခုံးတွန့်ပြရင်း ...

"ခင်ဗျားတို့ကို ပြောလိုက်ရင် သရုပ်မပေါ်တော့ဘဲ ဖြစ်သွားမှာစိုး လို့ပေါ့ဗျ"

"နေပါဦး၊ ဆေးရုံကို ဘယ်လိုလုပ်လာတက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးထောင်အမေးက ကောင်လေးတွေနဲ့ မင်းဆက်အတွက် ရယ်စရာ။

"ဒီပုဂ္ဂလိက အထူးကုဆေးရုံမှာ ဆေးရုံအုပ်ကြီးက ဒီကောင် ကိုညီရဲ့အဖေ၊ ကျွန်တော့်ဘကြီး။ ခုနကတွေ့လိုက်တဲ့ အန်ကယ်ချော လေ၊ ဖေဖေက အန်ကယ့်ကို ကျွန်တော် ပရက်ရှာတွေဝင်နေလို့ လာ အနားယူတာလို့လိမ်ပြီး ဆေးရုံတက်တာ၊ ပတ်တီးကတော့ အရှင်ပေါ့ဗျ"

မင်းဆက်က သူ့ခေါင်းကပတ်တီးကို အခွေလိုက် ခေါင်းမှာ ခပ် လွယ်လွယ် စွပ်လိုက်၊ ဖြုတ်လိုက် လုပ်ပြပါတယ်။

"ဟဲ ဟဲ .. မင်းသားခေါင်းပေါင်းတွေလိုပေါ့"

"တကယ် .. ကလိန်ကကျစ်ကောင်တွေကွာ .."

ရယ်သံတွေ ဆူညံသွားပါတယ်။ မင်းဆက် သက်ပြင်းချရင်း ..

"ဒီလိုမလုပ်လို့မဖြစ်ဘူးလေ၊ ပြီးတော့ တကယ်မချစ်ဘဲ သူတို့ ကိုတွဲရတာ အားနာတယ်"

"ခွေးကောင် .."

ကိုဖိုးထောင်က ဆဲသည်။ စိုးလဲ့က ထိုင်ရာမှထရင်း နှုတ်ဆက် သည်။

"ကိုဆက် .. စိုးလဲ့ သွားတော့မယ်၊ အလုပ်ကိစ္စရှိသေးတယ်။ နောက်မှတွေ့တာပေါ့"

"ကူညီတဲ့အတွက် ကျေးဇူးပဲနော်"





စိုးလဲ့က ရယ်သည်။

"မမစိုးလဲ့ .. သားတို့လည်း ပြန်မှာ၊ လိုက်ပို့ပေးမယ်"

"ကောင်းတာပေါ့ဟ"

"ကိုဆက် ဆေးရုံကဆင်းရင် သားတို့သုံးယောက်ကို လိုက်ပြုစုဖို့ သိတယ်နော်"

"သိပါတယ် ကိုညီရာ၊ စိတ်ချ .."

"သွားပြီ အစ်ကိုကြီးတို့"

ကောင်လေးတွေနဲ့ စိုးလဲ့တို့ ဆူညံပြင်းခုန်ရင်းထွက်သွားတော့ ဇော်ကြီးက ...

"မင်းကွာ .. ဘယ်သူ့ကို အခုထိချစ်မိမှန်း မသိရတာလဲ၊ တစ် ယောက်ယောက်ကို ရွေးလိုက်ပေါ့"

"အေးလေ .."

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတော့မှ မင်းဆက်က ခုတင် ဝေါ်မှထရပ်ရင်း ခေါင်းအုံးအောက်က ဘူးတစ်ဘူးကို ဇော်ကြီးကို လှမ်းပေးသည်။ ပြီးတော့ မင်းဆက် ပြောတာက ...

"ငါ ဘယ်သူ့ကို အခုထိ ချစ်မိမှန်း ..."

ပေးလည်းပေးတယ်၊ ရယ်လည်းရယ်တယ်။ ဇော်ကြီးက ဘူးကိုမန်း ထတန်း ဖွင့်ကြည့်ပါတယ်။ ကိုဖိုးထောင်၊ ဇော်ကြီးနဲ့ အောင်ညီမိုး ခေါင်း ချင်းဆိုင်ပြီး ဘူးထဲကအရာကို အသည်းအသန်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးထောင်က ..

"ဘာကြီးလဲဟ၊ လက်တစ်ဆစ်လောက်ရှိတဲ့ သတင်းစာစက္ကူ။ ပြီးတော့ စက္ကူမှာလည်း ဘာတွေပေနေမှန်း မသိ၊ မင်း တကယ့် ဂေါက်ပဲ"

ဘာမှမဟုတ်တာကြောင့် အောင်ညိမ်းကလည်း နှာခေါင်းရှုံ့ပြီး...

"အေးလေ .. ဘာများလဲလို့ .."

ဒါပေမယ့် ဇော်ကြီး ပါးစပ်အဟောင်းသားနဲ့ ပြုံးရှင်သွားကာ မင်းဆက်ကို ကမန်းကတန်းမော့ကြည့်သည်။

ဘယ်သူမှမသိလိုက်ပါဘူး။ မင်းဆက် ဇော်ကြီးကို မျက်လုံးမှိတ် ပြလိုက်တာ ..။ အသာနေပေါ့။

မျက်စနဲ့ဖြစ်သွားတဲ့အခိုက်အတန့်လေးမှာ အဲချစ်သည် ဝေါ် ပေါက်နိုင်တာ ကျွန်တော် သိလိုက်ပါတယ်။

ဘယ်သူ့ချစ်မိ အစုထိ မသိ၊

ရှုံးသွားမိတာ ဖေတာ ...။

ဒီနိုင်းခ



www.burmeseclassic.com